# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)


၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက် | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၁၈၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် ရှရီ ဟာ့ရှ် ဗာ့ဒ်ဟန် ရှရင်ဂလာ အား လက်ခံတွေ့ဆုံ

## နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်မည့် အခြေအနေများဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် ရှရီ ဟာ့ရှ် ဗာ့ဒ်ဟန် ရှရင်ဂလာ အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် ရှရီ ဟာ့ရှ် ဗာ့ဒ်ဟန် ရှရင် ဂလာ အား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ စာမျက်နှာ ၄ ကော်လံ ၁ ✻


**ယနေ့ ဖတ်စရာ**

လွတ်လပ်ရေးကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ ထားရှိနိုင်ကြပါစေ — ဆောင်းပါး စာ - ၈

ကျန်းမာရေးကောင်းပါက ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ဂျိုးဘိုင်ဒင်ပြော — နိုင်ငံတကာသတင်း စာ - ၁၄

မြန်အောင်မြို့နယ် မမြေရလှောင်တမံမှ နွေစပါး ဧက ၅၅၀၀ စိုက်ပျိုးရန် ရေပေးဝေသွားမည် — ပြည်တွင်းသတင်း စာ - ၂၂

# ခန္တီ၊ မေတ္တာ၊ ကရုဏာနှင့် ခရစ္စမတ်အခါသမယ

မြန်မာနိုင်ငံသည် ဘာသာရေးလွတ်လပ်မှုရှိသည့်နိုင်ငံဖြစ်သည်။ ဥပဒေများနှင့် မဆန့်ကျင်ပါက၊ တိုင်းရင်းသားလူမျိုးများနှင့် အခြားဘာသာ သာသနာများကို ထိခိုက်နစ်နာမှုမရှိပါက မိမိတို့ ကိုးကွယ်သည့် ဘာသာ သာသနာကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုထားသည့်နိုင်ငံလည်း ဖြစ်သည်။ နိုင်ငံသားအများစု ကိုးကွယ်သည့် ဗုဒ္ဓဘာသာ သာသနာနှင့်တကွ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူဘာသာ သာသနာတို့အပြင် နတ်ကိုးကွယ်သော ဘာသာတို့ကိုပါ အသိအမှတ်ပြုထားသည်။ အသိအမှတ်ပြုထားသည့် ဘာသာ သာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်ဟုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်။

ဘာသာတရားယုံကြည်ကိုးကွယ်မှုများက လူသားတို့အတွက် အရေးကြီးသည်။ ဘာသာတရားက လူတို့၏ ကိုယ်ကျင့်တရားများကို ချမှတ်ပေးသကဲ့သို့ လူ့ယဉ်ကျေးမှုများကိုလည်း ပုံဖော်ပေးသည်။ လူသားတစ်ဦးနှင့်တစ်ဦးအကြား မေတ္တာထားရန်၊ သည်းခံခွင့်လွှတ်ရန်၊ ကူညီဖေးမရန်၊ သနားကရုဏာထားရန် လမ်းညွှန်ပြသပေးပြီး အမုန်းတရားနှင့် ရန်ငြိုးရန်စ အာဃာတတို့ကို စွန့်ပယ်ရန်၊ အကြမ်းဖက်မှု ဖျက်ဆီးမှု၊ သတ်ဖြတ်ညှဉ်းဆဲမှု၊ ဒုစရိုက်အစုစုတို့ကို ရှောင်ကြဉ်ရန်ဆုံးမခြင်းဖြင့် လူ့ဘောင်လောကကို ငြိမ်းချမ်းစေရန်၊ သာယာဝပြောစေရန် ဘာသာတရားအသီးသီးတို့က စောင့်ရှောက်ပေးထားသည်။

နှစ်စဉ် ဒီဇင်ဘာလ ခရစ္စမတ်အခါသမယသို့ ရောက်သည်နှင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် ယဉ်ကျေးမှု ဓလေ့ထုံးစံများအလိုက် မွေးနေ့တော်ဆိုင်ရာ ပွဲလမ်းသဘင်များကို ကျင်းပကြပြီး လူတစ်ဦးနှင့်တစ်ဦး မေတ္တာ၊ ကရုဏာတို့ကို ပြသကြသည်။ ပျော်ရွှင်ခြင်း၊ ဝမ်းမြောက်ခြင်းတို့ကိုလည်း ပြသကြသည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာနှင့်အတူ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ စသည့်ဘာသာသာသနာတို့ ရာစုနှစ်များစွာကပင် ယုံကြည်ကိုးကွယ်သူများနှင့်တကွ ရှိခဲ့ကြပြီး သဟဇာတရှိရှိ စည်းစည်းလုံးလုံး နေထိုင်ခဲ့ကြသည်။ အမိနိုင်ငံတော်၏ သမိုင်းကြောင်းတစ်လျှောက်တွင် နိုင်ငံ့အကျိုးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ယခုနှစ် ခရစ္စမတ်ကာလတွင် မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှု တားဆီးကာကွယ်တိုက်ဖျက်ရေး၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဖော်ထုတ်တားဆီးရေးတို့အတွက် အစိုးရ၊ တပ်မတော်နှင့် အေးချမ်းတည်ငြိမ်မှုကိုလိုလားသည့် ပြည်သူများ ပူးပေါင်းဆောင်ရွက်နေကြရသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ စိန့်မေရီကယ်သီဒြယ်ဘုရားရှိခိုးကျောင်းအနီးရှိ ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် ချားလ်စ်ဘို၏ ကျောင်းတိုက်၌ကျင်းပသော ၂၀၂၁ ခုနှစ် ခရစ္စမတ်နေ့အထိမ်းအမှတ် စုပေါင်းဂုဏ်ပြုဆုတောင်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "နိုင်ငံတော်အေးချမ်းသာယာဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်မှုများအပြင် ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့ကလည်း ကဏ္ဍအသီးသီးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းလိုသည့်၊ ဖွံ့ဖြိုးတိုးတက်စေလိုသည့် စိတ်ဆန္ဒရှိရန် အဓိကအရေးကြီးပါကြောင်း" ဖြင့် ဆုတောင်းစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဘာသာရေးသည် လူသားတို့အတွက် စိတ်ဝိညာဉ်ဆိုင်ရာ ယုံကြည်မှု၊ ခိုလှုံမှုဖြစ်သကဲ့သို့ပင် ကြီးမားသည့် အင်အားလည်း ဖြစ်သည်။ လူသားတို့ကောင်းကျိုးအတွက် အလိုရှိအပ်သည့် ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဘာသာရေးအပိုင်းမှ ဆောင်ရွက်ခြင်းကလည်း အကျိုးကျေးဇူးကြီးမားစွာ ပေါ်ထွက်လာမည်မှာ ဧကန်မလွဲပင်ဖြစ်သည်။ ခရစ္စမတ်အခါသမယတွင် ပျော်ရွှင်ချမ်းမြေ့ခြင်းနှင့်အတူ ခန္တီနှင့်မေတ္တာကို အခြေခံကာ နိုင်ငံငြိမ်းချမ်းသာယာဝပြောရေး၊ နိုင်ငံသူ နိုင်ငံသားများ နှလုံးစိတ်ဝမ်း ချမ်းမြေ့စေရေးဟူသော ဆန္ဒမွန်ဖြင့် အတူတကွ ဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၂။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံ ပေါ်ထွန်းလာစေရေး။

၃။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားအားလုံး စည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး။

၄။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေး။

## မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဂျေ၊ အမ်၊ ဂျန်နကာ ပရီယန်သာ ဘန်ဒါရာ အား ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ လင်ဒါမူလက် နာလင်း ကူမား ဒီဆေးဗား နေရာတွင် မစ္စတာ ဂျေ၊ အမ်၊ ဂျန်နကာ ပရီယန်သာ ဘန်ဒါရာ အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ဂျေ၊ အမ်၊ ဂျန်နကာ ပရီယန်သာ ဘန်ဒါရာ ကို ၁၉၆၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် မွေးဖွားခဲ့ပြီး ကိုလံဘိုတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို ၁၉၉၃ ခုနှစ်တွင်ရရှိခဲ့သည်။ ၎င်းသည် ၁၉၉၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ အလွှတ်တန်းရှေ့နေအဖြစ်လည်းကောင်း၊ တွဲဖက်ခရိုင်တရားသူကြီးအဖြစ်လည်းကောင်း၊ ပိုင်ဆိုင်မှုနှင့် မြေယာစီမံခန့်ခွဲရေးဆိုင်ရာ အစိုးရရှေ့နေအဖြစ်လည်းကောင်း ရာထူးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၈ ခုနှစ်မှစ၍ သမ္မတဟောင်း မစ္စတာမဟင်ဒါရာဂျာပက်ဆာ၏ သာသနာရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ ၂၀၀၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အာရပ်စော်ဘွားများ ပြည်ထောင်စုဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဆာဘာရာဂမူဝါပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ လွှတ်တော်ကိုယ်စားလှယ် (အမျိုးသားစာရင်း) အဖြစ်နှင့် လွှတ်တော် ပြည်သူ့အသနားခံစာတင်သွင်းရေးကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအလွန်ကာလတွင် သမ္မတဟောင်း မစ္စတာမဟင်ဒါရာဂျာပက်ဆာ၏ ညှိနှိုင်းရေးမှူးအဖြစ် လည်းကောင်း၊ ၂၀၁၆ ခုနှစ်မှစ၍ အလွတ်တန်းဥပဒေရေးရာဝါရင့်အကြံပေးအဖြစ်လည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလမှ ဒီဇင်ဘာလအထိ သမ္မတဟောင်း မစ္စတာမဟင်ဒါရာဂျာပက်ဆာမှ ဘဏ္ဍာရေးဝန်ကြီးအဖြစ် ဆောင်ရွက်စဉ် ၎င်း၏ ကိုယ်ရေးအရာရှိအဖြစ်လည်းကောင်း၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လအထိ ဝန်ကြီးချုပ် မစ္စတာ မဟင်ဒါရာဂျာပက်ဆာ၏ လွှတ်တော်ကိစ္စရပ်များဆိုင်ရာ အတွင်းရေးမှူးအဖြစ်လည်းကောင်း အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်မှ ယနေ့အထိ နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီမှု ရရှိထားသူဖြစ်ပြီး လက်ရှိတွင် နိုင်ဂျီးရီးယားနိုင်ငံရှိ သီရိလင်္ကာသံရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

သတင်းစဉ်

## ဘိုးဘွားတို့အမွေ တို့မြန်ပြည်

"မရှိအတူ ရှိအတူ"မှ
ပြည်သူတစ်သင်း၊ ညီညွတ်ခြင်းနှင့်
ချစ်ခြင်းညီမျှ၊ ပေါ်ကြွယ်ဝဖို့
စွမ်းစပို့ဆောင်၊ ပြည်ထောင်စုသား
အများတောင့်တ "တရားမျှတ
လွတ်လပ်ကြခြင်း"၊ အားမာန်တင်းလျက်
အသက်သွေးချွေး၊ စတေးရယူ
အောင်လံထူခဲ့ တို့မြန်ပြည်။

"အေးအတူ ပူအမျှ ခံယူကြ" ၍
"ခွင့်တူညီမျှ၊ ဝါဒဖြူစင် "
ကြည်လင်ငြိမ်းချမ်း၊ ရှေ့သို့လှမ်း၍
ငြိမ်းချမ်းလူ့ဘောင်၊ ကြိုးပမ်းဆောင်ကြ
အောင်မြင်ကြစေ တို့ရဲ့မြေ။

ကိုယ့်ခွန်ကိုယ့်အား၊ ကိုယ့်အင်အားနှင့်
ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်အမျိုးသား
ကျိုးစီးပွားသာ၊ ယုံကြည်စွာထား

"ပြည့်အင်အားဟာ၊ ပြည်တွင်းမှာရှိ"
မြတ်အသိစိတ်၊ လွှမ်းဖိတ်ရွှင်ပြုံး
စည်းလုံးစွာနေ တို့တစ်တွေ။

"သမဂ္ဂါနံ့ တပေါ သုခေါ"
ဗုဒ္ဓဟောကြား၊ မြတ်တရားလာ
"ညီညွတ်ခြင်းဟာ၊ ချမ်းသာရာအကြောင်း"
အကျင့်ကောင်းနှင့်၊ နည်းကောင်းကျင့်ထုံး
ကိုယ်စီသုံးကာ၊ ပြည်ရွာသာကြောင်း
ရန်အောင်ကြောင်းမို့၊ စုပေါင်းညီညာ
ခါခါရှေးရှု၊ လွတ်လပ်မှုတွေ
ပြည်ထောင်စုအမွေ၊ ငါတို့မြေတွင်
အစဉ်တည်တံ့ ခိုင်ခံ့စေ။
လက်တွဲကာကွယ် ညီကြစေ။
တို့ပြည် တို့မြေ ဘိုးဘွားအမွေ။ ။

ကျော်စွာမိုးနိုင်



## စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိ ကြောင်း သိနိုင်မယ်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၁-၂-၁၉၄၇ ရက်နေ့ည ပင်လုံမြို့၌ စော်ဘွားများ တည်ခင်းကျွေးမွေးသော ထမင်းစားပွဲတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# နောက်လိုက်ကောင်းဖြစ်မှ ခေါင်းဆောင်ကောင်းဖြစ်မည်ဖြစ်သဖြင့် နောက်လိုက်ကောင်းများဖြစ်လာစေရေး သင်တန်းများတွင် စနစ်တကျ လေ့ကျင့်ဆောင်ရွက်ပေးရန်လို






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)တို့မှ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများနှင့် သင်္ဘောအရာရှိများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၃

**နောက်လိုက်ကောင်းဖြစ်မှ ခေါင်းဆောင်ကောင်းဖြစ်မည်ဖြစ်သဖြင့်** နောက်လိုက်ကောင်းများ ဖြစ်လာစေရေး သင်တန်းများတွင် စနစ်တကျ လေ့ကျင့်ဆောင်ရွက်ပေးရန်လိုကြောင်း၊ လေ့ကျင့်သင်ကြားပေးနေသူ နည်းပြများအနေဖြင့် သင်တန်းသားများအား အရေအတွက်ထက် အရည်အချင်းပြည့်ဝစေရေး လေ့ကျင့်ဆောင်ရွက်၍ စစ်သားကောင်းဖြစ်အောင် လေ့ကျင့်ပေးရန်လိုကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်၏ ကျောရိုးမဏ္ဍိုင်ဖြစ်သဖြင့် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်စေရေး အဓိကထား လေ့ကျင့်ဆောင်ရွက်ပေးရန်လိုကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ မွန်းလွဲပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)တို့မှ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများနှင့် သင်္ဘောအရာရှိများအား ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံတပ်နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများနှင့် သင်္ဘောအရာရှိများ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်နှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်မျိုးတင်တို့က ၁၉၉၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)တို့မှ အရာရှိများ လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့မှု၊ စာပေသင်ကြားပေးနိုင်ခဲ့မှုနှင့် လက်ရှိတာဝန်ထမ်းဆောင်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### မွေးထုတ်ပေးလျက်ရှိ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ရေးပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ ပြောကြားရာ၌ တပ်မတော်တွင် လေ့ကျင့်ရေးသည် အရေးကြီးကြောင်း၊ စွမ်းရည်ထက်မြက်ရေးအတွက် စစ်ရေးစွမ်းရည်၊ စည်းရုံးရေးနှင့် အုပ်ချုပ်ရေးစွမ်းရည်တို့ဖြစ်ကြောင်း၊ အသိပညာနှင့်အတတ်ပညာများ ပေါင်းစပ်ဆောင်ရွက်ရခြင်းဖြစ်ပြီး တွေးခေါ်ကြံဆမှုများဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စစ်တက္ကသိုလ်နှင့်တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) တို့သည် စစ်ဘက်ခေါင်းဆောင်များကို တိုက်ရိုက်မွေးထုတ်ပေးပြီး ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် စသည့် တက္ကသိုလ်များသည် သက်ဆိုင်ရာဘာသာရပ်များ တတ်ကျွမ်းသည့် စစ်ဘက်ခေါင်းဆောင်များ မွေးထုတ်ပေးလျက်ရှိကြောင်း၊ သင်တန်းကျောင်းများတွင် စစ်ပညာများ သင်ကြားပေးလျက်ရှိသကဲ့သို့ အတန်းပညာများကိုလည်း သင်ကြားပေးလျက်ရှိကြောင်း၊ တပ်မတော်တက္ကသိုလ်များနှင့် ပြင်ပတက္ကသိုလ်များသည် သင်ကြားရေးနှင့်ပတ်သက်၍ ကွာခြားမှုများရှိကြောင်း၊ ပြင်ပတက္ကသိုလ်များသည် မိမိကိုယ်တိုင်လေ့လာမှုများကို ဆောင်ရွက်၍ လက်တွေ့လေ့ကျင့်ခန်းများကို ကိုယ်တိုင်တွေးခေါ်မှုနှင့်ဆောင်ရွက်ပြီး စာမေးပွဲဖြေဆိုမှုများကို ပြုလုပ်ရကြောင်း၊ တပ်မတော်တက္ကသိုလ်များသည် ဘာသာရပ်များအလိုက် အချိန်ပြည့်သင်ကြားသည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ကျက်မှတ်ရသည်များရှိသကဲ့သို့ ဖတ်ရှုလေ့လာရသည်များလည်း ရှိကြောင်း။

❖ **ချွေးထွက်များမှ သွေးထွက်နည်းမည်ဖြစ်သဖြင့် မိမိတို့လေ့ကျင့်မွေးထုတ်ပေးလိုက်သည့် အနာဂတ်ခေါင်းဆောင်များကို လေ့ကျင့်သားပြည့်ဝပြီး တပ်မတော်က အားကိုးအားထားရသူများ ဖြစ်လာစေရန် စနစ်တကျ လေ့ကျင့်ပေးရန်လို**

❖ **ထို့ကြောင့် သက်ဆိုင်ရာအဆင့်အလိုက် သင်ကြားပေးလိုက်သည့် ဘာသာရပ်များအား အမှန်တကယ်တတ်ကျွမ်းပြီး လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်စေရေး လေ့ကျင့်သင်ကြား**

### စနစ်တကျလေ့ကျင့်ပေးရန်လို

ချွေးထွက်များမှ သွေးထွက်နည်းမည်ဖြစ်သဖြင့် မိမိတို့လေ့ကျင့်မွေးထုတ်ပေးလိုက်သည့် အနာဂတ်ခေါင်းဆောင်များကို လေ့ကျင့်သားပြည့်ဝပြီး တပ်မတော်က အားကိုးအားထားရသူများ ဖြစ်လာစေရန် စနစ်တကျ လေ့ကျင့်ပေးရန်လိုကြောင်း၊

*စာမျက်နှာ ၄ သို့*

* ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ အစိုးရနှင့် တပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် သွားရောက်ခဲ့မှု အခြေအနေ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကြောင့် နှစ်နိုင်ငံ ကုန်သွယ်ရေးတိုးတက်ခဲ့မှု အခြေအနေနှင့် ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် နှစ်နိုင်ငံတိုက်ရိုက် ကုန်သွယ်နိုင်ရေး ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ပင်လယ်ရေကြောင်း တိုက်ရိုက်ကုန်သွယ်ရေးဆိုင်ရာ ဆောင်ရွက်နိုင်မည့် အခြေအနေ၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်မည့် အခြေအနေ၊ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများအတွက် လိုအပ်သည့် အခြေခံအဆောက်အဦများအား အိန္ဒိယနိုင်ငံမှ ရင်းနှီးမြှုပ်နှံဆောင်ရွက်မည့် အခြေအနေ၊ လေ့ကျင့်ရေးနှင့်ပညာသင်ကြားရေး အခြေအနေ၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် နည်းပညာရပ်ပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံမှ ကူညီ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေ၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အတွက် အိန္ဒိယနိုင်ငံမှ ကာကွယ်ဆေးများ ရောင်းချပေးနေမှုနှင့် လှူဒါန်းပေးနေမှု အခြေအနေ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့မှုကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ တပ်မတော်မှ နိုင်ငံတော် တာဝန်အား ထမ်းဆောင်ခဲ့ရမှု အခြေအနေ၊ အကြမ်းဖက်အဖွဲ့များမှ နိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေမှု အခြေအနေနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ ပညာရေးနှင့် ကျန်းမာရေး ဝန်ထမ်းများအား အကြမ်းဖက်မှုအပေါ် တုံ့ပြန်ရေး အခြေအနေ၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး အတွက် ဆောင်ရွက်နေမှု အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေး အတွင်းဝန်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Shri Saurabh Kumar၊ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



*စာမျက်နှာ ၃ မှ*

ထို့ကြောင့် သက်ဆိုင်ရာအဆင့်အလိုက် သင်ကြားပေးလိုက်သည့် ဘာသာရပ်များအား အမှန်တကယ် တတ်ကျွမ်းပြီး လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်စေရေး လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ လေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန်ဖြင့် လေ့ကျင့်သင်ကြားပေးရန်လိုပြီး အသေးအဖွဲမှအစ ဂရုစိုက်ရန်လိုကြောင်း။

**အဆင့်ဆင့်ကြပ်မတ်ကွပ်ကဲ**

သင်တန်းသားများ၏ လေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရေအတွက်ထက် အရည်အချင်းပြည့်ဝမှုရှိစေရေး ဦးစားပေး လေ့ကျင့်သင်ကြားပေးနေရန်လိုကြောင်း၊ သင်တန်းသားနှင့် နည်းပြအချိုးကို မျှတအောင်ဆောင်ရွက်ပေးပြီးဖြစ်သဖြင့် လေ့ကျင့်သင်ကြားပေးရာတွင် အရည်အချင်းပြည့်ဝသူများ မွေးထုတ်ပေးနိုင်ရမည် ဖြစ်ကြောင်း၊ Guardian စနစ်ဖြင့် အဆင့်ဆင့်ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်ရာတွင် သင်တန်းသားများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ စာပေပညာဆိုင်ရာများ ကောင်းမွန်စေရေး အနီးကပ်တစ်ဦးချင်း ကြပ်မတ်ကွပ်ကဲလေ့ကျင့်သင်ကြားဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ ထို့အတူ စာပေပညာရပ်များ သင်ကြားပေးရာတွင်လည်း သက်ဆိုင်ရာ ဘာသာရပ်များအလိုက် အမှန်တကယ် တတ်ကျွမ်း၍ ထူးချွန်သူများဖြစ်အောင် သင်ကြားပေးရန်လိုကြောင်း၊ သင်တန်းသားတစ်ဦးချင်း၏ အနေအထားကို သိရှိရန်လိုပြီး လိုအပ်ချက်၊ အားနည်းချက်များကိုဖော်ထုတ်၍ ဖိဖိစီးစီးသင်ကြား လေ့ကျင့်ပေးခြင်းဖြင့် အမှန်တကယ် အရည်အချင်းရှိသည့် သင်တန်းသားအရာရှိများကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့မွေးထုတ်ပေးနိုင်ရန်အတွက်လည်း အရည်အချင်းပြည့်ဝသည့် နည်းပြများကို ရွေးချယ်ခန့်အပ်ထားခြင်းဖြစ်သဖြင့် မိမိတို့ဖြတ်သန်းလာရသည့် ဘဝအတွေ့အကြုံ၊ တတ်ကျွမ်းထားသည့် ဘာသာရပ်များအလိုက် စာပေပညာရပ်များကို အသုံးချ၍ လေ့ကျင့်သင်ကြားပေးရန်လိုကြောင်းဖြင့် မှာကြားသည်။

**တာဝန်ယူဆောင်ရွက်ခဲ့ရခြင်းဖြစ်**

ထို့နောက် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် ပတ်သက်၍ မိမိတို့နိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လျှောက်လှမ်းခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) သည် ပြည်သူများမှ ဆန္ဒမဲပေးခွင့်ရှိသူများ၏ ၉၂ ဒသမ ၄ ရာခိုင်နှုန်းဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သဖြင့် မျက်ကွယ်ပြုနေ၍မရကြောင်း၊ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် ဒီမိုကရေစီအစိုးရသက်တမ်းများတွင် တပ်မတော်အနေဖြင့် ဥပဒေအရပေးအပ်ထားသော တာဝန်များကို အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်မှစ၍ အနိုင်ရပါတီ၏ လုပ်ဆောင်ချက်များသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသည်ကို တွေ့ရှိရသဖြင့် မိမိအနေဖြင့် ဒီမိုကရေစီတွင် စည်းကမ်းတကျရှိရန်နှင့် တရားမျှတမှုရှိရန် အကြိမ်ကြိမ်တိုက်တွန်းပြောကြားခဲ့ကြောင်း၊ သို့သော် ရွေးကောက်ပွဲကျင်းပရာ၌ ကြိုတင်မဲပေးခြင်းများ ဆောင်ရွက်ရာတွင် ဥပဒေနှင့်ညီညွတ်မှုများမရှိသည်ကို သိရှိခဲ့ရပြီး ရွေးကောက်ပွဲကျင်းပချိန်တွင်လည်း မဲစာရင်းမှားယွင်းမှုများဖြစ်ပေါ်ခဲ့သည်ကို အချို့သော ပုဂ္ဂိုလ်များနှင့် နိုင်ငံရေးပါတီများ၏ ပြောကြားချက်အရ သိရှိခဲ့ရကြောင်း၊ မဲစာရင်းများအား ပြန်လည်စိစစ်ခဲ့ရာ မဲစာရင်း မှားယွင်းမှုကိုတွေ့ရှိရသဖြင့် အစိုးရအဖွဲ့နှင့် ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများအား မဲစာရင်းမှားယွင်းမှုများအတွက် ဖြေရှင်းပေးရန် အကြိမ်ကြိမ် ပြောကြားခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် တာဝန်ရှိသူများနှင့် အကြိမ်ကြိမ် တွေ့ဆုံညှိနှိုင်းခဲ့သော်လည်း ဖြေရှင်းပေးခြင်းမရှိသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေ ကြေညာ၍ တာဝန်ယူဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

**ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်**

မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်အား ထမ်းဆောင်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်း၍ ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်ဆောင်ရွက်ပြီး နိုင်ငံတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အစိုးရ၏ လက်တွေ့ကျသော ရည်ရွယ်ချက်နှင့် လက်ရှိလုပ်ဆောင်နေမှုသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများရေးအတွက် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေး ဆောင်ရွက်ရာတွင်လည်း အရပ်သားများကိုသာ ဥပဒေနှင့်အညီ အတွေ့အကြုံရှိပြီး အရည်အချင်းပြည့်ဝသူများကို တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အား အရေးပေါ်အခြေအနေဖြင့် တာဝန်ယူဆောင်ရွက်ရခြင်း ဖြစ်သော်လည်း ဒီမိုကရေစီနည်းလမ်းအရသာ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ရာတွင်လည်း အမုန်းတရားများမဖြစ်ပေါ်စေရန်နှင့် သွေးထွက်သံယိုမှု အနည်းဆုံးဖြစ်စေရန် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆန္ဒမဲပေးရာတွင် အတတ်နိုင်ဆုံး မဲစာရင်းမှားယွင်းမှုမရှိစေရေးနှင့် မဲပေးပိုင်ခွင့် ဆုံးရှုံးမှုမရှိစေရေး၊ မသမာသည့်နည်းလမ်းဖြင့် မဲပေးမှုမရှိစေရေးတို့အတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆန္ဒမဲပေးခွင့်ရှိသူများအားလုံး နိုင်ငံသားစိစစ်ရေးကတ်များ ရရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယခုအချိန်အထိ ၂၅ ရာခိုင်နှုန်းခန့်သာ ပြီးစီးသေး၍ ၎င်းလုပ်ငန်းစဉ်ကို ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း။

**အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ဒီမိုကရေစီအရ ဆောင်ရွက်ရာတွင် အချို့သော အဖွဲ့အစည်းများသည် အကြမ်းဖက်ဆောင်ရွက်မှုများရှိကြောင်း၊ မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခများနှင့် ဆက်စပ်နေသော အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ခွဲခြားကြည့်ပါက လွတ်လပ်ရေးကာလမှ ၂၀၁၁ ခုနှစ်မတိုင်မီအချိန်အထိ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ အယူဝါဒများအရ သဘောထား တိုက်ဆိုင်မှုမရှိခြင်းကြောင့် လက်နက်ကိုင်ဆောင်ရွက်ခဲ့သည့် တိုင်းရင်းသားအဖွဲ့များ ရှိကြောင်း၊ ၎င်းတို့အဖွဲ့များထဲမှ အချို့အဖွဲ့များအနေဖြင့် ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး(NCA) လက်မှတ်ရေးထိုးထားကြသူများ ဖြစ်သဖြင့် ၎င်းတို့နှင့်ပတ်သက်၍ ငြိမ်းချမ်းရေး နည်းလမ်းအရ ဆွေးနွေးဆောင်ရွက်နေသည့်အဖွဲ့များဖြစ်ကြောင်း၊ သို့သော် ၂၀၁၁ ခုနှစ် ဒီမိုကရေစီ အသွင်ကူးပြောင်းပြီးနောက်ပိုင်းတွင် အချို့သော တိုင်းရင်းသားအဖွဲ့များသည် ဒီမိုကရေစီကို မျက်ကွယ်ပြု၍ လက်နက်ကိုင်ဆောင်ရွက်လာကြကြောင်း၊ ယခုအခါ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မဲမသမာမှုကြောင့် ပေါ်ပေါက်လာသည့် အကြမ်းဖက်အဖွဲ့အစည်းများ ရှိကြောင်း၊ အဆိုပါအကြမ်းဖက်အဖွဲ့အစည်းများအား မိမိတို့အနေဖြင့် တွေ့ဆုံဆွေးနွေးရန်မရှိကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများကို ကိုယ်စားပြုသည့် နိုင်ငံရေးပါတီများနှင့်တွေ့ဆုံရန် အကြိမ်ကြိမ် ဆောင်ရွက်ခဲ့သော်လည်း ပါတီအချို့အနေဖြင့် လာရောက်တွေ့ဆုံဆွေးနွေးခြင်း မရှိကြောင်း၊ အစုအဖွဲ့လိုက် ထောက်ခံသူပြည်သူများကို ပါတီများကသာ ကိုယ်စားပြုပြီး ပုဂ္ဂလိကအနေဖြင့် ကိုယ်စားပြုမှုမရှိကြောင်း၊ နိုင်ငံရေးပါတီများသည် ပြည်သူများကို ကိုယ်စားပြုသည့် နိုင်ငံရေးအဖွဲ့အစည်းများဖြစ်သဖြင့် ရွေးကောက်ပွဲကော်မရှင်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီကို မျက်ကွယ်ပြု၍မရဘဲ အရေးယူရန်ရှိသူများကို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေအထက်တွင် မည်သူမျှ ရှိ၍မရကြောင်း၊ ဥပဒေနှင့်ညီညွတ်မှုမရှိပါက ဥပဒေနှင့်အညီသာ အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုအပေါ် မူတည်၍ ၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေး မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၁ ခုနှစ် ခရစ္စမတ်နေ့အထိမ်းအမှတ် စုပေါင်းဂုဏ်ပြုဆုတောင်းပွဲ အခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် ချားလ်စ်ဘိုက ကျင်းပပေးသည့် ၂၀၂၁ ခုနှစ် ခရစ္စမတ်နေ့အထိမ်းအမှတ် စုပေါင်းဂုဏ်ပြုဆုတောင်းပွဲသို့ တက်ရောက်ချီးမြှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ကက်သလစ်ဆရာတော်ကျောင်းတိုက်မိသားစုက ခရစ္စမတ် Carol သီချင်းများဖြင့် သီဆိုဖျော်ဖြေစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၃

၂၀၂၁ ခုနှစ် ခရစ္စမတ်နေ့အထိမ်းအမှတ် စုပေါင်းဂုဏ်ပြုဆုတောင်းပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် စိန့်မေရီကယ်သီဒြယ် ဘုရားရှိခိုးကျောင်းအနီးရှိ ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် ချားလ်စ်ဘို၏ ကျောင်းတိုက်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန်၊ ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် ချားလ်စ်ဘိုနှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ကက်သလစ်ဆရာတော်များ၊ ရဟန်းတော်များ၊ ကက်သလစ်သီလရှင်များ၊ ကက်သလစ်လူငယ်အဖွဲ့များနှင့် ခရစ်ယာန်ဘာသာဝင် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကက်သလစ်ဆရာတော်ကျောင်းတိုက်ခန်းမသို့ ရောက်ရှိကြရာ ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် ချားလ်စ်ဘိုနှင့် သင်းအုပ်ဆရာကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီးတို့သည် ဧည့်ခန်းမဆောင်၌ သီးခြားတွေ့ဆုံ၍ နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ ငြိမ်းချမ်းရေး၊ သာသနာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ထို့နောက် ဘုရားရှိခိုးကျောင်းခန်းမတွင် ခရစ္စမတ်ဆုတောင်းပွဲကို ကျင်းပရာ ကက်သလစ်ဆရာတော် ကျောင်းတိုက်မိသားစုက ခရစ္စမတ် Carol သီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

**ခရစ္စမတ်ဆုတောင်းပေး**

ယင်းနောက် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ခရစ္စမတ်သတင်းကောင်းနှင့် ဆုမွန်စကားမျှဝေပြောကြားရာတွင် မင်္ဂလာရှိသော ခရစ္စမတ်အခါသမယတွင် ပျော်ရွှင်ခြင်း၊ သင့်မြတ်ခြင်းများဖြင့် ပြည့်စုံနိုင်ပါစေကြောင်း၊ မြန်မာပြည်သူပြည်သားအားလုံး စစ်မှန်သည့် ငြိမ်းချမ်းရေးရရှိကြပြီး ခန္ဓာစိတ်ဝမ်း ငြိမ်းချမ်းကြပါစေကြောင်း၊ ငြိမ်းချမ်းသာယာဝပြောပြီး ဝမ်းမြောက်ခြင်းများနှင့် ပြည့်ဝနိုင်ကြပါစေကြောင်းဖြင့် ခရစ္စမတ်ဆုတောင်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ခရစ္စမတ်နေ့အထိမ်းအမှတ် စုပေါင်းဂုဏ်ပြုဆုတောင်းပွဲ အခမ်းအနားများကို တက်ရောက်ခဲ့သည်မှာ ယခုအကြိမ်ဆိုပါက တတိယအကြိမ်ရှိပြီဖြစ်ပါကြောင်း၊ ခရစ်ယာန်ဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ ခရစ္စမတ်အခါသမယတွင် ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်းတို့ဖြင့် ပြီးပြည့်စုံကြပါစေကြောင်း၊ မိမိတို့နိုင်ငံတွင် ဗုဒ္ဓဘာသာကိုးကွယ်သူ ၈၇ ရာခိုင်နှုန်း၊ ခရစ်ယာန်ဘာသာ ကိုးကွယ်သူ ၆ ရာခိုင်နှုန်း၊ ဟိန္ဒူဘာသာ ကိုးကွယ်သူ ၅ ရာခိုင်နှုန်းကျော်ခန့်ရှိပြီး ကိန်းဂဏန်းအရ ကွဲလွဲမှုအနည်းငယ်ရှိနိုင်မည်ဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆၂ နှင့် ၃၆၃ တို့တွင်

*စာမျက်နှာ ၆ သို့*

■ **နိုင်ငံတော်အေးချမ်းသာယာဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်မှုများအပြင် ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့ကလည်း ကဏ္ဍအသီးသီးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်၊ ငြိမ်းချမ်းလိုသည့်၊ ဖွံ့ဖြိုးတိုးတက်စေလိုသည့် စိတ်ဆန္ဒရှိရန် အဓိကအရေးကြီး**

## ဥပဒေနှင့်အညီ

**အကြမ်းဖက်သတ်ဖြတ်တိုက်ခိုက်မှုများနှင့်ပတ်သက်၍ ထိရောက်စွာဟန့်တားထိန်းချုပ်နိုင်ရေးနှင့် ဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အများစုကို အချိန်မီ ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်၏တာဝန်ကို ယူထားခြင်းဖြစ်ပြီး တပ်မတော်က တိုက်ရိုက်မအုပ်ချုပ်ဘဲ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ အရပ်သားအများစုကိုသာ တာဝန်ပေးအပ်ထားခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်နေခြင်းဖြစ်သဖြင့် ဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၃-၁၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၈/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

*စာမျက်နှာ ၅ မှ*

ဘာသာရေးလွတ်လပ်ခွင့်နှင့် ကူညီစောင့်ရှောက်မှုတို့အတွက် ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ လူဦးရေအများစုကိုးကွယ်ရာ ဗုဒ္ဓဘာသာနှင့်အတူ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ နှင့် အခြားဘာသာဝင်များသည် နှစ်ပေါင်းများစွာ ကတည်းကပင် အချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် အမိနိုင်ငံတော်ကောင်းကျိုးကို အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း၊ **တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်းတို့ဖြင့် ပြည့်စုံစေရေးအတွက် အမျိုးသားနိုင်ငံရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့ကြောင်း၊** ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် မည်သို့မျှ ရှောင်လွှဲ၍မရသည့် အခြေအနေ ဖြစ်ပေါ်လာသည့်အတွက် နိုင်ငံတော်၏ တာဝန်များကို တပ်မတော်က ထမ်းဆောင်ခဲ့ရခြင်း ဖြစ်ကြောင်း၊ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကိုချမှတ်၍ နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

**နိုင်ငံတော် အေးချမ်းသာယာဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်မှုများအပြင် ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့ကလည်း ကဏ္ဍအသီးသီးမှ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းလိုသည့်၊ ဖွံ့ဖြိုးတိုးတက်စေလိုသည့် စိတ်ဆန္ဒရှိရန် အဓိကအရေးကြီးပါကြောင်း၊** တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာ ပေါများရေးသည်လည်း အဓိကကျသည့်အတွက် ငြိမ်းချမ်းမှုရရှိအောင် ဦးစွာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းပြည်ကောင်းအောင် ဆောင်ရွက်မည်ဟူသည့် ဆန္ဒဖြင့် အသိတရား၊ သတိတရားတို့ဖြင့် တစ်ဦးတစ်ယောက်ချင်း၊ အဖွဲ့အစည်းတစ်ခုချင်းအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ကြပါရန် မေတ္တာရပ်ခံတိုက်တွန်းလိုပါကြောင်း။

ခရစ္စမတ်အခါသမယတွင် ခရစ်ယာန်ဘာသာဝင်များအားလုံး၊ မြန်မာနိုင်ငံသူနိုင်ငံသားအားလုံး ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း၊ နှစ်သစ်အခါသမယကို ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ကြပါစေကြောင်းနှင့် သက်ဆိုင်ရာ ဘာသာတရားများ၏ အဆုံးအမနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ ကောင်းကျိုးကို ရှေးရှု၍ မေတ္တာနှလုံးသား၊ သည်းခံခွင့်လွှတ်သောစိတ်ထားများဖြင့် စည်းလုံးညီညွတ်စွာ လက်တွဲနေထိုင်လုပ်ကိုင်ဆောင်ရွက် သွားကြစေလိုကြောင်းဖြင့် ဆုတောင်းစကား ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီးထံ အလှူငွေများ ပေးအပ်စဉ်။

**ခရစ္စမတ်အထိမ်းအမှတ်လက်ဆောင်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီးတို့သည် ခရစ္စမတ်ကိတ်မုန့်ကို အတူတကွလှီး၍ ဂုဏ်ပြုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကက်သလစ်ဆရာတော် ကျောင်းတိုက်မိသားစုအား ခရစ္စမတ်အထိမ်းအမှတ် လက်ဆောင်နှင့် အလှူငွေများ ပေးအပ်ခဲ့ပြီး ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီးမှလည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ခရစ္စမတ်အထိမ်းအမှတ်လက်ဆောင်များ ပြန်လည်ပေးအပ်သည်။

**ဆုတောင်းမေတ္တာပို့သ**

၎င်းနောက် ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ၊ လက်ထောက်ဆရာတော်ကြီး ဂျွန်စောယောဟန်က ခရစ္စမတ်ဆုမွန်ကောင်းစကား ပြောကြားပြီး ဆုတောင်းမေတ္တာပို့သပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အိန္ဒိယနိုင်ငံခြားရေး အတွင်းဝန် ရှရီ ဟာ့ရှ် ဗာ့ဒ်ဟန် ရှရင်ဂလာ အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် ရှရီ ဟာ့ရှ် ဗာ့ဒ်ဟန် ရှရင်ဂလာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံရှိရင်းစွဲဆက်ဆံရေးကို ပိုမိုတိုးမြှင့်ရေး၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ကဏ္ဍများဖြစ်သည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အကျိုးတူကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများဖြစ်သည့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်း၊ စစ်တွေဆိပ်ကမ်းလုပ်ငန်း စတင်လည်ပတ်ရေးလုပ်ငန်း၊ တမူး-ကျီကုန်း-ကလေးဝ လမ်းပေါ်ရှိ တံတား ၆၉ စင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်း၊ တမူးနယ်စပ်တွင် အဆင့်မီဘက်ပေါင်းစုံ စစ်ဆေးရေးဂိတ် တည်ဆောက်ရေး စီမံကိန်း၊ နှစ်နိုင်ငံ ပြည်သူချင်း ထိတွေ့ဆက်ဆံမှု ပိုမိုခိုင်မာလာစေရေးနှင့် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများအတွက် အိန္ဒိယနိုင်ငံမှ ကူညီဆောင်ရွက်ပေးနေသည့် ကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး၊ အိန္ဒိယ နိုင်ငံခြားရေးအတွင်းဝန်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး ရှရီ ဆော်ရက်(ဘ်)ကူမား၊ အိန္ဒိယ ပြည်ပရေးရာ ဝန်ကြီးဌာနမှ တွဲဖက်အတွင်းဝန် ရှရီမတီ စမိတာပန့်နှင့် အိန္ဒိယနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



❖ *ကျော့ဖုံးမှ*

နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ ဥက္ကဋ္ဌ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ တရားမဝင်ကုန်သွယ်မှုအညွှန်းကိန်းတွင် မြန်မာနိုင်ငံသည် နိုင်ငံ ၈၄ နိုင်ငံအနက် အဆင့် ၈၂ နေရာတွင် ရပ်တည်နေပြီး ကမ္ဘာလုံးဆိုင်ရာ တရားမဝင်ကုန်သွယ်မှုအခြေအနေအညွှန်းကိန်းကို အညွှန်းကိန်းလေးခုဖြင့် တိုင်းတာရာတွင် အစိုးရ၏ မူဝါဒ၊ ရောင်းလိုအားနှင့် ဝယ်လိုအား၊ ပွင့်လင်းမြင်သာမှုရှိသည့် ကုန်သွယ်မှုနှင့် အကောက်ခွန်ဆိုင်ရာ လုပ်ငန်းစဉ်တို့ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့်အချက်များထဲမှ အဓိကအချက်တစ်ခုဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုကဏ္ဍ အင်အားကြီးနေသမျှ တရားဝင်လုပ်ကိုင်သော လုပ်ငန်းများကို အဟန့်အတားဖြစ်စေကြောင်း၊ နယ်စပ်ကုန်သွယ်မှု ပမာဏလျော့ကျခြင်းသည် တရားမဝင်ကုန်သွယ်မှုနှင့် ဆက်စပ်နေသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၏ ကုန်သွယ်မှုကိန်းဂဏန်းများကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် တရားမဝင်ကုန်သွယ်မှုများမှာ များစွာကွာဟမှုများရှိသည်ကို တွေ့ရကြောင်း။

**ကာကွယ်တားဆီးရန်လို**

နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်နေသည့်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် တရားမဝင်ကုန်စည်များနှင့် ပြိုင်ဆိုင်ရောင်းချနိုင်စွမ်းနည်းပြီး ရေရှည်ရပ်တည်ရန် ခက်ခဲလာသည့်အတွက် နယ်စပ်ဒေသနှင့် ထိစပ်လျက်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးတွင် တရားမဝင်ကုန်သွယ်မှုတားဆီးရေးလုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ကြောင်း။

ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့် ပတ်သက်ပြီး ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်နိုင်မည့် မူဝါဒများ၊ မဟာဗျူဟာ၊ နည်းဗျူဟာများ၊ စီမံချက်များနှင့် ရေတိုရေရှည် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ဝိုင်းဝန်းပူးပေါင်း ဆွေးနွေးပေးကြစေလိုကြောင်း၊ ကဏ္ဍတစ်ခုချင်းစီအပေါ် အခြေခံပြီး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများနှင့် အထူးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး ဆောင်ရွက်သွားရမည်ဖြစ်သည့်အပြင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့်လည်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့များဖြင့် တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက် တားဆီးသွားရန် လိုအပ်မည်ဖြစ်ကြောင်း။

မိမိတို့ လက်ရှိတာဝန်ယူသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်စွဲပါ အမိန့်အမှတ်၊ ၈၁/၂၀၂၁ ဖြင့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီအား ဖွဲ့စည်းခဲ့ပြီး ကော်မတီ၏လုပ်ငန်းတာဝန်များ အပိုဒ် (၂)၊ အပိုဒ်ခွဲ (စ) တွင် တရားမဝင်ကုန်သွယ်မှု မဖြစ်ပေါ်စေရေးအတွက် အလေးထား၍ စီစဉ်ဆောင်ရွက်ရန် သတ်မှတ်ပြဋ္ဌာန်းထားရှိကြောင်း၊ ထို့ပြင် အမိန့်အမှတ်၊ ၈၃/၂၀၂၁ ဖြင့် ဖွဲ့စည်းသည့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ အပိုဒ် (၁၆)၊ အပိုဒ်ခွဲ (ဃဃ)တွင် တရားမဝင်ကုန်သွယ်မှုများ မဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ရန် သတ်မှတ်ပြဋ္ဌာန်းထားရှိကြောင်း။

**ထိရောက်စွာအရေးယူ**

စားသုံးသူ အကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှုများကို စစ်ဆေးတွေ့ရှိပါက ဖော်ထုတ်ပေးခြင်း၊ ထိရောက်စွာအရေးယူခြင်းဖြင့် ကုန်သည်များ တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိလာပြီး ကုန်သွယ်မှုပမာဏများ တိုးတက်ကာ နိုင်ငံတော်၏အခွန်ဘဏ္ဍာများလည်း တိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့်လည်း ဈေးကွက်အတွင်း တရားမျှတစွာဖြင့် ယှဉ်ပြိုင်လာစေခြင်းဖြင့် တိုင်းပြည်၏ စီးပွားရေးကဏ္ဍများမှာလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ တစ်ဖက်မှလည်း တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ တစ်ဖက်မှလည်း စုံစမ်းထောက်လှမ်း ရှာဖွေဖမ်းဆီးသည့် အဖွဲ့အစည်းများကို သတ်မှတ်ရာခိုင်နှုန်းဖြင့် ဆုကြေးချီးမြှင့်ခြင်း၊ သတင်းပေးသူအား ဆုကြေးချီးမြှင့်ခြင်း၊ သတင်းပေးသူမရှိပါက နိုင်ငံတော်ဘဏ္ဍာငွေသို့ ပေးသွင်းစေခြင်းတို့ကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**❑ တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ တစ်ဖက်မှလည်း စုံစမ်းထောက်လှမ်း ရှာဖွေဖမ်းဆီးသည့် အဖွဲ့အစည်းများကို သတ်မှတ်ရာခိုင်နှုန်းဖြင့် ဆုကြေးချီးမြှင့်ခြင်း၊ သတင်းပေးသူအား ဆုကြေးချီးမြှင့်ခြင်း၊ သတင်းပေးသူမရှိပါက နိုင်ငံတော်ဘဏ္ဍာငွေသို့ ပေးသွင်းစေခြင်းတို့ကိုလည်း ဆောင်ရွက်ပေးရမည်**

လက်ရှိအနေဖြင့် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မြဝတီ-ရန်ကုန် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှဦးစီး၍ ဆက်စပ်ဝန်ကြီးဌာန (OSS) ဌာနများဖြင့် တရားမဝင်သယ်ဆောင်မှုများကို တားဆီးစစ်ဆေးလျက်ရှိကြောင်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ (မေလ) အထိ ခန့်မှန်းငါးနှစ်တာ ကာလအတွင်းတွင် အမှုတွဲ ၄၀၈၂ မှု၊ တန်ဖိုးငွေကျပ်သန်းပေါင်း ၁၈၂၀၆ ဒသမ ၄၉၉ သန်းနှင့် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ မေလအထိ အမှုတွဲ ၂၇၄၉ မှု၊ တန်ဖိုးငွေကျပ်သန်းပေါင်း ၂၇၂၈၁ ဒသမ ၇၈၉ သန်း ဖမ်းဆီးရမိခဲ့ကြောင်း။

**ဖမ်းဆီးရမိမှုအခြေအနေ**

အလားတူ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ယခင်ဖွဲ့စည်းထားသည့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့များမှလည်း ၂၀၁၈ ခုနှစ် စက်တင်ဘာလမှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလအထိ ခန့်မှန်းကာလ သုံးနှစ်လေးလအတွင်း၌ အမှုတွဲပေါင်း ၁၀၁၉၃ မှု တန်ဖိုးငွေကျပ်သန်းပေါင်း ၆၉၆၆၃ သန်း ဖမ်းဆီးရမိခဲ့ကြောင်း၊ သုံးနှစ်တာကာလအတွင်း အမှုတွဲတစ်နှစ်ကို ပျမ်းမျှ ၃၃၉၇ မှုနှင့် တန်ဖိုးငွေကျပ်သန်း ၂၃၂၂၁ သန်း ဖမ်းဆီးရမိကြောင်း၊ မိမိတို့ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဖွဲ့စည်းပြီးနောက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင်လည်း ယခင်ဖွဲ့စည်းထားသည့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များကို အားလုံး ပြန်လည်ပြင်ဆင်ဖွဲ့စည်းထားရှိပြီး ဖမ်းဆီးရရှိမှု အခြေအနေမှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ အောက်တိုဘာလအထိ ကိုးလတာကာလအတွင်း အမှုတွဲ ၁၅၁၆ မှု၊ တန်ဖိုးငွေကျပ်သန်းပေါင်း ၆၀၆၇ သန်း ဖမ်းဆီးရမိပြီး တစ်လလျှင် ပျမ်းမျှ အမှုတွဲ ၁၆၈ မှု တန်ဖိုးငွေကျပ်သန်းပေါင်း ၆၇၄ သန်းကျော် ဖမ်းဆီးရမိကြောင်း။

ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ နိုင်ငံတော်ဘက်မှ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့သင့်သည်များကိုလည်း ဖြေလျှော့မှုများ ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်မှလည်း တရားဥပဒေစိုးမိုးပြီး တရားမဝင်ကုန်သွယ်မှုများ၊ အခွန်တိမ်းရှောင်မှုများ လျော့နည်းသွားအောင် လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ အခွန်ဘဏ္ဍာ တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုပြုနေသည့် ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုစခန်းများမှ တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ရေးအတွက် မိမိတို့ ဦးဆောင်ကော်မတီမှ အမြဲမပြတ်စောင့်ကြည့်ပြီး ဆောင်ရွက်သွားမည့် အစီအမံများနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့မှလည်း ပူးပေါင်းဆောင်ရွက်သွားမည့်အစီအမံများကို ယခုအစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်းသွားရန် လိုအပ်မည် ဖြစ်ကြောင်း။

**အခွန်အခများရရှိရန်လိုအပ်**

စစ်ဆေးရေးစခန်းများတွင် စာရွက်စာတမ်းအထောက်အထားများနှင့် တိုက်ဆိုင်စစ်ဆေးရာ၌ ကုန်ပစ္စည်းအရေအတွက် ပိုမိုသယ်ဆောင်ခြင်း၊ ကုန်ပစ္စည်းအမည်လွဲ သယ်ဆောင်ခြင်း၊ ဖြစ်သင့်ဖြစ်ထိုက်သည့် စည်းကြပ်တန်ဖိုးထက် လျော့နည်းသည့် ပမာဏဖြင့် အခွန်စည်းကြပ်မှုခံယူခြင်းတို့ ဖြစ်ပေါ်လျက်ရှိနေကြောင်း၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများရရှိစေရန်နှင့် နစ်နာမှုမရှိစေရေး သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဖမ်းဆီးရမိပစ္စည်းများနှင့် ပတ်သက်၍ ဖမ်းဆီးပြီးအချိန်မှ လေလံတင်ရောင်းချပြီး အချိန်သည် ဌာနဆိုင်ရာများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုများ ဖြစ်သဖြင့် မှန်ကန်မြန်ဆန်စေရေး သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများအား စိစစ်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

ဖမ်းဆီးရမိပစ္စည်းများအား ကြမ်းခင်းဈေး သတ်မှတ်ရာတွင် မြေပြင်၌ ဖြစ်ပေါ်နေသည့် ဈေးနှုန်းနှင့် အနီးစပ်ဆုံးဖြစ်စေရေးနှင့် ပိုမိုမြန်ဆန်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဖမ်းဆီးရမိပစ္စည်းများအား အပ်နှံရာတွင် နှောင့်နှေးကြန့်ကြာမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးတို့အတွက် သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများကို ပူးပေါင်းညှိနှိုင်းပြင်ဆင်နိုင်ရေး ဆောင်ရွက်ရန် ပြောကြားလိုကြောင်း၊ မြေပြင်တွင် တရားမဝင်ကုန်သွယ်မှုတားဆီး၊ ဖမ်းဆီးသည့် အဖွဲ့များအတွက် ဖမ်းဆီးရမိဆုကြေးငွေများအား အမြန်ဆုံးခွဲဝေထုတ်ပေးနိုင်ရေး သက်ဆိုင်ရာဌာနများမှ လိုအပ်သည့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခုဖွဲ့စည်းထားသည့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအား တာဝန်ခံဝန်ကြီးဌာန (Focal Ministry) အဖြစ် တာဝန်ပေးအပ်ထားပြီးဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရာတွင် တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် တရားမဝင်ကုန်သွယ်မှုများ လျော့နည်းကျဆင်းပြီး နိုင်ငံတော်မှ ရသင့်ရထိုက်သည့်အခွန်အခများ အပြည့်အဝရရှိနိုင်ရေးအတွက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးညွန့်အောင်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ဖွဲ့စည်းထားရှိမှုနှင့် တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်နိုင်ရေး ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အဆိုပြုမြေပြင်လုပ်ငန်းစီမံချက်(မူကြမ်း)ကို လည်းကောင်း၊ တာဝန်ရှိသူများက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ (၁/၂၀၂၁) အစည်းအဝေးအမှာစာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဦးဝင်းရှိန်၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လင်းထွန်းတို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေမှုများနှင့် ကာကွယ်တားဆီးနိုင်ရေးအတွက် အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရေပူနှင့် မရမ်းချောင်အမြဲတမ်းကုန်ပစ္စည်းစစ်ဆေးရေးစခန်းများအား ရှောင်ကွင်းသွားလာနိုင်သည့်လမ်းကြောင်းများ တားဆီးပိတ်ဆို့ရေးစီမံချက်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌက မန္တလေး(၁၆)မိုင်ဂိတ် ကုန်ပစ္စည်းစစ်ဆေးရေးစခန်းများအား ရှောင်ကွင်းသွားလာနိုင်သည့် လမ်းကြောင်းများ တားဆီးပိတ်ဆို့ရေးစီမံချက်များကိုလည်းကောင်း၊ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌက ကော့ကရိတ်တံတားကျိုး စုပေါင်းစစ်ဆေးရေးစခန်းအား ရှောင်ကွင်းသွားလာနိုင်သည့် လမ်းကြောင်းများ တားဆီးပိတ်ဆို့ရေးစီမံချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်ကြသူများက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေးကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ ထားရှိနိုင်ကြပါစေ

## မိုးကေနိုင်

မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရရှိပြီး ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရရှိခဲ့တာ ၇၄ နှစ် တင်းတင်းပြည့်ခဲ့ပါပြီ။

ကျွန်တော်တို့ လက်ဝယ်ပိုင်ဆိုင်ထားတဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာဟာ ဘိုးဘေးဘီဘင်တွေ အစဉ်အဆက်တိုက်ယူပြီးမှ လက်ဆင့်ကမ်းထိန်းသိမ်းကာကွယ်စောင့်ရှောက်လာခဲ့ရတဲ့ အသီးအပွင့်တွေဖြစ်ပါတယ်။ ခိုင်မာတဲ့မျိုးချစ်စိတ်ကို မြစ်ဖျားခံပြီး ကောင်းမြတ်တဲ့ ဘာသာတရားအဆုံးအမများနဲ့အတူ ၁၃၅ မျိုးသော တိုင်းရင်းသားပေါင်းစုံရဲ့ ရင့်ကျက်နက်ရှိုင်းတဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာနဲ့ ကောင်းမြတ်တဲ့ လောကပါလတရားတွေနဲ့ ထုံမွမ်းထားတဲ့ လွတ်လပ်မှုမျိုးဖြစ်ပါတယ်။

### ပခုံးပြောင်း လက်ဆင့်ကမ်း

ယနေ့မျက်မှောက်မှာတော့ အခုလို အသက်တမျှ တန်ဖိုးထားထိန်းသိမ်းအပ်တဲ့ လွတ်လပ်ခြင်းရဲ့ အနှစ်သာရတွေကို ကျွန်တော်တို့ရဲ့ မြေးမြစ်တွေထံ အစွန်းအထင်း အကျိုးအပဲ့မရှိစေရဘဲ ပခုံးပြောင်း လက်လွှဲပေးရမယ့်တာဝန်ဟာ ကျွန်တော်တို့အတွက် အရေးကြီးတာဝန်ကြီးတစ်ခု ဖြစ်နေပါပြီ။ ဒီလိုတွေးဆပြန်တော့ ဒီလောက်အရေးကြီးတဲ့တာဝန်၊ တန်ဖိုးကြီးတဲ့ ရတနာအမွေတစ်ခုကို အပြစ်အနာအဆာမရှိ လက်ဆင့်ကမ်းပေးနိုင်ရေး တာဝန်တစ်ရပ် ကျေပွန်ဖို့ရာ နိုင်ငံမှာ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ တသီတတန်းကြီးနဲ့ ရင်ဆိုင်နေရတယ်ဆိုတာကိုလည်း အားလုံးသတိပြုမိကြဖို့လိုပါတယ်။

အရေးတကာ့ အရေးကြီးဆုံးက တိုင်းပြည်တည်ငြိမ် အေးချမ်းရေးပါ။ တည်ငြိမ်အေးချမ်းဖို့လိုအပ်တဲ့ တရားဥပဒေစိုးမိုးရေးထက် အရေးကြီးတာ ဘာမှမရှိပါဘူး။ တည်ငြိမ်မှုမရှိဘဲ ဘာမှလုပ်လို့မရပါဘူး။ ယနေ့ကာလဟာ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေးရတော့မယ့်ကာလပါ။

**မတည်ငြိမ်၊ မအေးချမ်းဘဲ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုဆီသွားဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ တည်ငြိမ်မှုပျက်ပြားတဲ့ အခြေအနေတစ်ရပ်မှာ လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့ရာလည်း မလွယ်ပါဘူး။ မငြိမ်းချမ်းလို့ ပဋိပက္ခတွေ သက်ဆိုးရှည်နေသမျှ အချုပ်အခြာအာဏာကို ထိခိုက်နိုင်တာ၊ အုပ်ချုပ်ရေးယန္တရား ချိုးဖျက်ခံရပြီး အချုပ်အခြာအာဏာကျိုးပျက်လို့ နိုင်ငံငယ်လေးတွေအဖြစ် အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပျောက်ကွယ်သွားတဲ့ နိုင်ငံတွေရဲ့သင်ခန်းစာတွေ ကမ္ဘာ့သမိုင်းမှာ များစွာ ရှိပါတယ်။ ယူတတ်ဖို့နဲ့ ယူနိုင်ဖို့သာ လိုပါတယ်။**

**မိမိအကျိုးစီးပွားအသီးသီးအတွက်သာ ပုံဖော်နေကြတဲ့ ပြည်တွင်းပြည်ပဖိအားတွေနဲ့ လက်ရှိထူးခြားတဲ့ အခြေအနေများအရ ကမ္ဘာ့မြေပုံကနေ မြန်မာနိုင်ငံ မပျောက်ကွယ်ရေး၊ လူမျိုးမပျောက်ရေး၊ ဘာသာသာသနာမကွယ်ရေး၊ ကိုယ့်ပိုင်နက်နယ်နိမိတ်တိတိကျကျရှိတဲ့ မြန်မာနိုင်ငံနဲ့ “မြန်မာ” ဆိုတဲ့အမည် ထာဝရတည်တံ့ရေးဟာ အားလုံးရဲ့ အဓိက သမိုင်းပေးတာဝန်ဖြစ်နေပါပြီ။ တည်ငြိမ်အေးချမ်းဖို့နဲ့ လွတ်လပ်ရေးမဆုံးရှုံးဖို့ ယနေ့ခေတ် ကျွန်တော်တို့မျိုးဆက်တွေရဲ့ အရေးကြီးတာဝန် တစ်ရပ်ဖြစ်နေပြီဆိုတာ အလေးအနက် ခံယူထားစေချင်ပါတယ်။**

အကြောက်တရားလျော့ပါးရန်လို

လွတ်လပ်ရေးနဲ့ လွတ်လပ်မှုရဲ့ ဆန့်ကျင်ဘက်ဟာ အကြောက်တရားပါ။ အကြောက်တရားရဲ့ ထိန်းချုပ်မှုအောက်မှာ မိမိတို့ရဲ့လွတ်လပ်မှုတွေ မဆုံးရှုံးရလေအောင် ပညာဉာဏ်အမြော်အမြင်ကြီးရပါမယ်။ ဆင်ခြင်တုံတရားနဲ့ တွေးခေါ်နိုင်ရပါမယ်။ ပိုင်းခြားဝေဖန်နိုင်စွမ်းရည်နဲ့ အမှန်အမှား ခွဲခြားတတ်ပြီး အမှန်လမ်းကို လျှောက်လှမ်းနိုင်ရပါမယ်။ ပညာအမြင်နဲ့ အခက်အခဲကို ဖြေရှင်းပြီး ပဋိပက္ခထွက်ပေါက်ကို ရှာနိုင်ရပါမယ်။ ရှေးက ဘိုးဘွားခေါင်းဆောင်တွေဟာ ဒီလိုပြင်းပြတဲ့

> ❍ မိမိအကျိုးစီးပွားအသီးသီးအတွက်သာ ပုံဖော်နေကြတဲ့ ပြည်တွင်း ပြည်ပဖိအားတွေနဲ့ လက်ရှိထူးခြားတဲ့အခြေအနေများအရ ကမ္ဘာ့မြေပုံကနေ မြန်မာနိုင်ငံ မပျောက်ကွယ်ရေး၊ လူမျိုးမပျောက်ရေး၊ ဘာသာသာသနာမကွယ်ရေး၊ ကိုယ့်ပိုင်နက်နယ်နိမိတ် တိတိကျကျရှိတဲ့ မြန်မာနိုင်ငံနဲ့ “မြန်မာ”ဆိုတဲ့အမည် ထာဝရတည်တံ့ရေးဟာ အားလုံးရဲ့ အဓိကသမိုင်းပေးတာဝန်ဖြစ်နေပါပြီ။ တည်ငြိမ်အေးချမ်းဖို့နဲ့ လွတ်လပ်ရေးမဆုံးရှုံးဖို့ ယနေ့ခေတ် ကျွန်တော်တို့မျိုးဆက်တွေရဲ့ အရေးကြီးတာဝန်တစ်ရပ် ဖြစ်နေပြီဆိုတာ အလေးအနက် ခံယူထားစေချင်ပါတယ်

စိတ်ဓာတ်တွေကိုအရင်းခံ၊ ပြည်သူတွေရဲ့ထောက်ခံမှုအားနဲ့ ခြံရံပြီး လွတ်လပ်ရေးကို အရယူပေးခဲ့ကြတယ်။ ရေကိုသား အကြားမထင်တဲ့ စည်းလုံးညီညွတ်မှုနဲ့ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ပေးခဲ့ကြတယ်။ ကျွန်တော်တို့ဆီမှာရော ကျွန်တော်တို့မျိုးဆက်သစ်တွေမှာပါ ဒီလိုကောင်းမြတ်တဲ့စိတ်ဓာတ်တွေ ကိန်းဝပ်နေအောင် ယခုလိုကာလမှာ လေ့ကျင့်မွေးမြူဖို့ လက်တွေ့ကျင့်ကြံအားထုတ်ဖို့ အထူးလိုအပ်နေပြီလို့ ယူဆပါတယ်။

ထို့အတူပဲ အကျပ်အတည်းတွေအောက်မှာ ပြည်သူတွေရဲ့ နေ့စဉ်လူမှုဘဝ အထွေထွေ ကျပ်တည်းမှုဟာ အကြောက်တရားကိုဖြစ်ပေါ်စေပြီး သူတို့ရဲ့လွတ်လပ်လိုမှုကို ထိခိုက်နိုင်တယ်ဆိုတဲ့ အချက်ကိုလည်း သတိပြုဖို့လိုပါတယ်။ တစ်ဦးချင်း လွတ်လပ်ခွင့်ဆုံးရှုံးလျှင် တစ်နိုင်ငံလုံးလွတ်လပ်ရေးကိုပါ ထိခိုက်သွားနိုင်တဲ့အရေးဟာ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ သဘောထားရမယ့်အရာ တစ်ခု မဟုတ်တော့ပါဘူး။

### ငြိမ်းချမ်းရေးသတ္တိ

အကြောက်တရားက လွတ်လပ်မှုကို ဝေးကွာစေပေမယ့် ငြိမ်းချမ်းရေးအတွက် သတ္တိကတော့ လွတ်လပ်မှုနဲ့ အလှမ်းနီးစေပါတယ်။ မငြိမ်းချမ်းရင် ဘယ်လွတ်လပ်နိုင်ပါ့မလဲ၊ လွတ်လပ်ခြင်းရဲ့အသီးအပွင့်ကို ငြိမ်းချမ်းခြင်းကပဲ ပေးစွမ်းနိုင်တယ်ဆိုတော့ မငြိမ်းချမ်းခြင်းနဲ့အတူ တွေ့ကြုံရင်ဆိုင်နေရတဲ့ အကျိုးဆက်တွေဟာ နိုင်ငံနဲ့ နိုင်ငံသားတွေအပေါ် ဆက်လက်သက်ရောက်နေမှာပဲဖြစ်ပါတယ်။ ပြည်သူတွေရဲ့ဘဝ လုံခြုံမှုလည်း လွတ်လပ်ခြင်းရဲ့ ချိုမြိန်တဲ့အရသာကို တင်းပြည့်ကျပ်ပြည့် ခံစားရမှာမဟုတ်ပါလား…။

လွတ်လပ်ရေးနှင့်အတူ မွေးဖွားခဲ့တဲ့ ပဋိပက္ခတွေကြောင့် အများစုလွတ်လပ်သော်လည်း အချို့ဒေသများမှာ ဘေးဒုက္ခများနဲ့လွတ်လပ်မှုမရှိသကဲ့သို့ ခံစားနေရသူများလည်း ရှိနေပါသေးတယ်။ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်စရာတွေများစွာရှိနေပါတယ်။ ပတ်ဝန်းကျင်နိုင်ငံများနဲ့ ယှဉ်ရင် ပြည်တွင်းအတိုက်အခိုက်အများဆုံးနိုင်ငံ၊ “ယာလည်း ညက်စေ ကြက်လည်းပန်းစေ” ဆိုသလို ပြည်ပရဲ့ဩဇာပေး ဖိအားအများဆုံးရင်ဆိုင်နေရတဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့တော့ ကျဉ်းမြောင်းတဲ့ အချိုးအကွေ့တစ်ခုမှာ ရောက်နေပေမယ့် ရွေးချယ်စရာလမ်းကြောင်းများစွာ ရှိနေပါသေးတယ်လို့ အခိုင်အမာယုံကြည်ဆဲ ဖြစ်ပါတယ်။ လိုအပ်နေတာက တစ်ခုတည်းပါ။ **လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ကိုယ်ကိုယ်တိုင် သန္နိဋ္ဌာန်အပြည့်နဲ့ ထိန်းသိမ်းကာကွယ် စောင့်ရှောက်လိုစိတ်ပါပဲ။ တစ်စိတ်တစ်ပိုင်း ကျိုးပဲ့နိုင်သည့် လွတ်လပ်ရေးမျိုးကိုပင် လက်မခံနိုင်တဲ့ ဒီလိုစိတ်ဓာတ်မျိုး လူတိုင်းလူတိုင်းရဲ့နှလုံးသားမှာ အစဉ်ကိန်းအောင်း စေချင်ပါတယ်။**

### လောကပါလတရား

နိုင်ငံတစ်နိုင်ငံရဲ့ အနှောင်အဖွဲ့ကင်းတဲ့ လွတ်လပ်ရေးမျိုးကို အားလုံးက တန်ဖိုးထားလေးစားရပါမယ်။ ဘယ်လိုတန်ဖိုးထားအပ်ပါသလဲ။ လောကကိုစောင့်ရှောက်တဲ့ လောကပါလတရားများနဲ့ ဆက်စပ်ပြီး တန်ဖိုးထားရမှာပဲ ဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းတစ်ခုမှာ ရှက်တတ်ကြောက်တတ်တဲ့စိတ်တွေ ကင်းမဲ့လာပြီဆိုလျှင် မကောင်းမှုတွေနဲ့ မွေ့လျော်သွားတတ်တာဟာ သဘာဝတရားတစ်ခုပါ။

**ရိုးသားမှုတွေပျောက်ဆုံးမယ်၊ မှန်လားမှားလား ကောင်းမှန်းဆိုးမှန်းမသိ၊ သတ်မယ်ဖြတ်မယ်၊ ခိုးမယ်လုမယ်၊ အဂတိဖြစ်မယ်၊ မုသားတွေချဲ့ထွင်မယ် စတဲ့ လောကပျက်စီးမှုရဲ့အစ အေးချမ်းသာယာမှုနဲ့ တည်ငြိမ်မှုကင်းမဲ့လာတဲ့အခါ လွတ်လပ်ရေးဆုံးရှုံးနိုင်ခြေ၊ အချုပ်အခြာအာဏာ ပျက်ယွင်းနိုင်ခြေများစွာရှိလာနိုင်တယ်ဆိုတာ မြင်တတ်ရပါမယ်။ သင်ခန်းစာယူနိုင်ရပါမယ်။ အကြောင်းက လောကပါလတရားတွေနဲ့အညီ လောကကြီးကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဟာ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ခြင်းလည်း ဖြစ်တဲ့အတွက်ပါပဲ။**

လောကပါလတရားကို အခြေခံပြီး ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ စစ်မှန်တဲ့ လွတ်လပ်ရေးကသာ တရားမျှတခြင်း၊ ညီညွတ်ခြင်းနဲ့ ခွင့်တူညီမျှခြင်းကို တစ်ဖန်ပြန်လည်ပေးစွမ်းနိုင်ပါတယ်။ ထိုသို့သော ယုံကြည်ချက်ကသာ မျိုးဆက်သစ်တွေအတွက် ငြိမ်းချမ်းသာယာဖွံ့ဖြိုးတဲ့ နိုင်ငံသစ်ကို စိတ်သစ်လူသစ်နဲ့တည်ဆောက်မယ်ဆိုတဲ့ ခံယူချက် အမွေခံကောင်းတစ်ခုကိုပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် hard power သာမက soft power ပါ တည်ဆောက်ထားဖို့ လိုအပ်နေပါတယ်။

### အပေါင်းလက္ခဏာ မဆောင်တဲ့အရာတွေကို ပြုပြင်ရှောင်ရှား

လွတ်လပ်ရေးအတွက် အပေါင်းလက္ခဏာ မဆောင်တဲ့ အရာတွေက ဘာတွေပါလဲ။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ မြင့်မြတ်တဲ့ ဗြဟ္မစိုရ်တရားတွေ ကင်းမဲ့လာရင် အမုန်းတွေ အာဃာတတွေ ပိုပြီးကြီးထွားဖို့ပဲ ရှိပါတော့တယ်။ ကိုယ်ချင်းစာတရားတွေ ကင်းမဲ့လာပါမယ်၊ နားလည်မှု ယုံကြည်မှုတွေ အားလျော့လာပါလိမ့်မယ်။ အကြံအစည်၊ အပြောအဆို၊ အရေးအသား၊ အပြုအမူအားလုံးက အဆိုးဘက်သို့သာ ဦးလှည့်သွားပါလိမ့်မယ်။

စေတနာတွေနည်းပါးပြီး မပြည့်ဝတဲ့ ဆင်ခြင်တုံတရားနဲ့ ပညာဉာဏ်တွေ နည်းသထက်နည်းလာပါတော့မယ်။ လူလူချင်း တန်းတူညီမျှမှုနဲ့ ကျင့်ဝတ်ကောင်းတွေကို ခက်ခက်ခဲခဲ ရှာဖွေရမယ့်သဘောမှာရှိလာပါမယ်။ ယုံကြည်ကိုးကွယ်မှုနဲ့ ဘာသာတရား၊ ကိုယ်ပိုင်သမိုင်း၊ ကိုယ်ပိုင်ယဉ်ကျေးမှု စံနှုန်းတွေအပေါ် တန်ဖိုးထားလေးစားမှုတွေ ပျောက်ကွယ်တတ်ပါတယ်။ ဆင်းရဲသထက် ဆင်းရဲလာပါမယ်၊ ဖွံ့ဖြိုးမှုတွေ နောက်ကျပါလိမ့်မယ်။ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်တွေ ဆုံးရှုံးရတတ်ပါတယ်။ ခံယူချက်တွေ တိမ်းပါး၊ ညီညွတ်မှုပျက်ပြားပြီး ကမ္ဘာ့အလယ်မှာ ထည်ထည်ဝါဝါ ရပ်တည်နိုင်မယ့် အခွင့်အလမ်းတွေ နည်းသထက် နည်းလာနိုင်ပါတယ်။

### လွတ်လပ်ရေးကိုထိန်းသိမ်းစောင့်ရှောက်ချင်တဲ့ စိတ်ဓာတ်

လွတ်လပ်ရေးကို တည်တံ့စေရန်မှာ ခေါင်းဆောင်တွေရဲ့အရည်အသွေးဟာ အလွန်ကိုအရေးကြီးလှတယ်။ လွတ်လပ်ရေးကိုတိုက်ယူရာမှာ ခေါင်းဆောင်ကောင်းတွေရဲ့ နှလုံးရည်၊ လက်ရုံးရည်နဲ့ အမြော်အမြင်ကြီးမားမှုက အဓိကကျခဲ့သလို ပေးဆပ်ခဲ့ရတဲ့ အသက်သွေးချွေးကလည်း မနည်းလှဘူးဆိုတာ ပြန်ပြောင်းအမှတ်ရစေချင်ပါတယ်။ ခါးသီးတဲ့ သူ့ကျွန်ဘဝမှာ မနေချင်ကြလို့သာ အသက်စွန့်အသေခံတော်လှန်ခဲ့ကြရတာဖြစ်သလို ခက်ခက်ခဲခဲ ရယူခဲ့ရတဲ့လွတ်လပ်ရေး ပြန်လည်မဆုံးရှုံးရအောင် ပေးဆပ်မှုပေါင်းများစွာနဲ့ အသက်ပေးကာကွယ်စောင့်ရှောက် နေကြရတာကိုလည်း ယနေ့ထိတိုင် တွေ့မြင်နေရမှာ ဖြစ်ပါတယ်။ အလိုချင်ဆုံးက လွတ်လပ်ရေးတိုက်ပွဲဝင်ကာလ တစ်လျှောက် အမြော်အမြင်ကြီးမားတဲ့ ခေါင်းဆောင်မှုနဲ့ ခိုင်ခိုင်မာမာ စုစည်းပိုင်ဆိုင်ခဲ့ဖူးတဲ့ စည်းလုံးညီညွတ်မှုမျိုးပဲလို့ ဆိုချင်ပါတယ်။

*စာမျက်နှာ ၉ သို့*

# တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီအစည်းအဝေးအမှတ်စဉ် ( ၁၈ / ၂၀၂၁) ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၃**

တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့်ဝန်ဆောင်မှုရေးရာ ကော်မတီအစည်းအဝေး (၁၈ /၂၀၂၁) ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စောဒန်နီယယ်နှင့် ဒေါက်တာ ဗညားအောင်မိုး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးချစ်နိုင်၊ ဦးကိုကို၊ ဦးမြင့်ကြိုင်၊ ဒေါက်တာ သက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

အစည်းအဝေးတွင် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အစည်းအဝေး အမှတ်စဉ် (၁၇/၂၀၂၁) အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ်များက ကော်မတီသို့ ပြည်ထောင်စုဝန်ကြီးဌာနများမှ ပေးပို့တင်ပြလာသည့် အမှာစာကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီးဌာနများမှ တင်ပြလာကြသည့် အမှာစာကိစ္စရပ်များကို ပြည်ထောင်စုအစိုးရ အဖွဲ့အစည်းအဝေးသို့ ဆက်လက်တင်ပြရန် ကိစ္စရပ်များနှင့် ကော်မတီ၏ အဆုံးအဖြတ်ဖြင့် ဆောင်ရွက်ရန် ကိစ္စရပ်များကို အတည်ပြုသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီ၏ (၁၆/၂၀၂၁) အစည်းအဝေးတွင် ကော်မတီဝင်များ၏ တင်ပြဆွေးနွေးချက်များအပေါ် အစည်းအဝေး ဆုံးဖြတ်ချက်ပါ ဆောင်ရွက်ရမည့် ကိစ္စများနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြရာ ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးသည်။

**ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး၊ ဦးမျိုးလှိုင်၊ ဦးမင်းထိန်နှင့် တာဝန်ရှိသူများက တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကိစ္စရပ်များကို သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ က ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

## အသိပေးနှိုးဆော်ကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ထုတ်ပြန်ကြေညာခဲ့သည့် NUG၊ CRPH နှင့် လက်ဝေခံ PDF အဖွဲ့များ၏ တရားမဝင် လက်နက်များ၊ ခဲယမ်းများ၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပြင် လက်လုပ်သေနတ်၊ ယမ်း၊ မိုင်းနှင့် ဆက်စပ်ပစ္စည်းများကို လက်ဝယ်ကိုင်ဆောင်အကြမ်းဖက်မှုအပေါ်နှင့် နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတချို့တို့မှလည်း နိုင်ငံရေး၊ စစ်ရေးအမြတ်ထုတ်ရန်အလို့ငှာ ပြည်တွင်းသို့ နည်းမျိုးစုံဖြင့် ပို့ဆောင်နေသည့် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား နေ့စဉ်နှင့်အမျှ ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိသကဲ့သို့ နည်းမျိုးစုံဖြင့် လက်ဝယ်ကိုင်ဆောင်သူ အကြမ်းဖက်သမားများထံမှလည်း ဖော်ထုတ်ဖမ်းဆီး/ သိမ်းဆည်းရမိလျက်ရှိပါသည်။

၂။ ၎င်းအပြင် တချို့သော အကြမ်းဖက်သမားများသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ မသိနားမလည်မှု၊ ရိုးသားမှုအပေါ် အခွင့်ကောင်းယူလျက် မိမိတို့၏တရားမဝင် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများအပြင် တားမြစ်ပစ္စည်းများကိုလည်း နည်းအမျိုးမျိုး၊ အသွင်အမျိုးမျိုးဖြင့် အပ်နှံသိမ်းဆည်းစေမှုများကိုလည်း ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြမ်းဖက်သူများနှင့် မသက်ဆိုင်သူများကို မလိုလားအပ်သော တရားဥပဒေရင်ဆိုင်မှုများ မရှိစေနိုင်ရေး အလို့ငှာ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နောက်ဆုံးထား၍ နိုင်ငံသူ၊ နိုင်ငံသားများအားလုံးသည် အကြောင်းအမျိုးမျိုးနှင့် နည်းမျိုးစုံဖြင့် မိမိတို့နေအိမ်၊ တိုက်ခန်းနှင့် နေရာအသီးသီးတွင် တရားမဝင် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပါအဝင် နိုင်ငံတော်မှဥပဒေအရ တားမြစ်ပြဋ္ဌာန်းထားသည့် မူးယစ်ဆေးဝါးများ လက်ဝယ်သို့ရောက်ရှိ သိမ်းဆည်းထားခြင်းများရှိကြပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ/ နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက် အပ်နှံကြပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် စစ်ဆေးတွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း သတိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

*စာမျက်နှာ ၈ မှ*

ဘာကြောင့်လဲဆိုတော့ ယနေ့အခြေအနေ လိုအပ်ချက်အရ လွတ်လပ်ရေးမဆုံးရှုံးဖို့နဲ့ ကျစ်လျစ်ခိုင်မာတဲ့ ညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးသည်သာ ပြည်သူများရဲ့ အဓိကလိုလားတောင့်တချက်ဖြစ်နေလို့ပါပဲ။

အရေးကြီးတဲ့ မျိုးချစ်စိတ်ဓာတ်နဲ့အတူ လွတ်လပ်ရေးကိုတန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်လိုတဲ့ စိတ်ဓာတ်တွေ စုစည်းနိုင်ပြီဆိုရင် ကျန်တဲ့ကဏ္ဍတွေဖြစ်တဲ့ စီးပွားရေး၊ ကာကွယ်ရေး၊ ယဉ်ကျေးမှုစတဲ့ အရေးအရာ အားလုံးမှာလည်း အင်အားကြီးမားလာမှာပဲ ဖြစ်ပါတယ်။ “ကျွဲကူးရေပါ” ဆိုသလို နိုင်ငံရေးတည်ငြိမ်ပြီး ပြည်သူတွေရဲ့ နိုင်ငံရေးရေချိန်လည်း လိုက်ပါမြင့်မားလာမှာ ဖြစ်ပါတယ်။ ကဏ္ဍအားလုံး စွမ်းပကားနိမ့်ပါးအားနည်းတဲ့ အခြေအနေမှာ အင်အားတောင့်တင်းတဲ့ နိုင်ငံတော်ကြီးအဖြစ်ကနေ ဝါးအစည်းပြေသလို ဆုတ်ယုတ်ပျက်ပြားခဲ့ရပြီးမှ ခက်ခက်ခဲခဲ ကယ်တင်ဖြေရှင်းခဲ့ရတဲ့ ဆိုးရွားတဲ့အတွေ့အကြုံတွေဟာ မမေ့ကောင်းတဲ့အရာတွေပဲ ဖြစ်ပါတယ်။ တွေးခေါ်မြော်မြင်မှု နည်းပါးတဲ့ခေါင်းဆောင်တွေလက်ထက်မှာ တိုင်းပြည်ကျွန်ဖြစ်ခဲ့ရတာ၊ လွတ်လပ်ရေးမရမီသွေးခဲ့အုပ်ချုပ်ခံခဲ့ကြရလို့ ယနေ့ထိတိုင် လက်နက်ကိုင်ပဋိပက္ခတွေ မချုပ်ငြိမ်းနိုင်သေးတာ၊ ဒါတွေအားလုံး သင်ခန်းစာယူစရာတွေ၊ မမေ့အပ်တဲ့အရာတွေပဲ ဖြစ်ပါတယ်။

> ◆ **ရိုးသားမှုတွေပျောက်ဆုံးမယ်၊ မှန်လားမှားလား ကောင်းမှန်းဆိုးမှန်းမသိ၊ သတ်မယ်ဖြတ်မယ်၊ ခိုးမယ်လုမယ်၊ အဂတိဖြစ်မယ်၊ မုသားတွေချဲ့ထွင်မယ် စတဲ့ လောကပျက်စီးမှုရဲ့အစ အေးချမ်းသာယာမှုနဲ့ တည်ငြိမ်မှုကင်းမဲ့လာတဲ့အခါ လွတ်လပ်ရေးဆုံးရှုံးနိုင်ခြေ၊ အချုပ်အခြာအာဏာ ပျက်ယွင်းနိုင်ခြေများစွာရှိလာနိုင်တယ်ဆိုတာ မြင်တတ်ရပါမယ်။ သင်ခန်းစာယူနိုင်ရပါမယ်။ အကြောင်းက လောကပါလတရားတွေနဲ့အညီ လောကကြီးကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဟာ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ခြင်းလည်း ဖြစ်တဲ့အတွက်ပါပဲ**

လွတ်လပ်ရေး၏တန်ဖိုးကို လွတ်လပ်မှုဆုံးရှုံးဖူးမှ သိရသလို၊ အင်အားကြီးသူ၏ ဖိနှိပ်မှုကို ခံရဖူးမှလည်း ညီညွတ်မှုအင်အားရဲ့တန်ဖိုးကို သိရတာဖြစ်လို့ အခုအချိန်မှာ ပြည်သူအားလုံး၊ နိုင်ငံသားအားလုံး၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြဖို့ အထူးကို လိုအပ်နေပါပြီ။ သွေးနီးပြီး သွေးစည်းကြဖို့ အရေးကြီးပါပြီလို့ တိုက်တွန်းနှိုးဆော်ပါရစေ။

ကျိုးပျက်နေတဲ့ သစ္စာတရားတွေကို တည်ဆောက်နိုင်ရေး တစ်ဦးအပေါ်တစ်ဦး ယုံကြည်ပေးဖို့ ကတိကဝတ်တွေ ပြန်တည်ကြဖို့ လိုအပ်ပြီလို့ ထင်မြင်မိပါတယ်။ မျိုးချစ်စိတ်ကို နိုးကြားတက်ကြွအောင် နှိုးဆွစေ့ဆော်ပေးပြီး လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လိုတဲ့ စိတ်ဓာတ်နဲ့ ပေါင်းစည်းမှုစွမ်းအားကို အရယူနိုင်ရပါမယ်။ တစ်ဦးနဲ့တစ်ဦး မေတ္တာမှန်၊ စေတနာမှန်စိတ်ထားနဲ့ မျိုးဆက်သစ်တို့အတွက် လိုရာပုံကို သွင်းနိုင်ဖို့ ကြိုးပမ်းအားထုတ်ရပါမယ်။ ဒါမှသာ တစ်လက်မမှ အပွန်းအပဲ့မခံနိုင်တဲ့ လွတ်လပ်ရေးရဲ့ တန်ဖိုးကို အာမခံနိုင်မှာဖြစ်သလို လွတ်လပ်ရေးရဲ့ အသီးအပွင့်ကိုလည်း လွတ်လွတ်လပ်လပ် ခံစားနိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

❒ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။


**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# အိန္ဒိယ-မြန်မာနယ်စပ်ဒေသများ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေးကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ အမြင်ချင်းဖလှယ်ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် ရှရီ ဟာ့ရှ် ဗာ့ဒ်ဟန် ရှရင်ဂလာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁) ရုံးအမှတ်(၄၁)၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာဆက်ဆံရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ အိန္ဒိယ-မြန်မာ နယ်စပ်ဒေသများ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေးကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

သတင်းစဉ်

# တက္ကသိုလ်များအနေဖြင့် ဒေသလိုအပ်ချက်ကို ဖြည့်ဆည်းပေးသော အသုံးချဘာသာရပ်များ သင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ကြရမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာန၊ ဓာတုဗေဒဌာန၊ သတ္တဗေဒဌာန၊ ရုက္ခဗေဒဌာနရှိ စာသင်ခန်းများ၊ သိပ္ပံလက်တွေ့ခန်းများ၊ သုတေသန ဓာတ်ခွဲခန်းများ၊ စာကြည့်တိုက်များကို လှည့်လည်ကြည့်ရှုသည်။ **(ယာပုံ)**



ယင်းသို့ ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တက္ကသိုလ်ရှိ သုတေသနခန်းများနှင့် သိပ္ပံလက်တွေ့ခန်းများ အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်ရန်အတွက် လိုအပ်သည့် ဒီဇိုင်းနှင့် ခန့်မှန်းကုန်ကျစရိတ်များကို တွက်ချက်တင်ပြရေး၊ စာသင်ဆောင်များ၊ ကျောင်းသားကျောင်းသူဆောင်များ ဥပမိရပ်ကောင်းမွန်ရေးနှင့် ပြုပြင်မွမ်းမံရေးအတွက် စနစ်တကျစာရင်းပြုစု တင်ပြကြစေလိုပါကြောင်း၊ တက္ကသိုလ်စာကြည့်တိုက်အတွက် စာအုပ်များ၊ ပရိဘောဂများ ပြည့်စုံအောင် ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ စာသင်ဆောင်များတွင် လျှပ်စစ်မီးခလုတ်များ၊ လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေး ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ တက္ကသိုလ်များအနေဖြင့် ဒေသထွက်ကုန်၊ ဒေသတွင်းစက်မှုလုပ်ငန်းများနှင့် ဒေသလိုအပ်ချက်ကို ဖြည့်ဆည်းပေးသော အသုံးချဘာသာရပ်များကို သင်ကြားနိုင်ရေးအတွက် တက္ကသိုလ် တစ်ခုချင်းအလိုက် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ ကြိုးပို့ရေး အဆင်ပြေချောမွေ့စေရန် မော်တော်ယာဉ်များ ဖြည့်ဆည်းပေးနိုင်ရေးတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဝေါနှင့် ပဲခူးမြို့တို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲနှင့် ပန်းခင်းစီမံချက်လျာထားချက် ပြီးမြောက်အောင်မြင်ပွဲကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၂၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝေါမြို့နယ် ဦးစီးဌာနမှူးရုံး၏ နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲနှင့် ပန်းခင်းစီမံချက် လျာထားချက် ပြီးမြောက်အောင်မြင်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဝေါမြို့နယ်အတွင်းမှ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ပန်းခင်းစီမံချက်ဖြင့်ဆောင်ရွက်ပေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုင်ငံတော်၏အနာဂတ်အတွက် မဖြစ်မနေ ဆောင်ရွက်ရမည့် နိုင်ငံသားတိုင်းကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနမှ နိုင်ငံနှင့်အဝန်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပန်းခင်းစီမံချက်ကို ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ၁၈ လကြာ ဆောင်ရွက်ရန်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃ ဒသမ ၄၉ သန်းကျော် ဆောင်ရွက်ပေးရန် လျာထားဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါအခြေအနေနှင့် အချို့ဒေသများတွင် လုံခြုံရေးအခြေအနေ စသည့်အဟန့်အတားအခက်အခဲများကြားမှ ဆောင်ရွက်ကြရခြင်း ဖြစ်ပါကြောင်း၊၊

ပဲခူးတိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅၉၅၇၆ ကတ် လျာထားဆောင်ရွက်ခဲ့ရာ ယခုအထိ ၁၁၂၁၅ ကတ် ပြီးစီးနေပြီး ဝေါမြို့နယ်အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၂၄၈ ကတ် လျာထားဆောင်ရွက်ခဲ့ရာ ယခုအထိ ၅၄၄၅ ကတ် ၁၀၃ ဒသမ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ရာ ပန်းခင်းစီမံချက်ဖြင့် လျာထားချက် ပြီးမြောက်ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် များစွာဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ ယင်းကာလအတွင်း အိမ်ထောင်စုလူဦးရေစာရင်း မရှိသေးသူများအတွက် အိမ်ထောင်စုလူဦးရေစာရင်း ၁၄၃၆ စုကိုလည်း ထုတ်ပေးခဲ့ပြီး ဖြစ်သည်ကို တွေ့ရပါကြောင်း။

**တာဝန်ကျေပွန်စွာထမ်းဆောင်**

မိမိတို့ဌာန၏ လုပ်ငန်းများသည် စီမံချက်အရ လျာထားချက်ပြည့်မီသော်လည်း ပြီးဆုံးခြင်းမရှိသည့်အတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေရသည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများအနေဖြင့် နိုင်ငံနှင့်ပြည်သူအတွက် ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ဆက်လက်ကြိုးပမ်းထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ခရိုင်နှင့်မြို့နယ်အလိုက် လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမှု၊ ဝေါနှင့်ပဲခူးမြို့နယ်တို့ကဲ့သို့ ကျန်မြို့နယ်အသီးသီးသည်လည်း မြို့နယ်များအလိုက် ပန်းခင်းစီမံချက်လျာထားချက် ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် ဝေါမြို့နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာကိုယ်စားလှယ်များထံသို့ လည်းကောင်း၊ စီမံချက်လျာထားချက် ပြီးမြောက်အောင်မြင်ခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ဝေါမြို့နယ်ဦးစီးမှူးထံသို့လည်းကောင်း ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့သည် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ပဲခူးမြို့နယ်ဦးစီးဌာနမှူးရုံး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲနှင့် ပန်းခင်းစီမံချက် လျာထားချက်ပြီးမြောက်အောင်မြင်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် ပဲခူးမြို့နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကာယကံရှင်ပြည်သူများထံသို့လည်းကောင်း၊ စီမံချက်လျာထားချက် ပြီးမြောက်အောင်မြင်ခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပဲခူးမြို့နယ် ဦးစီးမှူးထံသို့လည်းကောင်း ပေးအပ်ကြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ဝေါမြို့နယ်နှင့် ပဲခူးမြို့နယ်တို့သည် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ပထမဦးဆုံး စီမံချက်လျာထားချက် ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် မြို့နယ်များဖြစ်ကြပြီး ၁၈ လကြာ ဆောင်ရွက်ရမည့် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ဝေါမြို့နယ်အနေဖြင့် ၅၂၄၈ ကတ် လျာထားရာ ယခုစီမံချက်ကာလ ခုနစ်လအတွင်း ၅၄၄၅ ကတ် (၁၀၃ ဒသမ ၇၅) ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ပဲခူးမြို့နယ်အနေဖြင့် ၉၉၀၆ ကတ် လျာထားရာ ယခုစီမံချက်ကာလ ခုနစ်လအတွင်း ၁၀၄၁၅ ကတ် (၁၀၅ ဒသမ ၁၄) ရာခိုင်နှုန်းဖြင့် လည်းကောင်း လျာထားချက် ပြီးစီးအောင်မြင်အောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံ၏ ပထမဆုံးအပန်းဖြေတံတားကို မကြာမီဖွင့်လှစ်နိုင်ရန် ဆောင်ရွက်နေ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ပြည်သူများ အပန်းဖြေနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ပထမဆုံး အပန်းဖြေတံတားဖြစ်သည့် သာကေတတံတားဟောင်းရှိ Linear Park ကို မကြာမီ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ သိရသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်ကို ဆက်သွယ်ထားသည့် ပုဇွန်တောင်ချောင်းကူး သာကေတတံတားဟောင်းရှိ စက်ဘီးလမ်းနှင့် လူသွားလမ်းပါ Linear Park ကို ပြည်သူများ စိတ်အေးချမ်းသာယာပြီး အန္တရာယ်ကင်းကင်းဖြင့် အပန်းဖြေအနားယူနိုင်ရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ Linear Park သည် အလျား ၁၇၈၀ ပေ အကျယ် ၁၂ ပေရှိ ကတ္တရာ ကွန်ကရစ်ခင်း စက်ဘီးလမ်းဖြစ်ပြီး လမ်းဘေးတွင် သုံးပေအကျယ်ရှိ ပန်းခုံ၊ ကိုးပေအကျယ်ရှိ ကျောက်ပြားခင်း လူသွားလမ်းနှင့် အားကစားပြုလုပ်ရာနေရာများပါဝင်ကြောင်း သိရသည်။

တံတားအတက်အဆင်းတွင် ကြွေပြားခင်းလှေကား၊ အုတ်ခုံတန်းနှင့် သန့်စင်ခန်းများလည်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကာ လက်ရှိ တွင် ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြေယာရှုခင်း ပြုပြင်ခြင်းအတွက်လည်း ပန်းဥယျာဉ်နှင့် အားကစားကွင်းဌာနမှ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

**အာကာစိုး**

# ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်းယှဉ်ပြိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

လာမည့်နှစ်တွင် ပြုလုပ်မည့် ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ တတိယအဆင့်ခြေစစ်ပွဲကို ၂၀၂၂ ခုနှစ် ဇွန် ၈ ရက်မှ ၁၄ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး စုစုပေါင်း ၂၄ သင်းကို လေးသင်း ခြောက်အုပ်စုခွဲ၍ ပြုလုပ်မည်ဖြစ်သည်။

၂၀၂၃ အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် အသင်းပေါင်း ၂၄ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး အိမ်ရှင် တရုတ်အပါအဝင် ၁၃ သင်း ထွက်ပေါ်ပြီး ဖြစ်သောကြောင့် တတိယအဆင့်ခြေစစ်ပွဲမှ ၁၁ သင်းသာ ထပ်မံထွက်ပေါ်မည်ဖြစ်သည်။ တတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအပါအဝင် ကူဝိတ်၊ ဥဇဘက်ကစ္စတန်၊ တာဂျစ်ကစ္စတန်၊ ဖိလစ်ပိုင်၊ ဂျော်ဒန်၊ ဘာရိန်း၊ ပါလက်စတိုင်း၊ အိန္ဒိယ၊ ကာဂျစ္စတန်၊ မလေးရှား၊ တာ့ခ်မင်နစ္စတန်၊ မော်လ်ဒိုက်၊ နီပေါ၊ ဟောင်ကောင်၊ စင်ကာပူ၊ အာဖဂန်နစ္စတန်၊ မွန်ဂိုလီးယား၊ ထိုင်း၊ သီရိလင်္ကာ၊ ယီမင်၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

* *ကျောဖုံးမှ*

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

အခမ်းအနားသို့ အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်နှင့်အတူ အိန္ဒိယကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး ဆော်ရက်(ဘ်) ကူမားနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အိန္ဒိယနိုင်ငံက လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို လေကြောင်းဖြင့် အသုတ်လိုက် ပေးပို့သွားမည်ဖြစ်ပြီး ပထမအသုတ် ပို့ဆောင်မှုအဖြစ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်းလိုင်း၏ ကယ်ဆယ်ရေးလေယာဉ်ဖြင့် ဒီဇင်ဘာ ၂၂ ရက်တွင် ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

**သတင်းစဉ်**

# ကင်ဆာရောဂါဝေဒနာရှင်များ စိတ်ချမ်းသာစွာ ဆေးကုသနိုင်ရေး ဓာတ်ရောင်ခြည်ကုသမှုအတွက် စောင့်ဆိုင်းရသည့် အချိန်လျှော့ချနိုင်ရေးဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၃

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် လာမည့် ၂၀၂၂ ခုနှစ်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ဆေးတက္ကသိုလ် (၁) စာကြည့်တိုက်ရှိ အစည်းအဝေးခန်းမမှတစ်ဆင့် Zoom Meeting ဖြင့် တက်ရောက်သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဆေးကုသဆောင်အသစ် ဆောက်လုပ်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

### ထိရောက်စွာ အသုံးပြုနိုင်ရေး

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်းတွင် အိန္ဒိယနိုင်ငံမှ ဝယ်ယူထားသည့် Covishield (၁၃ ဒသမ ၄) သန်း၊ Sasakawa foundation မှ လှူဒါန်းသည့် Covaxin နှစ်သန်း၊ အိန္ဒိယနိုင်ငံမှ လှူဒါန်းမည့် Covaxin တစ်သန်း၊ တရုတ်နိုင်ငံမည့် လှူဒါန်းမည့် Sinovac တစ်သန်း ရရှိရန်ရှိပါကြောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ရုရှားနိုင်ငံမှ ဝယ်ယူထားသည့် Sputnik Light တစ်သန်း၊ ဖေဖော်ဝါရီလမှစတင်၍ မြန်မာနိုင်ငံတွင် ထုတ်လုပ်မည့် Sinopharm ကာကွယ်ဆေးများ လစဉ် တစ်သန်းခန့် ရရှိရန်ရှိသည့်အတွက် ကာကွယ်ဆေးများကို စနစ်တကျ၊ အလေအလွင့်၊ အပျက်အစီးမရှိဘဲ ထိရောက်စွာ အသုံးပြုနိုင်ရေးကို အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးများ၏ သက်တမ်းကုန်ဆုံးရက် မတိုင်မီ နိုင်ငံသူနိုင်ငံသားများအား ကာကွယ်ဆေးများ အာနိသင်မပျက် ကောင်းမွန်စွာ အသုံးပြုနိုင်ရန် ကာကွယ်ဆေးများ လက်ခံ၊ ထိန်းသိမ်း၊ ထားသို၊ ဖြန့်ဝေ၊ ထိုးနှံသည့် အဆင့်တိုင်းတွင် ကာကွယ်ဆေးအလိုက် ထိန်းသိမ်းထားရှိရမည့် အအေးလမ်းကြောင်းကို အထူးအလေးထား ဂရုပြုဆောင်ရွက်စေလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် လာမည့် ၂၀၂၂ ခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

### ပေါင်းစပ်ညှိနှိုင်း

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ကံကောင်း က ၂၀၂၂ ခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမည့် လုပ်ငန်း၏ ရည်ရွယ်ချက်များနှင့် ဆောင်ရွက်မည့် အစီအစဉ်များအနက် ကာကွယ်ဆေး ထိုးနှံရန် ကျန်သေးသည့် ဦးတည်အုပ်စုအသီးသီးကို ဆက်လက်ထိုးနှံမည့် ဆေးအမျိုးအစားနှင့် အသေးစိတ်စီမံချက်များ၊ ထပ်ဆောင်းထိုးနှံပေးမည့် ဦးတည်အုပ်စု၊ ဆေးအမျိုးအစားနှင့် ထိုးနှံမည့် အစီအစဉ်အသေးစိတ်များကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြဆွေးနွေးချက်များနှင့်ပတ်သက်ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကင်ဆာရောဂါကုသဆောင် ငါးထပ်ဆောင်သို့ သွားရောက်၍ ကင်ဆာရောဂါ ဝေဒနာရှင်များ စိတ်ချမ်းသာစွာ ဆေးကုသနိုင်ရေး ကင်ဆာရောဂါ လူနာများ ဓာတ်ရောင်ခြည် ကုသမှုအတွက် စောင့်ဆိုင်းရသည့် အချိန်လျှော့ချနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားရန် မှာကြားသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခုနစ်ထပ် ဆေးကုသဆောင် (အသစ်) ဆောက်လုပ်ရေး လုပ်ငန်းခွင်သို့ လှည့်လည်ကြည့်ရှု စစ်ဆေးကာ အလေအလွင့်မရှိစေရေး၊ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေး၊ သတ်မှတ်အချိန်အတွင်း အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Center တွင် ရန်ကုန်ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူများ၊ ပါမောက္ခ၊ ဌာနမှူးများ၊ အထူးကုဆရာဝန်များ၊ သူနာပြုများနှင့် တွေ့ဆုံ၍ လူနာများ အားကိုးနိုင်သည့် ဆေးရုံဖြစ်ရေး၊ စေတနာဖြင့် လက်ခံကုသမှုပေးရေးတို့ကို မှာကြားပြီး တက်ရောက်လာသူများ၏ တင်ပြဆွေးနွေးချက်များကို ပြန်လည်ဆွေးနွေးကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံစာရင်းကောင်စီသည် စာရင်းပညာမူဝါဒများဆိုင်ရာကိစ္စရပ်များအတွက် ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် တစ်ခုတည်းသောအဖွဲ့အစည်းဖြစ်

နေပြည်တော် ဒီဇင်ဘာ ၂၃

**“မြန်မာနိုင်ငံစာရင်းကောင်စီအကြောင်း သိကောင်းစရာများ” ခေါင်းစဉ်ဖြင့် အသိပညာများဖြန့်ဝေသည့် ဆွေးနွေးပွဲ အမှတ်စဉ်(၁၀)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေးစည်းမျဉ်းများနှင့်အညီ Virtual စနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)



ဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က မြန်မာနိုင်ငံ စာရင်းကောင်စီ (MAC) ကို ၁၉၇၂ ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေ (၁၉၇၂ခုနှစ်) အရ စတင်ဖွဲ့စည်းခဲ့ပြီး ယခုလာမည့် ဇန်နဝါရီလတွင် နှစ် (၅၀) ပြည့်မည်ဖြစ်ကြောင်း၊ ၁၉၉၄ ခုနှစ်၊ ၂၀၁၅ ခုနှစ် နှင့် ၂၀၂၁ ခုနှစ်တို့တွင် မြန်မာနိုင်ငံ စာရင်းကောင်စီကို ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း။

### အထောက်အကူပြု

မြန်မာနိုင်ငံ စာရင်းကောင်စီသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုမည့် အရည်အချင်းပြည့်မီသော စာရင်းပညာရှင်များ မွေးထုတ်ခြင်း၊ နိုင်ငံတကာစာရင်းကိုင် စံများ၊ စာရင်းစစ်စံများနှင့်အညီ စာရင်းများကို စနစ်တကျ ထိန်းသိမ်းနိုင်ရေး၊ စာရင်းစစ်ဆေးခြင်းနှင့် စာရင်းဝန်ဆောင်မှု လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရေး အတွက် စာရင်းကိုင်စံများနှင့် စာရင်းစစ်စံများ သတ်မှတ်ပြဋ္ဌာန်းခြင်း၊ စာရင်းပညာရှင်များအား ကျင့်ဝတ်သိက္ခာစောင့်ထိန်းရေးကို တာဝန်ယူ ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (MICPA) ကို ကြီးကြပ်ခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအချိန်တွင် MICPA သည် အရှေ့တောင်အာရှနိုင်ငံများ ဆိုင်ရာ စာရင်းကိုင်များအဖွဲ့ချုပ် (ASEAN Federation of Accountants – AFA ) ၏ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ စာရင်းကောင်စီသည် စာရင်းပညာ မူဝါဒများဆိုင်ရာ ကိစ္စရပ်များအတွက် ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်ကြောင်း ပြောကြားသည်။

### ဆွေးနွေးတင်ပြ

ထို့နောက် မြန်မာနိုင်ငံစာရင်းကောင်စီရုံး (ရန်ကုန်) မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ပပဝင်းက မြန်မာနိုင်ငံစာရင်းကောင်စီ၊ စာရင်းကောင်စီဥပဒေနှင့် မြန်မာနိုင်ငံစာရင်း ကောင်စီရုံး၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ဇင်ဝင်းက စာရင်းကိုင်/စာရင်းစစ်နှင့် စာရင်းလုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာများကိုလည်းကောင်း၊ တာဝန်ရှိသူများက လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း၊ ဒီပလိုမာ စာရင်းကိုင်သင်တန်းနှင့် စာရင်းကိုင် အလုပ်သင်ဆိုင်ရာများကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အကြံပြုခြင်း၊ ဆွေးနွေးမေးမြန်းခြင်းများ ပြုလုပ်ကြသည်။

### တက်ရောက်ဆွေးနွေး

ဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စုပေါင်းခန်းမနှင့် သင်တန်းကျောင်း ခန်းမလေးခုတို့၌ တာဝန်ရှိသူများက Virtual စနစ်ဖြင့် တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖွင့်လှစ်သည့် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း တက်ရောက်သူ ၁၀၇၂ ဦးရှိ

ပုသိမ် ဒီဇင်ဘာ ၂၃


ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ဒီဂရီကောလိပ် ပညာရတနာခန်းမ၌ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်းPPTT(၇/၂၀) မောင်မယ်သစ်လွင်ကြိုဆိုပွဲသို့ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သင်တန်းတက်ရောက်မည့်ဆရာ ဆရာမများအတွက် ထောက်ပံ့သည့် ငွေကျပ်သိန်း ၂၀ နှင့် ကြက်ဥများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးဒေါ်သန်းသန်းနိုင်က လက်ခံယူသည်။

ယခုသင်တန်းသို့ ပုသိမ်ခရိုင်မှ ၃၁၅ ဦး၊ ဟင်္သာတခရိုင်မှ ၂၅၀၊ ရန်ကုန်အရှေ့ပိုင်း ခရိုင်မှတစ်ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၂၃ ရက်မှ မတ် ၄ ရက်အထိ ရက်သတ္တပတ် ၁၁ ပတ် ကြာမြင့်မည်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပညာရေးဒီဂရီကောလိပ်များဖြစ်သည့် ပုသိမ်၌ ၅၆၆ ဦး၊ မြောင်းမြ၌ ၂၅၉ ဦး၊ ဘိုကလေး၌ ၂၄၇ ဦးတို့ သင်တန်းတက်ရောက်လျက်ရှိကြောင်း သိရသည်။

ကိုတွတ်(ပြန်/ဆက်)

# မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့က ဦးဆောင်၍ (၁၂) ကြိမ်မြောက် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့အစည်းအဝေးကျင်းပ




နေပြည်တော် ဒီဇင်ဘာ ၂၃

**မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ကဦးဆောင်၍ (၁၂) ကြိမ်မြောက် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့အစည်းအဝေး (12th ADMM–Plus Experts' Working Group on Counter–Terrorism Meeting EWG on CT Meeting) ကို ဒီဇင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးသို့ ADMM–Plus EWG–CT ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသော မြန်မာ့တပ်မတော်မှ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးသန့်၊ ရုရှားတပ်မတော်မှ Major General Grigory TURIN တို့နှင့်အတူ အာဆီယံနိုင်ငံများ၊ အာဆီယံဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသော ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ တောင်ကိုရီးယား၊ အမေရိကန်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်အဖွဲ့များ ပါဝင်တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

အစည်းအဝေးတွင် ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဝင်နိုင်ငံများက အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေး စာတမ်းများ ဖတ်ကြားဆွေးနွေးသည်။ မြန်မာနိုင်ငံက "The Terrorist Attacks, Threatening National Security in Myanmar" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ အမျိုးသားလုံခြုံရေးကို ထိပါးနှောင့်ယှက်နေမှုများမှာ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများနှင့် မူးယစ်ဆေးဝါးပြဿနာများအပါအဝင် လက်ရှိဖြစ်ပေါ်နေသော NUG နှင့် PDF တို့၏ အကြမ်းဖက်လုပ်ရပ်များဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုများ၊ ဥပဒေမဲ့ဆောင်ရွက်ချက်များကြောင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေညာခဲ့ရပြီး တပ်မတော်မှ နိုင်ငံတော်တာဝန်များကို ခေတ္တထိန်းသိမ်းခဲ့ရခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲ မသမာမှုများကို ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ အဖြေရှာရန် နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားခဲ့သော်လည်း NLD အစိုးရအနေဖြင့် အကြိမ်ကြိမ်ပယ်ချခဲ့ပြီး နောက်ဆုံးတွင် ၎င်းတို့၏ အငြင်းပွားဖွယ်ရာ ရွေးကောက်ပွဲရလဒ်နှင့် အစိုးရအသစ် ဖွဲ့စည်းရန် ကြိုးစားလာခြင်းကြောင့်သာ နိုင်ငံတော်၏ အရေးပေါ်အခြေအနေသို့ ဆိုက်ရောက်ခဲ့ရခြင်းဖြစ်ကြောင်း ဦးစွာရှင်းလင်းပြောကြားသည်။

**ထိန်းသိမ်းဆောင်ရွက်**

ဆက်လက်ပြောကြားရာတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် နောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများမှ အကြမ်းဖက်မှုသို့ အဆင့်ဆင့်ကူးပြောင်းခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်မှုများသို့ ကူးပြောင်းလာချိန်မှသာ အနည်းဆုံးအင်အားအနိမ့်ဆုံးအဆင့်ဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ ပေါ်ပေါက်လာခဲ့ပြီး ယင်းအကြမ်းဖက် အဖွဲ့အစည်းများက စစ်ဘက်ပစ်မှတ်မဟုတ်သည့် အရပ်ဘက်ပစ်မှတ်များကို အကြမ်းဖက် တိုက်ခိုက်ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း၊ NUG အဖွဲ့၏ စေခိုင်းချက်အရ PDF အမည်ခံ အကြမ်းဖက်သမားများက "ငါနဲ့မတူ၊ ငါ့ရန်သူ" အယူအဆဖြင့် အပြစ်မဲ့ ပြည်သူများအား ဒလန်အဖြစ် စွပ်စွဲပြီး အုပ်ချုပ်ရေးမှူးများနှင့် NLD ကို မထောက်ခံသည့် သာမန်ပြည်သူများကို ရက်ရက်စက်စက်သတ်ဖြတ်မှုများ ပြုလုပ်ခဲ့ကြောင်း၊ အထူးသဖြင့် CDM မလုပ်ဘဲ နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာဖြင့် တာဝန်ထမ်းဆောင်နေသည့် ဆရာ ဆရာမများနှင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မြို့နယ်ဆရာဝန်ကြီးအပါအဝင် ကျန်းမာရေးဝန်ထမ်းများကိုပါ လုပ်ကြံသတ်ဖြတ်မှုများ ပြုလုပ်ခဲ့ကြောင်း၊ လတ်တလောဖြစ်ပေါ်နေသော အကြမ်းဖက်လုပ်ရပ်များသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြစ်ပွားနေခြင်းမဟုတ်ဘဲ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အကြောက်တရားဖြင့် ထိန်းချုပ်ဆောင်ရွက်နေသည့် နေရာတချို့တွင်သာ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်းနှင့် ၎င်းအကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့ကြသည့် NUG ၊ PDF အမည်ခံအကြမ်းဖက်သမားများနှင့် အစွန်းရောက် NLD ပါတီထောက်ခံသူများ၏ ပါဝင်ပတ်သက်မှုများကို အထောက်အထားများဖြင့် ရှင်းလင်းပြောကြားသည်။

**"NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတကာမှ မသိရှိစေရန်နှင့် လိုရာဆွဲပုံဖော်နိုင်ရန် အစိုးရဆန့်ကျင်သည့် မီဒီယာများမှ တစ်ဖက်သတ်လုပ်ကြံသတင်းများ ရေးသားခြင်း၊ မြန်မာနိုင်ငံအပေါ်တွင် နိုင်ငံရေး ရည်မှန်းချက်ရှိသည့် အုပ်စုများအနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် ဖြစ်စဉ်များအပေါ်တွင် မဟုတ်မမှန်ဇာတ်လမ်းများကို လုပ်ကြံဖန်တီးတည်ဆောက်လျက်ရှိ"**

ဆက်လက်၍ NUG ၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတကာမှ မသိရှိစေရန်နှင့် လိုရာဆွဲပုံဖော်နိုင်ရန် အစိုးရဆန့်ကျင်သည့် မီဒီယာများမှ တစ်ဖက်သတ်လုပ်ကြံသတင်းများ ရေးသားခြင်း၊ မြန်မာနိုင်ငံအပေါ်တွင် နိုင်ငံရေး ရည်မှန်းချက်ရှိသည့် အုပ်စုများအနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် ဖြစ်စဉ်များအပေါ်တွင် မဟုတ်မမှန်ဇာတ်လမ်းများကို လုပ်ကြံဖန်တီးတည်ဆောက်လျက်ရှိခြင်း၊ မီဒီယာနည်းပညာနှင့် ငွေကြေးအကူအညီရယူပြီး ထိုသို့မဟုတ်မမှန် အကြောင်းအရာများကို ကြိမ်ဖန်များစွာ ထုတ်ပြန်ရေးသားခြင်းများကြောင့် Political Narrative များ ဖြစ်လာပြီး အမှန်တရားအလွန် နိုင်ငံရေး Post–truth Politics ၏ လက်နက်တစ်ခုအဖြစ် လုပ်ဆောင်နေကြကြောင်း။

**ဥပဒေများအတိုင်း ဆောင်ရွက်**

ကမ္ဘာပေါ်တွင် အကြမ်းဖက်ဝါဒအား အဓိပ္ပာယ်ဖွင့်ဆိုရာတွင် နိုင်ငံအားလုံး သဘောတူညီထားသည့် စံသတ်မှတ်ချက်မရှိသော်လည်း NUG၊ PDF အမည်ခံ အကြမ်း ဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များမှာ ကမ္ဘာ့နိုင်ငံကြီးများ၏ အကြမ်းဖက်ဝါဒ စံသတ်မှတ်ချက်များနှင့် ထပ်တူကျနေကြောင်း၊ ထို့ကြောင့် အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေများအတိုင်း ဆောင်ရွက်လျက်ရှိပြီး INTERPOL အပါအဝင် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းအကြမ်းဖက်မှု တိုက်ဖျက်ရေး အဖွဲ့အစည်းများထံသို့လည်း အကြောင်းကြားထားပြီးဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံ တချို့အနေဖြင့် ထိုအကြမ်းဖက်အဖွဲ့အစည်းများကို ထိတွေ့ဆက်ဆံမှုများ ပြုလုပ်နေခြင်းသည် အကြမ်းဖက်ဝါဒကို အားပေးအားမြှောက်ပြုရာရောက်နေကြောင်း၊ CRPH ၊ NUG ၊ PDF တို့၏ အကြမ်းဖက်မှုလုပ်ရပ်များကို မျက်ဝါးထင်ထင်သိရှိနေလျက်ဖြင့် ၎င်းတို့ကို အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် အသိအမှတ်ပြုရန် ခက်ခဲနေသော ဒီမိုကရေစီနိုင်ငံကြီးအချို့၏ စဉ်းစားမှုကို နားမလည်နိုင်ကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံရေးရလိုမှုကို အခြေခံသည့် အကြမ်းဖက်ဝါဒ မပြန့်ပွားစေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းစသည်ဖြင့် ဆွေးနွေးပြောကြားသည်။

**အပြန်အလှန်ဆွေးနွေး**

ရုရှားနိုင်ငံက "Threats to the national security of the Russian Federation emanating from the activities of international terrorist organizations" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် ရုရှားနိုင်ငံ၏ အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည့် အိမ်နီးချင်းနိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသမှ အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်အဖွဲ့အစည်းများအကြောင်းကို ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ "Evaluation of National Security Threats" ခေါင်းစဉ်ဖြင့် အဖွဲ့ဝင်နိုင်ငံအသီးသီးက ၎င်းတို့နိုင်ငံများ၏ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် အစည်းအဝေးတက်ရောက်လာသည့် အာဆီယံ ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက်နိုင်ငံများက စာတမ်းများအပေါ် ၎င်းတို့၏ အမြင်များကို အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ကြသည်။

အစည်းအဝေးသို့ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်ဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ASEAN Defence Ministers' Meeting–Plus (ADMM–Plus) လုပ်ငန်းစဉ်အောက်တွင် အာဆီယံအပေါင်း အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ (ADMM–Plus EWG on CT) ၏ ပူးတွဲဥက္ကဋ္ဌများအဖြစ် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးပစ္စည်းများ ပြည်ပမှအဆင်ပြေစွာတင်သွင်းနိုင်ရေး ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၊ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ ကုမ္ပဏီ သုံးခု၊ ယာဉ်စီးရေ လေးစီးဖြင့် အောက်ဆီဂျင် Plant တစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် Oxygen Concentrator အခု ၄၀ နှင့် နှာခေါင်းစည်း (Mask) ၁၀ တန်တို့ကို တင်သွင်းခဲ့သည်။ အောက်ဆီဂျင် Plant တစ်ခုမှာ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မန္တလေးမြို့သို့ဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးကောင်းပါက ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ဂျိုးဘိုင်ဒင်ပြော

**ဝါရှင်တန် ဒီဇင်ဘာ ၂၃**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ၎င်းသာ ကျန်းမာရေးကောင်းခဲ့မည်ဆိုပါက ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲအတွက် ထပ်မံယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဒီဇင်ဘာ ၂၂ ရက် အေဘီစီ ကမ္ဘာ့သတင်းအစီအစဉ် တွေ့ဆုံမေးမြန်းခန်းတွင် အစီအစဉ်တင်ဆက်သူ ဒေးဗစ်မီအာ၏ မေးမြန်းချက်ကို ဂျိုးဘိုင်ဒင်က ထိုသို့ ဖြေကြားလိုက်ခြင်းဖြစ်သည်။ ကံတရားကို ကြွံကြွံခံနိုင်သည့် လူတစ်ယောက်ဖြစ်သည်နှင့်အညီ ကံတရားက မိမိဘဝတွင် အကြိမ် ပေါင်းများစွာ နှောင့်ယှက်ဟန့်တားခဲ့သော်လည်း မှုမည် မဟုတ်ဘဲ ထိုအချိန်တွင်ကျန်းမာရေး ကောင်းခဲ့မည်ဆိုပါက အမေရိကန်သမ္မတအဖြစ် ထပ်မံအရွေးခံသွားမည်ဖြစ်ကြောင်း ဘိုင်ဒင်က ပြောကြားခဲ့သည်။

ဒေးဗစ်မီအာက ဘိုင်ဒင်အား အကယ်၍ မိမိပြိုင်ဘက်သည် သမ္မတဟောင်း ဒေါ်နယ်ထရမ့်သာ ဖြစ်ခဲ့မည်ဆိုလျှင်ရော ဝင်ရောက်ယှဉ်ပြိုင်ဦးမည်လားဟု မေးမြန်းခဲ့ရာ ဘိုင်ဒင်က မိမိကိုထပ်မံယှဉ်ပြိုင်ရန် လှုံ့ဆော်ပေးနေသည်ဟု ရယ်မောကာ ဖြေကြားခဲ့သည်။ ယှဉ်ပြိုင်ရမှာပေါ့။ ဒေါ်နယ်ထရမ့်ကို ဘာလို့ မယှဉ်ပြိုင်ရမှာလဲဟု ဘိုင်ဒင်က ပြောခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ပြန်လည်မြင့်တက်လာချိန် စီးပွားရေးအစီအစဉ်နှင့် ပတ်သက်ပြီး လုပ်သင့်လုပ်ထိုက်သည်များကို အင်နှင့်အားနှင့် မပြုလုပ်ခြင်းတို့ကြောင့် ဘိုင်ဒင်၏ ထောက်ခံနှုန်းမှာ လွန်ခဲ့သည့် နွေရာသီကတည်းက အကျဘက်သို့ ဦးတည်လာခဲ့သည်။ သမ္မတ၏ လူကြိုက်များခြင်း၊ မများခြင်းသည် နောင်လာမည့် ၂၀၂၄ ခုနှစ် သမ္မတ လေးနှစ်သက်တမ်းအတွက် လှုံ့ဆော်မှုဖြစ်သည်။ သမ္မတ ရွေးကောက်ပွဲကျင်းပမည့် ၂၀၂၄ ခုနှစ်တွင် ၎င်း၏အသက်သည် ၈၂ နှစ်ရှိမည်ဖြစ်သည်။

ဆင်ဟွာ



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်။

# လော့စ်အိန်ဂျလိစ်၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ နှစ်ဆကျော်မြင့်တက်

**လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၂၃**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်၏ လူဦးရေအထူထပ်ဆုံးတစ်ခုဖြစ်သည့် လော့စ်အိန်ဂျလိစ်တွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၀၅၂ ဦးမှ ၆၅၀၉ ဦးအထိ နှစ်ဆကျော်မြင့်တက်လာကြောင်း ပြည်သူ့ကျန်းမာရေးအာဏာပိုင်များက ဒီဇင်ဘာ ၂၂ ရက်က ပြောကြားခဲ့သည်။

ရက်တရက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် မြင့်တက်လာခြင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကာလတစ်လျှောက် မကြုံစဖူးထူးကဲစွာ တွေ့မြင်ရသည့် အခြေအနေတစ်ခုဖြစ်သည်။ အိုမီခရွန်မိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားမှု တိုးလာခြင်း၏ သက်ရောက်မှု တစ်ခုလည်းဖြစ်ကြောင်း လော့စ်အိန်ဂျလိစ် ပြည်သူ့ကျန်းမာရေးဌာနက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ဒီဇင်ဘာ ၂၂ ရက်က အိုမီခရွန်မိုင်းရပ်စ်သစ် ထပ်မံကူးစက်ဖြစ်ပွားသူ ၁၆၂ ဦးရှိကြောင်း ဖော်ပြခဲ့သည်။ ပြည်သူ ၁၀ သန်းကျော် နေထိုင်သည့် လော့စ်အိန်ဂျလိစ်တွင် လတ်တလော ကိုဗစ်-၁၉ ဖြင့် ဆေးရုံတင်ထားရသူ ၇၄၈ ဦးရှိသည်။ ဒီဇင်ဘာ ၂၂ ရက် ကိုဗစ်-၁၉ ပိုးတွေ့မှုနှုန်းသည် ၄ ဒသမ ၅ ရာခိုင်နှုန်းရှိကာ လွန်ခဲ့သော သီတင်းပတ်ကထက် ၁ ဒသမ ၉ ရာခိုင်နှုန်း တိုးလာခဲ့သည်။





လော့စ်အိန်ဂျလိစ်ရှိ Union Station တွင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ထားသည့် ခရီးသွားများကို တွေ့ရစဉ်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ၁၉ ဦး ထပ်မံသေဆုံးခဲ့သဖြင့် လော့စ်အိန်ဂျလိစ်တွင် ကိုဗစ်-၁၉ ဖြင့် သေဆုံးသူ ၂၇၄၈၈ ဦးရှိပြီး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၅၇၆၇၀၂ ဦးရှိသည်။

ယခုနှုန်းအတိုင်း ဆက်လက်တိုးနေပါက လော့စ်အိန်ဂျလိစ်တွင် ယခုနှစ်ကုန်လျှင် တစ်နေ့လျှင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၀၀၀၀ အထက်ရှိလိမ့်မည်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် လော့စ်အိန်ဂျလိစ်သည် တစ်ချိန်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားရာ ဗဟိုချက် နေရာတစ်ခုဖြစ်ခဲ့သည်။

ဆင်ဟွာ

## ယခုနှစ်တွင် ကိုဗစ်-၁၉ ကြောင့် အသက်ဆုံးရှုံးခဲ့သူ ၃ ဒသမ ၅ သန်းခန့်ရှိ

**ဂျီနီဗာ ဒီဇင်ဘာ ၂၃**

ယခုနှစ်တွင် ကိုဗစ်-၁၉ ကြောင့် အသက်ဆုံးရှုံးခဲ့သူ ၃ ဒသမ ၅ သန်းခန့်ရှိပြီး ယင်းပမာဏသည် အိတ်ချ်အိုင်ဗီ၊ ငှက်ဖျားရောဂါနှင့် တီဘီရောဂါတို့ဖြင့် သေဆုံးသည့် အရေအတွက်ထက် ပိုများကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ဖော်ပြလိုက်သည်။ သိပ္ပံပညာက ကိုဗစ်-၁၉ ကာကွယ်ဆေးအမျိုးမျိုးကို ထုတ်လုပ်နိုင်စွမ်းရှိခဲ့ပြီး လူတွေ၏ အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့သော်လည်း ကိုဗစ်-၁၉ ကာကွယ်ဆေး မျှမျှတတ ဖြန့်ဝေမှုမရှိခြင်းက အသက်ပေါင်းများစွာကို သေဆုံးစေခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ် အက်ဟာနွမ် ဂီဘရီယက်ဆုစ် က ပြောကြားခဲ့သည်။

အဆိုပါရောဂါဖြင့် အပတ်စဉ် လူပေါင်း ၅၀၀၀၀ ခန့် သေဆုံးနေကြောင်း တက်ဒရော့စ်က ပြောကြားခဲ့သည်။ တချို့နိုင်ငံများသည် အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနိုင်ရန် ကြိုးစားလျက်ရှိချိန်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံ ထက်ဝက်ကျော်ခန့်မှာ ယခုနှစ်ကုန်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ၄၀ ရာခိုင်နှုန်းအထိ ထိုးပေးနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ

## အမေရိကန်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသည့် ကလေးအရေအတွက် လျင်မြန်စွာတိုးနေ

**ဝါရှင်တန် ဒီဇင်ဘာ ၂၃**

အမေရိကန်ပြည်ထောင်စုရှိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသည့် ကလေးအရေအတွက်သည် အသက်အရွယ်အုပ်စုအားလုံး၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသည့် အရေအတွက်ထက် လျင်မြန်စွာတိုးပွားလာကြောင်း ကလေးဆေးပညာဆိုင်ရာအကယ်ဒမီနှင့် ကလေးဆေးရုံအဖွဲ့တို့က ထုတ်ပြန်လိုက်သော အချက်အလက်များအရ သိရသည်။

ဒီဇင်ဘာ ၁၆ ရက်အထိ အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသော ကလေးအရေအတွက် ၁၆၉၉၆၄ ဦးရှိကြောင်းနှင့် အဆိုပါပမာဏသည် အပတ်စဉ်စုစုပေါင်း ကိုဗစ်-၁၉ ဖြစ်ပွားသည့် အရေအတွက်၏ ၂၃ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။ အပတ်စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသည့် ကလေးအရေအတွက် သီတင်းပတ် ၁၉ ပတ်ဆက်တိုက် ၁၀၀၀၀၀ ကျော်လွန်ခဲ့သည်။

ဆင်ဟွာ

# နိုင်ဂျီးရီးယားတွင် သက်တမ်းကုန်ဆုံးသွားသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ တစ်သန်းကျော်ဖျက်ဆီး

**အဘူဂျာ ဒီဇင်ဘာ ၂၃**

နိုင်ဂျီးရီးယားအစိုးရသည် ဒီဇင်ဘာ ၂၂ ရက်က သက်တမ်းကုန်ဆုံးသွားသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ တစ်သန်းကျော်ကို ဖျက်ဆီးခဲ့သည်။



သက်တမ်းကုန်ဆုံးသွားသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဖျက်ဆီးနေသည်ကို တွေ့ရစဉ်။

နိုင်ဂျီးရီးယားမြို့တော် အဘူဂျာ ဆင်ခြေဖုံးတွင် ကာကွယ်ဆေး ဖျက်ဆီးနေမှုများကို အမျိုးသားကျန်းမာရေးစောင့်ရှောက်မှု ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၊ အစားအသောက်နှင့် ဆေးဝါးထိန်းချုပ်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသားအေဂျင်စီတို့က စောင့်ကြည့်ခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံသားများ ကာကွယ်ဆေးအပေါ် ယုံကြည်မှုရှိစေရန် ယခုလိုလုပ်ဆောင်ခြင်းဖြစ်ကြောင်း အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ အကြီးအကဲ ဖေဆယ်ရှုအစ်က သတင်းထောက်များကို ပြောကြားလိုက်သည်။ သက်တမ်းလွန်နေသော အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံးရေ ၁၀၆၆၂၁၄ ခုကို နိုင်ငံတစ်ဝန်းမှ ပြန်လည်သိမ်းဆည်းခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ကာကွယ်ဆေးထုတ်လုပ်သူများက သက်တမ်းတိုးပေးရန် တောင်းဆိုထားသော်လည်း နိုင်ဂျီးရီးယားအစိုးရက ငြင်းပယ်ခဲ့ကြောင်း နိုင်ဂျီးရီးယား ကျန်းမာရေး အာဏာပိုင်များက ပြောကြားခဲ့သည်။

ဆင်ဟွာ

# ဒီဇင်ဘာ ၂၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇၆ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၇ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉,၂၄၂ ဦးရှိ

**ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)ရောဂါပိုး နိုင်ငံပေါင်း ၁၀၆ နိုင်ငံ ပျံ့နှံ့**

(၂၃-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃–၁၂–၂၀၂၁) ရက် နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃,၄၀၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၇၆) ဦး တွေ့ရှိရပါသည်။** ထို့ကြောင့် ယနေ့အတွက် **ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၀၆) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၉၅၀,၇၉၆) ခုအား စစ်ဆေးခဲ့ပြီး **ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၉,၁၁၄) ဦး** ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၀၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၆,၅၁၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် **ထပ်မံသေဆုံးသူ (၇) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၄၂) ဦး** ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၃–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၃၉၄) ခု | (၇၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၂) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၇၄) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၀) ခု | (၁) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၁) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၄၅၄) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၁၄) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၅၂၈) ခု | (၁၇၅) ဦး |
| စုစုပေါင်း | (၁၃,၄၀၇) ခု | (၂၇၆) ဦး |

- **ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၂၃–၁၂–၂၀၂၁) ရက်နေ့၊ (၁၇:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၁၀၆) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိကာ အတည်ပြုလူနာ စုစုပေါင်း (၁၂၂,၇၈၅) ဦး ရှိပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြု တွေ့ရှိရပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒေသတွင်းနိုင်ငံများဖြစ်သော သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မော်လ်ဒိုက်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့တွင်လည်း ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိကြောင်း သိရှိရပါသည်။**
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ကမ္ဘာတစ်ဝှမ်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့် ပတ်သက်၍ အလွန်အမင်း စိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၃- ၁၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၂၅၁၀၉၇၈ | ၄၀၉၀၈၁၄၆ | ၈၃၃၀၂၉ |
| ၂။ | အိန္ဒိယ | ၃၄၇၆၅၉၇၆ | ၃၄၂၀၈၉၂၆ | ၄၇၈၇၅၉ |
| ၃။ | ဘရာဇီး | ၂၂၂၂၉၂၈ | ၂၁၄၁၄၃၁၈ | ၆၁၈၁၂၈ |
| ၄။ | ဗြိတိန် | ၁၁၆၄၇၄၇၃ | ၉၉၂၂၄၈၀ | ၁၄၇၅၇၃ |
| ၅။ | ရုရှား | ၁၀၃၁၈၆၅၀ | ၉၁၃၉၁၆၆ | ၃၀၁၂၇၁ |
| ၆။ | တူရကီ | ၉၂၂၈၈၃၅ | ၈၈၅၈၄၄၅ | ၈၀၉၅၇ |
| ၇။ | ပြင်သစ် | ၈၇၉၈၀၂၈ | ၇၇၀၁၂၇၂ | ၁၂၂၁၁၆ |
| ၈။ | ဂျာမနီ | ၆၉၁၅၃၅၃ | ၅၉၉၂၈၀၀ | ၁၁၀၂၃၄ |
| ၉။ | အီရန် | ၆၁၇၉၈၁၇ | ၆၀၁၉၃၄၃ | ၁၃၁၂၆၂ |
| ၁၀။ | စပိန် | ၅၆၄၅၀၉၅ | ၄၉၉၇၀၆၈ | ၈၈၉၃၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၃- ၁၂ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၆၁၂၀၈ | ၄၁၁၂၅၂၄ | ၁၄၄၀၄၂ |
| ဖိလစ်ပိုင် | ၂၈၃၇၉၀၃ | ၂၇၇၇၆၇၁ | ၅၀၉၈၁ |
| မလေးရှား | ၂၇၂၈၂၀၃ | ၂၆၄၇၅၈၇ | ၃၁၂၂၁ |
| ထိုင်း | ၂၂၀၂၀၀၁ | ၂၁၄၂၁၈၆ | ၂၁၅၀၁ |
| ဗီယက်နမ် | ၁၅၈၈၃၃၅ | ၁၁၇၃၄၈၄ | ၃၀၂၅၁ |
| မြန်မာ | ၅၂၉၁၁၄ | ၅၀၆၅၁၄ | ၁၉၂၄၂ |
| စင်ကာပူ | ၂၇၆၇၂၀ | ၂၇၂၆၇၅ | ၈၁၈ |
| ကမ္ဘောဒီးယား | ၁၂၀၄၃၄ | ၁၁၆၈၃၄ | ၃၀၀၆ |
| လာအို | ၁၀၃၃၃၆ | ၉၁၅၁၆ | ၂၉၉ |
| ဘရူနိုင်း | ၁၅၄၂၉ | ၁၅၁၈၉ | ၉၈ |

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာတွင် စံပြကွက် မိုးစပါးဧက ၁၀၀ ရိတ်သိမ်းခြင်းနှင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး ပိုက်ဆံလျှော်မျိုးစေ့ပေးအပ်ပွဲသို့ တက်ရောက်

မန္တလေး ဒီဇင်ဘာ ၂၃

**မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်က အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာ စံပြကွက်မိုးစပါးဧက ၁၀၀ တွင် တစ်ဧကအထွက်နှုန်း တင်း ၁၀၀ ရိတ်သိမ်းခြင်းနှင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး ပိုက်ဆံလျှော်မျိုးစေ့ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**




အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တောင်သူများနှင့် တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးကဏ္ဍနှင့် တောင်သူများကို ဦးစားပေး ပံ့ပိုးကူညီပေးရန် လမ်းညွှန်မှာကြားထားပါကြောင်း၊ စိုက်ပျိုးရေးဆောင်ရွက်နေမှုများကို မြေပြင်ကွင်းဆင်းကြည့်ရှုပြီး စိုက်ပျိုးတောင်သူများ၏ လိုအပ်သည်များကို ကူညီပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ဆန်စပါးဖူလုံမှုသည် ၅၈ ဒသမ ၁၈ ရာခိုင်နှုန်းရှိပြီး ကျန်သီးနှံထွက်ရှိမှုနှုန်းမှာ ရာနှုန်းပြည့်ကျော် ထွက်ရှိကြောင်း၊ ဆန်စပါး ၁၀၀ ရာခိုင်နှုန်း ဖူလုံရေးအတွက် စိုက်ပျိုးနေသည့် လယ်ယာမြေများ တစ်ဆင့်ပြီးတစ်ဆင့် အထွက်နှုန်း ပိုမိုကောင်းမွန်ရန်အတွက် စီမံချက်များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများအနေဖြင့်လည်း စိုက်ပျိုးရေးဦးစီးဌာနရှိ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ လက်တွေ့သရုပ်ပြ စိုက်ပျိုးနည်းစနစ်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ရေမြေအနေအထားပေါ်မူတည်၍ မျိုးကောင်းမျိုးသန့်ရရှိမှု၊ မှန်ကန်သည့် စိုက်ပျိုးနည်းစနစ်နှင့် မြေဩဇာများသုံးစွဲရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုက်ဆံလျှော်မျိုးစေ့များကို တောင်သူများထံသို့ ပေးအပ်ပြီး တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခင်းကျင်းပြသထားသော စပါးမျိုးစေ့များနှင့် စပါးနှံများအား ကြည့်ရှုပြီးနောက် တစ်ဧကအထွက်နှုန်း တင်း ၁၀၀ ကျော်ထွက်ရှိသည့် စံပြကွက် မိုးစပါးဧက ၁၀၀ စိုက်ကွင်းအတွင်း ကောက်ရိတ်စက်ကြီးဖြင့် မိုးစပါး ရိတ်သိမ်းနေမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ မြန်မာ့အလင်း

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များ အများပြည်သူသိရှိနိုင်ရေး သတင်းနှင့်ပြန်ကြားရေးဆိုင်ရာသင်တန်းပို့ချ

နေပြည်တော် ဒီဇင်ဘာ ၂၃

သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သော သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်က ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို နိုင်ငံပိုင်သတင်းစာ၊ ရုပ်မြင်သံကြားနှင့် ဂျာနယ်စာစောင်များတွင် အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် ဦးစီးဌာန၏ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်သတင်းမှန်များကို သင်တန်းမှ သင်ကြားပို့ချခဲ့သည့် သတင်းရေးသားနည်းများအတိုင်း အများပြည်သူများသိရှိအောင် ယခင်ကထက် ပိုမိုရေးသားထုတ်ပြန် ဆောင်ရွက်ကြစေ လိုကြောင်း ပြောသည်။



အဆိုပါ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ သင်တန်းကို ပြည်ထောင်စုဝန်ကြီးရုံး၊ သမဝါယမဦးစီးဌာန၊ အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ သတင်းရေးသားခြင်းကို စိတ်ပါဝင်စားသည့် သင်တန်းသား ၄၆ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို ဒီဇင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ သုံးရက်ကြာဖွင့်လှစ် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ကျေးလက်ဦးစီး

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၃-၁၂-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antibiotics** | | | | |
| 1 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 2 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| **Anti-inflammatory** | | | | |
| 3 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 4 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 5 | Injection– Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 6 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 7 | Injection – Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 8 | Injection Enoxaprim 40 mg | 1 Pre–Filled Syringe | 7000 | Nyi Lay Naing |
| 9 | Injection Enoxaprim 60 mg | 1 Pre–Filled Syringe | 9000 | Nyi Lay Naing |
| **Symptomatic** | | | | |
| 10 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## သတိပေးနှိုးဆော်ချက်

(၇၄)နှစ်မြောက်၊ လွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၂ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်းအခမ်းအနားနှင့် ၄-၁-၂၀၂၂ ရက်နေ့ ၀၄၀၀ အချိန်တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်ဘက်သို့ မောင်းနှင်သွားလာသောယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

# ညောင်ရွှေမြို့၌ မြို့တွင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်

ညောင်ရွှေ ဒီဇင်ဘာ ၂၃

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ မြို့ပြသန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို ကဏ္ဍအလိုက် စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ မြို့ပြသန့်ရှင်းသာယာလှပရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း မြို့ပြသန့်ရှင်းသာယာလှပရေးလုပ်ငန်းများဖြစ်သည့် ရုံးကြီးလမ်းနှင့် ဖောင်တော်ပြန်လမ်းတစ်လျှောက် လိုအပ်သည့်နေရာများ၌ လမ်းဘေးကတ်တုံးအသစ် ပေ ၁၆၈၀ ပြုလုပ်ခြင်း၊ ပလက်ဖောင်းအသစ် ပေ ၂၄၀ ပြုလုပ်ခြင်း၊ ဆေးသုတ်ခြင်းလုပ်ငန်း ၇၀၀၀ စတုရန်းပေကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ စိုင်းအယ်ဘဲ

## အမှားပြင်ဆင်ချက်

ဒီဇင်ဘာ ၂၃ ရက်ထုတ် သတင်းစာတွင် ပါရှိသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားချက်အမှတ် ၁/ ၂၀၂၁ ၌ **၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက် (၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(စာတည်း)

# မိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်းနှင့် အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၃

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ကြီးမှူးကျင်းပသည့် မိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်းနှင့် အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန(ပျဉ်းမနား)၌ ကျင်းပသည်။**

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်က ယခုသင်တန်းများသည် နည်းပညာဆိုင်ရာ သင်တန်းများဖြစ်သည်နှင့်အညီ စဉ်ဆက်မပြတ် ဆက်လက်လေ့လာကြိုးစားကြရန်လိုကြောင်း၊ သင်တန်းသူသင်တန်းသားများအနေဖြင့် ဌာနက သင်ကြားပေးလိုက်သည့် အသိပညာ၊ အတတ်ပညာများကို ဆတက်ထမ်းပိုး တိုးတက်တတ်မြောက်အောင် လေ့လာသင်ယူပြီး ဌာနအကျိုးနှင့် ပြည်သူ့အကျိုးအတွက် ပြန်လည်မျှဝေသင်ကြားပေးကြစေလိုကြောင်းဖြင့် ထည့်သွင်းပြောကြားသည်။

ထိုနောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်က အခြေခံကွန်ပျူတာသင်တန်းဆင်းလက်မှတ်များကို လည်းကောင်း၊ ညွှန်ကြားရေးမှူး(ပြန်/ဆက်) ဦးကျော်ဆင့်က မိုဘိုင်းဖုန်းပြုပြင်နည်း သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး အခြေခံ



ကွန်ပျူတာသင်တန်းနှင့် မိုဘုန်းဖုန်းပြုပြင်နည်း သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ စသည့်ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၂ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ၁၂ နယ်တို့၌ ဒေသခံပြည်သူ ၁၂၀၃၄ ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်၌ ဒေသခံပြည်သူ ၆၅၇၅ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၄၉၄ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်နှင့် မြိတ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၅၅၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်၌ ဒေသခံပြည်သူ ၃၅၅၀ ၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၄၄၅၀ ၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၁၆၂၀ ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၇၆၂၀နှင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ဒေသခံပြည်သူ ၁၀၃၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဒီဇင်ဘာ ၂၂ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၇၈၂ ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်ငါးမြို့နယ်၌ ကျောင်းသားကျောင်းသူ ၉၀၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသားကျောင်းသူ ၅၆၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ကျောင်းသား ကျောင်းသူ ၁၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘူးသီးတောင်မြို့နယ်၌ မေယုမြစ်ဖျား သဘာဝရေပြင်အတွင်း ရေချိုငါးသားပေါက်များစိုက်ထည့်

**ဘူးသီးတောင် ဒီဇင်ဘာ ၂၃**

ဘူးသီးတောင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်စေရေးနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိစေရေးတို့အတွက် မေယုမြစ်ဖျား သဘာဝရေပြင်အတွင်းသို့ နှစ်စဉ်ငါးမျိုးစိုက်ထည့်ပေးလျက်ရှိရာ ၂၀၂၁-၂၀၂၂ ခုနှစ် မျိုးစိုက်ရာသီအတွက် ငါးမျိုးစိုက်ထည့်ပွဲကို ယမန်နေ့က ဘူးသီးတောင်မြို့နယ် မေယုမြစ်ဖျား သဘာဝရေပြင်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ခြင်းကို ကိုဗစ်-၁၉ ညွှန်ကြားချက်နှင့်အညီ ပြုလုပ်သည်။

ရှေးဦးစွာ မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်တာဝန်ခံ ဦးညီထွေးက ငါးမျိုးများစိုက်ထည့်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ငါးသားပေါက်များကို (မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်မှုကော်မတီ)ထံ ပေးအပ်ခဲ့ရာ အခမ်းအနား တက်ရောက်လာကြသူများက လက်ခံရယူသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် ဘူးသီးတောင်မြို့နယ်တပ်နယ်မှူး ဗိုလ်မှူးကြီး မြတ်မင်းမိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျန်အေးနှင့် အဖွဲ့ဝင်များ၊ မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်တာဝန်ခံ ဦးညီထွေးနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်းနှင့် တာဝန်ရှိသူများ၊ခရိုင်/မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက မေယုမြစ်ဖျား သဘာဝရေပြင်အတွင်းသို့ ငါးသားပေါက်များကို စိုက်ထည့်ခဲ့ကြသည်။

ယနေ့ ငါးသားပေါက်လွှတ်ပွဲတွင် ငါးမြစ်ချင်း နှစ်လက်မအရွယ်အစား တစ်သောင်း၊ ရွှေဝါငါးကြင်းလေးသောင်းနှင့် ထိုင်းငါးခုံးမကြီးကောင်ရေ တစ်သိန်းခြောက်သောင်းရှိကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဆန်းဝင်းထံမှ သိရသည်။

**လှကျော်(ပြန်/ဆက်)**




## သီပေါမြို့၌ ကျန်းမာရေးအထောက်အကူပြုအားကစားပစ္စည်းများ ရပ်ကွက်နှင့် ကျေးရွာများသို့ အခမဲ့ထောက်ပံ့

**သီပေါ ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် ဆောင်းရာသီကာလတွင် ကိုယ်လက်လှုပ်ရှား ကျန်းမာရေးအတွက် မြို့ပေါ်နှင့် ကျေးလက်ဒေသမှ အခြေခံပညာ ကျောင်းများ၊ ကျေးလက်ရှိ ဘောလုံးအသင်းများကို ကျန်းမာရေးအထောက်



အကူပြု အားကစားပစ္စည်းများ အခမဲ့ ကွင်းဆင်းသွားရောက်ပံ့ပိုးပေးလျက်ရှိသည်။

အဆိုပါ အားကစားပစ္စည်းများကို တိန်းချေတိန်းစံကျေးရွာအုပ်စု နောက်ကပ်ကျေးရွာ ရွှေတောင်စာကြည့်တိုက်အသင်းဝင် လူငယ်မောင်မယ်များအတွက် ယနေ့နံနက်ပိုင်းတွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းရွှေမာနှင့် တာဝန်ရှိသူများက ရွှေတောင်ကျေးလက် စာကြည့်တိုက် တာဝန်ခံစာရေးဆရာ ဇာဏီဟိန်း(သီပေါ)ထံသို့ ကျေးရွာကျန်းမာရေး အထောက်အကူပြု ဘောလုံး၊ ဘော်လီဘော၊ ခြင်းလုံးများ ကူညီပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် နတ်ချောင်းကျေးရွာအတွင်း လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား အကြမ်းဖက်သမားများက လာရောက်ပစ်ခတ်တိုက်ခိုက်

နေပြည်တော်  ဒီဇင်ဘာ  ၂၃

**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်  နတ်ချောင်းကျေးရွာအတွင်း ဒေသခံပြည်သူများ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးတို့အတွက် လုံခြုံရေးလုပ်ငန်းများ  ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား CNF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက်ပိုင်းတွင် လာရောက်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။**

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် နတ်ချောင်းကျေးရွာ၌ ပြည်သူများ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးတို့အတွက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် CNF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမား အင်အား ၃၀၀ ခန့်က လက်နက်ကြီး/ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာ၏ အနောက်ဘက်သို့ ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

**အာပီဂျီတစ်လက် သိမ်းဆည်းရမိ**


ဖြစ်စဉ်တွင် အကြမ်းဖက်သမားများထံမှ အလောင်းကိုးလောင်း၊ အာပီဂျီ တစ်လက် (ပျက်စီး)၊ လက်လုပ်မိုင်း တစ်လုံး၊ လျှပ်စစ်ဒီတိုနေတာအခု ၂၅၀ ၊ မီးရှို့စနက်တံအခု ၄၀၀၊ ယမ်းကြိုး (မီတာ ၅၀ ပါ) လေးခွေတို့ကို သိမ်းဆည်းရမိခဲ့သည်။

**သတင်းထုတ်ပြန်**

အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာအချို့အတွင်း ဝင်ရောက်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နိုင်ခြင်းမရှိစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေး လုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်လျက်ရှိပြီး တာဝန်သိ ပြည်သူများအနေဖြင့်လည်း ပူးပေါင်းပါဝင်ကြရန် သက်ဆိုင်ရာက သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ နတ်ချောင်းကျေးရွာ၌ လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား အကြမ်းဖက်သမားများကလာရောက်ပစ်ခတ်တိုက်ခိုက်သည့် ဖြစ်စဉ် နေရာပြပုံ








အကြမ်းဖက်သမားများထံမှ  အာပီဂျီတစ်လက် (ပျက်စီး)၊ လက်လုပ်မိုင်းတစ်လုံး၊ လျှပ်စစ်ဒီတိုနေတာအခု ၂၅၀ ၊ မီးရှို့စနက်တံအခု ၄၀၀ ၊ ယမ်းကြိုး (မီတာ ၅၀ ပါ) လေးခွေတို့ကို  သိမ်းဆည်းရမိစဉ်။

## ဘားအံမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော်  ဒီဇင်ဘာ ၂၃**

ဘားအံမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၇ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် ဘားအံမြို့နယ် ဘားအံ-ထုံးအိုင် ကားလမ်းတွင် သံလွင်တံတားမှ ဘားအံမြို့သို့ စိုင်းစောရင်(၃၅)နှစ် မောင်းနှင်လာသည့် ALPHARD မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၈ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြိတ်၊ မော်လမြိုင်နှင့် လောက်ကိုင်မြို့တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော်  ဒီဇင်ဘာ ၂၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် မြိတ်မြို့နယ် ပဆွပ်ကျေးရွာအုပ်စု မရမ်းပင်ချောင်းကျေးရွာအနီးတွင် မျိုးဇော်ထိုက်ကို ဆာလာအိတ် တစ်လုံးနှင့်အတူ မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ ကိုလည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်လမြိုင်မြို့ ကွင်းရပ်ရပ်ကွက် ဇင်ယော်လမ်း အိမ်အမှတ်(၂၀)ရှိ ဇာနည်(ခ)အရွှတ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၇၈ ပြားကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဒီဇင်ဘာ ၂၂ ရက် ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့ အမှတ်(၂)ရပ်ကွက်ရှိ ရွှေစန်း(ခ)လောက်စန်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၇၄၄ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။ **ရဲပြန်ကြား**

## မလေးရှားနိုင်ငံသို့ ပို့ဆောင်၍ လုပ်အားခငွေများ ခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော်  ဒီဇင်ဘာ ၂၃**

မလေးရှားနိုင်ငံသို့ ပို့ဆောင်၍ လုပ်အားခငွေများ ခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် တောပြားကြီးကျေးရွာအုပ်စု မင်းခေါင်းဆေးကျေးရွာနေ ဇော်ဝင်းက ကျွန်းစုမြို့နယ်နေ မောင် --- (၂၂ နှစ်)နှင့် မောင်---(၂၀နှစ်)တို့အား မလေးရှားနိုင်ငံရှိ စားသောက်ဆိုင်တွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ရင်းဂစ် ၁၂၀၀ ရမည်ဟု  စည်းရုံးပြောဆို၍ မလေးရှားနိုင်ငံသို့ ပို့ဆောင်ကာ လုပ်အားခငွေများအား ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ကျွန်းစုမြို့မရဲစခန်း (ပ) ၅၉/ ၂၀၂၀ နှင့် (ပ) ၇၅/ ၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၅ တို့ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မြိတ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၂ ရက်တွင် တရားခံ ဇော်ဝင်းအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၅  အရ တစ်မှုလျှင် အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်စီဖြင့် ပေါင်း ၁၄ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၁၂-၂၀၂၁ သောကြာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ဓမ္မစက္ကသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** အသေးစားလုပ်ငန်းထူထောင်ရေး မှသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုဆီသို့
**၀၉:၁၅** မျက်မှောက်ရေးရာအဖြာဖြာ
**၀၉:၄၅** Soccer View
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၅** လူမှုစီးပွားမြင်ကွင်းများ
**၁၂:၃၀** တပ်မတော်(ရေ)နေ့ဂုဏ်ပြုဇာတ်လမ်း 'အဏ္ဏဝါအလှ ထာဝရတည်စေ' (အပိုင်း-၁)
**၁၃:၃၀** MRTV National News
**၁၄:၀၀** တပ်မတော်(ရေ)နေ့ဂုဏ်ပြုဇာတ်လမ်း 'အဏ္ဏဝါအလှ ထာဝရတည်စေ' (ဇာတ်သိမ်းပိုင်း)
**၁၅:၀၀** ဝေဟင်ထက်ကတရုတ်ပြည်(အပိုင်း-၁) 'ကျွဲကျွန်းပြည်နယ်'
**၁၆:၃၅** Weekly Sports Info
**၁၇:၁၀** စုပါစာအုပ် 'ပျောက်သောသား'
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဝါးဝါး အချစ်ချိုချို' (အပိုင်း-၉)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** 'တူယှဉ်ရှဲပျော် ဂီတပွဲတော်' သီချင်းဆိုပြိုင်ပွဲ (ပွဲစဉ်-၅) တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

သောကြာနေ့ ညတိုင်းတွင် တေးဂီတပျော်ပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** News
**07:27** Global Partnership for Brighter Future: Laos Pavilion at Expo 2020 Dubai
**07:36** An Da Yel Kin (Htar)
**07:45** Patchwork Bags
**08:01** Dances of Myanmar: Rvwang Azulam Dance
**08:06** Lawka Nandar Wildlife Sanctuary And Its Rare Star Tortoises
**08:30** Talking Shwe Thway (Children Journal)
**08:42** Up Against The Tide
**09:01** Kayin Child Boxer
**09:12** Irrawaddy Dolphin (Part-2)
**09:26** Lines & Wash Painting
**09:33** Myanmar Traditional Instruments (MYANMA OBOE)
**10:01** Discovering Tribes "Rvwang" Their Life and Customs (Part-2)

**MRTV NRC**

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
နေပြည်တော်တိရိစ္ဆာန်ဥယျာဉ်
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
လွှဲကြီးကျေးရွာသို့အလည်တစ်ခေါက်
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ
**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ရင်သားကင်ဆာအကြောင်းသိကောင်းစရာ
**ချင်း (ချိူး) (၁၀:၀၀ မှ ၁၁:၀၀)**
နေပြည်တော်အထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာချင်းရိုးရာအိမ်
**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မျှစ်ချဉ်နှင့်ငါးရံ့ဟင်း
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ရခိုင်မုန့်တီ
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
သာယာလှပတဲ့နမ့်ပေးရေတံခွန်ဆီသို့
**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၂)
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ပျားမွေးမြူရေး
**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၅)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'စနာတတ်သူတာဝန်ယူ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း-၇)
**၁၁:၀၀** ရွှေချယ်တင်မြှောက်ပုံစနစ်အမျိုးမျိုးအကြောင်းသိကောင်းစရာ (အပိုင်း-၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။


# ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဒီဇင်ဘာလ ၂၅ ရက် စနေနေ့တွင် ထွက်ရှိမည့် သဒ္ဓါတရားအလွန်ထက်သန်သော သူဆင်းရဲမလေးမစံ ပယ်အကြောင်း သရုပ်ဖော်ထားသည့် "သဒ္ဓါစိတ်" မျက်နှာဖုံးကာတွန်း၊ ဆောင်းဥတုအချိန်လေ့လာမှတ်သားဖွယ်ရာများကို တင်ဆက်ထားသည့် "ဆောင်းဥတု၏ အအေးဆုံးအပူချိန်" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ပါဝင်သရုပ်ဖော်ထားသည့် ကာတွန်းလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ အိမ်သန့်ရှင်းရေးကို ကိုယ်တိုင်လုပ်ကာ ကိုယ်တိုင်ထမင်းချက်တတ်သည်ဆိုသော ဂူဂူးအကြောင်း သရုပ်ဖော်ထားသည့် ဖြိုးရဲနှင့် ဂူဂူး နှစ်မျက်နှာကာတွန်း၊ မိဘအပေါ် ကိုယ်ချင်းစာနာစိတ်ဖြင့် ပြုမူလိုက်သည့် မိမိ၏အပြုအမူကို ပြန်တွေးမိတိုင်း လွန်စွာကျေနပ်အားရဖြစ်နေသော လွှမ်းမိုးအောင် အကြောင်းရေးဖွဲ့ထားသည့် "စာနာနားလည်စိတ်" ဝတ္ထုကဏ္ဍ၊ အဘွားကိုကြောက်သော ကီးကီးနှင့် အဘွားကို မကြောက်သောဘိုးဘိုးတို့အကြောင်း သရုပ်ဖော်ထားသည့် "ကီးကီးနှင့် ဘိုးဘိုး" တစ်မျက်နှာကာတွန်း၊ နဂါးတစ်ကောင်နှင့် အချစ်ဆုံးသူငယ်ချင်းဖြစ်နေသော နတ်သမီးလေးအကြောင်း ဥဏ်စမ်းကဏ္ဍ၊ အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်သည်။ **သတင်းစဉ်**




## သတိပေး နှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံတကာနှစ်သစ်ကူးအကြိုကာလနှင့် နှစ်သစ်ကူးနေ့ရက်တို့တွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး (ရှူးဒိုင်း) များကို ပစ်ဖောက်မှုကြောင့် ပြည်သူများအထိတ်တလန့်မဖြစ်စေရေး၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး (ရှူးဒိုင်း) များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၁၂ - ၂၀၂၁

### ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၁၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၀၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၁၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၀၈၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၅၀/၁၂၈၀ ကျပ် | ၁၂၉၀/၁၃၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၆၀/၁၃၀၀ ကျပ် | ၁၃၁၀/၁၃၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၇၅/၁၃၀၅ ကျပ် | ၁၃၃၅/၁၃၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၂၅/၁၃၇၀ ကျပ် | ၁၄၅၀/၁၄၆၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၁၂ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၃၀၇ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၂ . ၉၈၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၅၅ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၂၂ . ၈၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၇၉ . ၁၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၃ . ၆၂၃ |

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၄၀၀ | ၁၄၆ | ၁၂၂၆၄၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၈၁ | ၂၅၁၁၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၁ | ၁၉၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၉၀၀ | ၂၉၀၀ | ၁၀ | ၂၉၀၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီဆွေ၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ခရစ္စမတ်ကာလကို ငြိမ်းချမ်းစွာ ဖြတ်သန်းသွားစေလို

မောင်သောင်းဝင်း(တမန်ဟောင်း)

**နှစ်စဉ် ဒီဇင်ဘာလ ၂၅ ရက်သည် ခရစ္စမတ်နေ့ဖြစ်သည်။ နှစ်စဉ်ထိုနေ့တွင် ကမ္ဘာတစ်ဝန်းလုံးအလှူအတန်းများနှင့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ကြသည်။ အထူးသဖြင့် လူငယ်များသည် လူကြီးမိဘများထံမှ ခရစ္စမတ်လက်ဆောင်များနှင့် ခရစ္စမတ်ကတ်များရရှိကြသဖြင့် မျက်နှာများပေါ်တွင် အပြုံးများ ဖုံးလွှမ်းလျက်ရှိသည်။ လူငယ်များ၏ ပျော်ရွှင်မှုသည် လူကြီးများကိုကူးစက်စေပါသည်။ စင်စစ်အားဖြင့် လူကြီးများသည်လူငယ်များကို ယဉ်ကျေးသိမ်မွေ့မှုရှိစေရန်၊ ကူညီရိုင်းပင်းတတ်စေရန်၊ ပေးကမ်းစွန့်ကြဲတတ်စေရန်နှင့် မကောင်းမှုရှောင်၍ ကောင်းမှုဆောင်တတ်စေရန်အတွက် သက်ဆိုင်ရာဘာသာတရား၏ အဆုံးအမ၊ အစဉ်အလာတို့ဖြင့် စည်းရုံးဆောင်ရွက်ထားခြင်းဖြစ်သည်။**

## ခရစ္စမတ်နေ့ဆိုသည်မှာ

ယေရှုခရစ်တော်ဖွားမြင်သည့်နေ့ကို အတိအကျ မသိရှိရသော်လည်း ကမ္ဘာတစ်ဝန်း၌ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ခရစ်တော်မွေးနေ့ (Christmas Day) အဖြစ် ကျင်းပကြသည်။ ဘာသာရေးနှင့် ယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သည်။ ခရစ်ယာန်ဘာသာဝင်မဟုတ်သော နိုင်ငံများတွင်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ မြန်မာနိုင်ငံတွင်လည်း ခရစ္စမတ်နေ့အခမ်းအနားများ ကျင်းပလေ့ရှိသည်။ ထိုနေ့တွင် ကမ္ဘာတစ်ဝန်း၌ အစိုးရရုံး၊ ဌာနများနှင့် ကုမ္ပဏီများပိတ်ထားကြသည်။ အချို့သောနိုင်ငံများတွင် ထိုနေ့မှစ၍ နှစ်သစ်ကူးနေ့ (New Year Day) အထိ ရက်ရှည်ရုံးပိတ်ပေးထားလေ့ရှိသည်။ မြန်မာသင်္ကြန်ကာလ ရုံးပိတ်ရက်ကဲ့သို့ပင်ဖြစ်သည်။ သို့သော် ယခုနှစ် ခရစ္စမတ်ရာသီသည် ယခင်နှစ်များလို စည်စည်ကားကားရှိမည်တော့ မဟုတ်ချေ။ အေးဆေးတိတ်ဆိတ်စွာဖြင့် ဖြတ်သန်းကြရတော့မည်ဖြစ်သည်။ မည်သည့်အရာမျှ ကျန်းမာရေးလောက် အရေးမကြီးပေ။

## ကြိုတင်ပြင်ဆင်

အမှန်တော့ နှစ်စဉ် ဒီဇင်ဘာလဆန်းပြီဆိုသည်နှင့် လူကြီး၊ လူငယ်၊ လူလတ် အသက်အရွယ်အားလုံးသည် ခရစ္စမတ်ကာလအတွက် ကြိုတင်ပြင်ဆင်ခြင်းဖြင့် အလုပ်ရှုပ်နေကြသည်။ အားလုံးသည် ခရစ္စမတ်ကာလတွင် အပြန်အလှန်လက်ဆောင်ပေးသွားမည်၊ အလှူအတန်းပြုမည်၊ မိသားစုများဆုံစည်းမည်၊ ချက်ပြုတ်စားကြမည်၊ ပျော်ပွဲစားထွက်မည်ဆိုသော အပျော်စိတ်များဖြင့် ကြည်နူးနေကြသည်။မည်သည့်ဘာသာ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွင်မဆို လှူဒါန်းပေးကမ်းခြင်းကိုသာ အခြေခံထားလေ့ရှိသည်။ ဗုဒ္ဓဘာသာရှုထောင့်မှ ကြည့်မည်ဆိုလျှင် လုပ်ဆောင်မှုမှန်သမျှတွင် ဒါနကိုသာ အခြေခံထားသည်မဟုတ်ပါလား။

ယခင်နှစ်များကဆိုလျှင် ဒီဇင်ဘာလဆန်းသည်နှင့် ဥရောပနိုင်ငံများတွင် ခရစ္စမတ်နေ့ဂုဏ်ပြုရုပ်ရှင်၊ ဗီဒီယို၊ ရုပ်သံဇာတ်လမ်းတွဲများ၊ သီချင်းများ ထုတ်လွှင့်ပြသလေ့ရှိသည်။ လမ်းများ၊ ကုန်တိုက်များနှင့် အထင်ကရ အဆောက်အအုံများတွင် ခရစ္စမတ်သစ်ပင်များ၊ ရောင်စုံမီးလုံးများဖြင့် အလှဆင်ထားသဖြင့် ညဘက်မြင်ကွင်းသည် ရှုမငြီးစရာပင်ဖြစ်သည်။ ခရစ္စမတ်အကြို အထူးဈေးရောင်းပွဲများလည်း ပြုလုပ်လေ့ရှိသည်။ အနောက်နိုင်ငံများတွင် ကုန်တိုက်ကြီးများ၌ နှစ်ဆန်းကတည်းက တင်ထားသော အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းများကို ခရစ္စမတ်အကြိုကာလတွင် လျှော့ဈေးဖြင့် ရောင်းချပေးလေ့ရှိသည်။ ငွေကြေးချို့တဲ့သူများသည် ခရစ္စမတ်နှင့် နှစ်သစ်ကူးကာလများတွင် လျှော့ဈေးဖြင့် ရောင်းသောပစ္စည်းများကို ဝယ်ယူဖြည့်တင်းထားလေ့ရှိကြသည်။ သို့သော် ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းကတည်းက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လေကြောင်းလိုင်းများနှင့် ခရီးသွားလုပ်ငန်းများ ပိတ်ထားရသည်။ ပြည်သူများမှာလည်း အိမ်ထဲမှာသာနေထိုင်နေရသဖြင့် ကုန်တိုက်များသည် တိတ်ဆိတ်လျက်ရှိသည်။ ခရစ္စမတ်အငွေ့အသက်ကို သိပ်မခံစားရတော့ပေ။ နေ့စဉ်ဘဝကို သတိတရားဖြင့် ဖြတ်သန်းနေကြရသည်။



**မည်သည့်ဘာသာအယူဝါဒတွင်ဖြစ်စေ အနှစ်ချုပ်သည် လိမ္မာယဉ်ကျေးမှုရှိနေစေရန်ပင် ဖြစ်သည်။ ကလေးငယ်များကို ငယ်စဉ်ကတည်းကပင် ဘာသာရေးပွဲတော်များဖြင့် စည်းရုံးထားခြင်းဖြစ်သည်။ ထို့ကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေသည့်တိုင် လူကြီးမိဘများအနေဖြင့် ဒီဇင်ဘာလ ၂၄ ရက် ညပိုင်းတွင် ခရစ္စမတ်သစ်ပင်အောက်၌ Santa Claus ကိုယ်စား ကလေးများအတွက် ခရစ္စမတ်လက်ဆောင်များ ထားပေးသွားသင့်ပေသည်။ ကမ္ဘာတစ်ဝန်း အကျပ်အတည်းများ ရင်ဆိုင်နေရသည့်အချိန်တွင် နေအိမ်တွင်း၌ ပိတ်မိနေသည့် ကလေးများကို စိတ်ထွက်ပေါက်ပေးသည့်အနေဖြင့် ခရစ္စမတ်လက်ဆောင်ပစ္စည်းလေးများ စီစဉ်ပေးသွားသင့်ပါသည်**

## ခရစ္စမတ်ဘိုးဘိုး (Santa Claus)

ခရစ္စမတ်ပွဲတော်ကာလတွင် အဓိကကျသော ဇာတ်ဆောင်သည် ခရစ္စမတ်ဘိုးဘိုး (Santa Claus) ဖြစ်သည်။ Santa Claus သည် အနောက်တိုင်းယဉ်ကျေးမှုအရ ဒဏ္ဍာရီဆန်သော ပုဂ္ဂိုလ်ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် အဖြူရောင်ကော်လံအရှည်ပါသော အနီရောင်ကုတ်အင်္ကျီနှင့် ဘောင်းဘီရှည်အပွကြီးတို့ကိုဝတ်ဆင်ထားပြီး ခါးတွင် ခါးပတ်အနက်ကြီး စည်းထားသည်။ ခေါင်းစွပ်ဦးထုပ်ဆောင်းထားပြီး အနက်ရောင် ဘွတ်ဖိနပ်ရှည်ကြီးကို စီးထားသည်။ Santa Claus သည် ခရစ္စမတ်အကြိုနေ့တွင် ကလေးများအတွက် လက်ဆောင်ပစ္စည်းများ ထည့်ထားသည့် အိတ်ကြီးကို သယ်ဆောင်လာသည်ဟု ယုံကြည်ထားကြသည်။

ခရစ္စမတ်ဘိုးဘိုးသည် ကမ္ဘာတစ်ဝန်းရှိ ကလေးများ၏ အင်အားစာရင်းကို နှစ်စဉ်ပြုစုထားသည်ဟု ဆိုသည်။ လိမ္မာယဉ်ကျေးသော ကလေးများ၊ ဆိုးသွမ်းသော ကလေးများ၊ အပြုအမူရိုင်းစိုင်းသော ကလေးများ၊ နူးညံ့သိမ်မွေ့သော ကလေးများဟူ၍ စာရင်းခွဲခြားပြုစုထားသည်။ ၎င်းသည် ခရစ္စမတ်အကြိုနေ့တွင် လိမ္မာယဉ်ကျေးသော ကလေးများအား ကစားစရာအရုပ်များနှင့် ချောကလက်များ လက်ဆောင်ပေးပြီး ဆိုးသွမ်းသော ကလေးများကို ကျောက်မီးသွေးခဲများပေးသည်ဟု ဆိုသည်။ ကလေးများသည် ခရစ္စမတ်ကာလတွင် လက်ဆောင်ပစ္စည်းများ ရရှိကြမည်ဖြစ်သောကြောင့် ပျော်ရွှင်ကြည်နူးနေကြသည်။

ခရစ္စမတ်ဘိုးဘိုးသည် ထိုသို့ဆောင်ရွက်ပေးခြင်း အမှန်တကယ် ရှိ မရှိကိုမူမည်သူမျှ အတိအကျ ပြောနိုင်မည်မဟုတ်ချေ။ ကလေးများ လိမ္မာယဉ်ကျေးမှုရှိစေရန်အတွက် ခရစ်ယာန်ဘာသာရှုထောင့်အရ ပြောဆိုနေခြင်းလည်း ဖြစ်နိုင်ပါသည်။ အမှန်စင်စစ်မှာမူ လူကြီးမိဘများက ခရစ္စမတ်အကြိုဒီဇင်ဘာလ ၂၄ ရက်နေ့ ညပိုင်း၌ကလေးများ အိပ်မောကျနေသည့်အချိန်တွင် လက်ဆောင်ပစ္စည်းများအား ခရစ္စမတ်သစ်ပင်အောက်တွင် ချပေးထားခြင်းဖြစ်သည်။ ကလေးများသည် ဒီဇင်ဘာလ ၂၅ ရက်နေ့ နံနက်စောစော အိပ်ယာထသည့်အချိန်တွင် ထိုလက်ဆောင်ကို တွေ့သဖြင့် ပျော်ရွှင်ကြည်နူးကြရသည်။ မည်သည့်ဘာသာအယူဝါဒတွင်ဖြစ်စေ အနှစ်ချုပ်သည် လိမ္မာယဉ်ကျေးမှုရှိနေစေရန်ပင်ဖြစ်သည်။ ကလေးငယ်များကို ငယ်စဉ်ကတည်းကပင် ဘာသာရေးပွဲတော်များဖြင့် စည်းရုံးထားခြင်းဖြစ်သည်။ ထို့ကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေသည့်တိုင် လူကြီးမိဘများအနေဖြင့် ဒီဇင်ဘာလ ၂၄ ရက် ညပိုင်းတွင် ခရစ္စမတ်သစ်ပင်အောက်၌ Santa Claus ကိုယ်စား ကလေးများအတွက် ခရစ္စမတ်လက်ဆောင်များ ထားပေးသွားသင့်ပေသည်။ ကမ္ဘာတစ်ဝန်း အကျပ်အတည်းများ ရင်ဆိုင်နေရသည့်အချိန်တွင် နေအိမ်တွင်း၌ ပိတ်မိနေသည့် ကလေးများကို စိတ်ထွက်ပေါက်ပေးသည့်အနေဖြင့် ခရစ္စမတ်လက်ဆောင်ပစ္စည်းလေးများ စီစဉ်ပေးသွားသင့်ပါသည်။

## ကြည်နူးဖွယ်ရာကာလ

ခရစ္စမတ်ပွဲတော်ကာလတွင် မဖြစ်မနေ ပါဝင်သောအရာများသည် ခရစ္စမတ်သစ်ပင်၊ ခရစ္စမတ်ရောင်စုံ မီးလုံးများ၊ မီးရှူး၊ မီးပန်းများနှင့် ခရစ္စမတ်ပန်းကုံးများဖြစ်ကြသည်။ နေအိမ်များ၊ လမ်းများနှင့် ကုန်တိုက်များရှိ ခရစ္စမတ်သစ်ပင်များ၌ ရောင်စုံအလှမီးများ ထွန်းညှိထားကြသည်။ အထူးသဖြင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်းဖြစ်သည်။ တချို့သောနိုင်ငံများသည် ဒီဇင်ဘာလ ၂၄ ရက်တွင် ခရစ္စမတ်အကြိုနေ့ (Christmas Eve) အခမ်းအနားများ ကျင်းပကြသည်။ ထိုနေ့တွင် လူငယ်များသည် နေအိမ်များကို လှည့်လည်၍ ခရစ်ယာန်ဓမ္မတေးသီချင်းများဆိုကာ ဆုတောင်းပေးကြသည်။ တချို့သော အိမ်များသည် ထိုအဖွဲ့ကို အလှူငွေများ၊ လက်ဆောင်များပေးကြသည်။ အပြန်အလှန်မေတ္တာထားခြင်းဖြစ်သည်။ ချစ်စရာကောင်းသော အလေ့အထပင်ဖြစ်သည်။ သို့သော် ယခုနှစ်တွင် လူစုလူဝေး မလုပ်ရသဖြင့် နေအိမ်များသို့ လှည့်လည်ပြီး ခရစ်ယာန်ဓမ္မတေးသီချင်းများ ဖျော်ဖြေနိုင်တော့မည် မဟုတ်ချေ။ မိသားစုအလိုက် မိမိအိမ်မှာပင် ဖြတ်သန်းကြရတော့မည်ဖြစ်သည်။

အနောက်တိုင်းယဉ်ကျေးမှုအရ ရုံး၊ ဌာန၊ ကုမ္ပဏီများသည် ခရစ္စမတ်ပွဲတော်မတိုင်မီ လက်ဆောင်ပစ္စည်းများ ပေးပို့ရန် ကြိုတင်ပြင်ဆင်ကြရသည်။

စင်စစ်အားဖြင့် ခရစ္စမတ်နေ့၏ အနှစ်သာရသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လက်ဆောင်ပေးကြခြင်းဖြစ်သည်။ ခရစ္စမတ်ကတ်များကိုလည်း အပြန်အလှန်ပေးပို့ကာ ဆုမွန်ကောင်းတောင်းကြသည်။ မိတ်ဆွေများ၊ ဆွေမျိုးများနှင့် မိသားစုများ စုစည်းကာရိုးရာ အစားအသောက်များ ချက်ပြုတ်စားသောက်ကြသည်။ ရုံး၊ ဌာနများ၊ ကုမ္ပဏီများသည် ပါတီပွဲများ ကျင်းပကြသည်။ ထိုအခမ်းအနားအပြီးတွင် ခရစ္စမတ်လက်ဆောင်များ အပြန်အလှန်ပေးကြသည်။ အပြန်အလှန် အလှူအတန်းပြုလုပ်ရသောကြောင့် ကြည်နူးစရာအချိန်ကာလပင်ဖြစ်သည်။

## ခရစ္စမတ်ကာလကို ငြိမ်းချမ်းစွာ ဖြတ်သန်းသွားစေလို

မြန်မာနိုင်ငံတွင်လည်း လူငယ်အချို့သည် ခရစ္စမတ်နေ့အခမ်းအနားများ ပြုလုပ်လာကြသည်။ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးပို့ကြသည်။ ထိုသို့ပြုလုပ်ခြင်းသည် အချင်းချင်းမေတ္တာထားလာသဖြင့် ကောင်းမွန်ပါသည်။ သို့သော် ခရစ္စမတ်နေ့တွင် ညဘက်၌ ပါတီပွဲများကျင်းပကာ သောက်စားမူးယစ်မှုများလည်း ရှိလာကြသည်။ မည်သို့ပင်ဆိုစေကာမူ လူတိုင်းသည် လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ ယုံကြည်ခွင့်၊ ပြောဆိုခွင့်၊ ပျော်ရွှင်ကြည်နူးခွင့်များရှိကြပါသည်။ ထိုလွတ်လပ်ခွင့်များသည် မိမိနှင့်မိမိပတ်ဝန်းကျင်ကို ထိခိုက်နစ်နာမှုမရှိစေရန်လည်း လိုအပ်သည်။ လူသည် တစ်ဦးတည်းနေထိုင်သော သတ္တဝါမဟုတ်ချေ။ ပတ်ဝန်းကျင်အသိုက်အဝန်းနှင့် နေထိုင်ကြရသည်။ အထူးသဖြင့် မိမိမွေးဖွားရာ ဒေသ၊ နိုင်ငံ၏ဘာသာတရား၊ ရိုးရာယဉ်ကျေးမှုနှင့် အစဉ်အလာကောင်းများကိုမူ တန်ဖိုးထားတတ်ရန် လိုအပ်ပါသည်။ ထိုသို့တန်ဖိုးထားတတ်သည့် စိတ်သဘောထားကို မျိုးချစ်စိတ်ဓာတ်ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။

*စာမျက်နှာ ၂၁ သို့*

## အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## စားနပ်ရိက္ခာဖူလုံစေရေးအတွက် မျိုးစေ့စုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ကရင်တိုင်းရင်းသား မျိုးစေ့ဘဏ်နှင့် မဟာမဲခေါင်ဒေသ စိုက်ပျိုးရေးနှင့် အသိပညာဖွံ့ဖြိုးတိုးတက်ရေး စင်တာ(GMSAEDC)တို့ ပူးပေါင်း၍ နိုင်ငံ့စားနပ်ရိက္ခာဖူလုံရေးအတွက် အရေးပါလှသော မျိုးစေ့စုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း GMSAEDC မှ သိရသည်။

မျိုးရင်းမျိုးစေ့များကို ရေရှည်ထိန်းသိမ်းထားနိုင်ရေးသည် ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံရေးအတွက်လည်း အရေးပါသကဲ့သို့ စိုက်ပျိုးရေးနိုင်ငံတစ်ခုအတွက် ထုတ်ကုန်တိုးတက်မြင့်မားရေးနှင့် စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးအတွက်လည်း အဓိကနေရာမှ ပါဝင်သည့်အတွက် မြန်မာနိုင်ငံမျိုးစေ့ဘဏ် (Seed Bank) ကို ၁၉၉၀ ပြည့်နှစ်ကပင် ဂျပန်အစိုးရ (JICA) ၏ ကူညီပံ့ပိုးမှုနှင့်အတူ စိုက်ပျိုးရေးသုတေသနဦးစီးဌာနလက်အောက်တွင် နေပြည်တော် ရေဆင်း၌ စတင်တည်ထောင်ကာ မျိုးစေ့စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ မျိုးပွားကာ ဖြန့်ဖြူးခြင်းလုပ်ငန်းများကိုလည်း လုပ်ဆောင်လာခဲ့သည်မှာ နှစ်ပေါင်း ၂၅ နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကရင်ပြည်နယ်တွင်လည်း ကရင့်မျိုးရင်းမျိုးစိတ်များ စုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ယခင်နှစ်များအတွင်းက အကြိမ်အနည်းငယ် ပြုလုပ်ခဲ့ပြီးဖြစ်သော်လည်း ဒေသအခြေအနေနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း စသည့်အကြောင်းအမျိုးမျိုးကြောင့် တောနက်ထဲထိအောင် နေရာဒေသအစုံတွင် စုဆောင်းနိုင်ခြင်း မရှိခဲ့ကြောင်း၊ ထို့ပြင် ယခုနှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မျိုးစေ့စုဆောင်းခြင်းခရီးစဉ်များ ရပ်ဆိုင်းထားသဖြင့် ကရင်တိုင်းရင်းသားညီအစ်ကိုများ နေပြည်တော်ရှိ မျိုးစေ့ဘဏ်သို့ လေ့လာရေးနှင့် အလည်အပတ်ခရီး လာရောက်ကြစဉ်အတွင်း ဒေသခံညီအစ်ကိုများက မျိုးစေ့ကူညီစုဆောင်းပေးရန် တောင်းဆိုဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း GMSAEDC-Greater Mekong Subregion Agricultural and Education Development Center မှ Post Project Coordi-nator ဒေါ်ရီဆွေအေးက ပြောကြားသည်။

ဖာပွန်၊ ကော့ကရိတ်၊ မြဝတီ၊ သံတောင်နှင့် ဘားအံအတွင်းပိုင်းရှိ နေရာများမှ ဒေသမျိုးစိတ်များ စုဆောင်းရေးလုပ်ငန်းစဉ်များကို ဒေသခံများ၏ အကူအညီဖြင့် အသီးသီးလုပ်ဆောင်နေကြရာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်းတွင် မျိုးရင်းမျိုးစေ့များ အမျိုး ၈၀ ခန့် စုဆောင်း ရရှိခဲ့ပြီးဖြစ်သည်။ ဒေသခံများ၏ အကူအညီရယူကာ ပထမဆုံးအကြိမ် ကရင်ပြည်နယ်မှ မျိုးစေ့စုဆောင်းခြင်းအတွက် အမျိုးပေါင်း ၁၀၀ ခန့်ရရှိရေး ရည်မှန်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် စုဆောင်းရရှိထားသော မျိုးများထဲတွင် ဒေသသစ်ခွများ၊ ဟင်းသီးဟင်းရွက်များ၊ ဆေးဖက်ဝင်အပင်များ၊ ပန်းမန်များနှင့် သစ်တောပင်ကြီး မျိုးစေ့များ ပါဝင်ကြောင်း၊ နေပြည်တော်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင်ရှိသော မျိုးစေ့ဘဏ်သည် နှစ်စဉ်နှစ်တိုင်း မျိုးစေ့စုဆောင်းခြင်းကို ၁၉၉၀ ပြည့်နှစ်မှစတင်ကာ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဆောင်ရွက်ခဲ့သော်လည်း ၂၀၁၉ ခုနှစ် နှောင်းပိုင်းမှစ၍ ရောဂါကပ်ဆိုးကြောင့် နှောင့်နှေးဟန့်တားမှုများ ကြုံကြိုက်ခဲ့ရသဖြင့် ရပ်ဝေးဒေသများသို့ သွားရောက်နိုင်ခြင်းမရှိကြောင်း၊ သို့ရာတွင် ဒေသခံများ၏ စိတ်အားထက်သန်မှုကြောင့် ထင်မှတ်မထားလောက်အောင် များစွာသော မျိုးစေ့တို့ကို စုဆောင်းနိုင်ခဲ့ပြီးဖြစ်သကဲ့သို့ ယခုအချိန်ထိ စုဆောင်းနေဆဲဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

၂၀၂၁ ခုနှစ် မိုးရာသီ မျိုးစေ့စုဆောင်းချိန်တွင်မူ လူသူအရောက်အပေါက်ခက်ခဲသည့် ဖာပွန်ဒေသအတွင်းပိုင်းနေရာများတွင်ရှိသော ဒေသမျိုးစိတ်များ စုဆောင်းရေးလုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်လျက်ရှိရာ ယခုနှစ်အတွက် နှစ်ရှည်သီးပင်စားပင်မျိုးစေ့၊ ဆေးဖက်ဝင်ပင်များနှင့် သစ်တောပင်ကြီးမျိုးစေ့ အမျိုးပေါင်း ၂၀ ခန့် ရရှိရေး ရည်မှန်းလုပ်ဆောင်သွားမည်ဖြစ်သည်။ ထို့ပြင် ဒူးရင်းမျိုးကွဲများ၊ မင်းကွတ်၊ ကြက်မောက်၊ စွန်ပလွံ၊ ကနစို၊ သစ်တို၊ ရေငန်း၊ လက်ခုပ်၊ ကျွတ်သီး၊ တညင်၊ သပြု၊ ကဒတ်ဥ၊ မြောက်ဥ၊ ပဒတ်စာ၊ ကွမ်း စသည့် ကမ်းရိုးတန်းရာသီဥတုကို ကြိုက်နှစ်သက်သော မျိုးစိတ်များအား ဦးစားပေးစုဆောင်းပြီး အချို့ကို သုတေသနပြုလုပ်နိုင်ရန် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ရှိ မျိုးထိန်းခြံများတွင် ထိန်းသိမ်းစိုက်ပျိုးထားရှိမည်ဖြစ်ရာ ထိုသို့စုဆောင်းရာတွင် မျိုးစေ့များမှာ ရှားပါးမျိုးစိတ်များဖြစ်ရန် မလိုဘဲ ဒေသမျိုးများကို ထိန်းသိမ်းလိုသည့် ရည်ရွယ်ချက်ဖြင့်သာ စုဆောင်းခြင်းဖြစ်သည်ဟုလည်း သိရသည်။

မျိုးစေ့များကို စနစ်တကျ မှတ်တမ်းယူခြင်း၊ စာရင်းသွင်းခြင်းနှင့် မျိုးပွားထိန်းသိမ်းခြင်းများကို မျိုးစေ့ဘဏ်သို့ ပို့ဆောင်ကာ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ဂျပန်နိုင်ငံရှိ မျိုးစေ့သုတေသနဌာနများသို့ ပို့ဆောင်ကာ ကမ္ဘာ့စားနပ်ရိက္ခာနှင့် သဘာဝရင်းမြစ်များဆိုင်ရာ သိပ္ပံစမ်းသပ်မှုများ ပြုလုပ်သွားနိုင်ရေးအတွက် ရှေးရှုပြီး စုဆောင်းရာတွင် မျိုးစေ့များမှာ ရှားပါးမျိုးစိတ်များ ဖြစ်ရန်မလိုဘဲ မည်သည့်အသုံးဝင်မျိုးစိတ်ကိုမဆို စုဆောင်းနိုင်ကာ မျိုးစေ့စုဆောင်းရာတွင် လူတို့စားသုံးသောအပင်များသာမက တိရစ္ဆာန်ကျွေးသော၊ ဆေးဖက်ဝင်သော၊ စားသုံး၍မရ ဆေးဖက်လည်း မဝင်သည့်တိုင် အသုံးအဆောင်အဖြစ် ပြုလုပ်သော အပင်မျိုးစေ့များကိုလည်း စုဆောင်းပေးနိုင်ကြောင်း၊ ဒေသတွင်းရှိ မူလမျိုးများဖြစ်သော စပါး၊ ပဲ၊ ခရမ်း စသည့် မူလရှေးမျိုးများသာမက ရိုးရာဟင်းများတွင် ထည့်သွင်းချက်ပြုတ်သော တောထွက်ဟင်းသီးဟင်းရွက်များ၊ သစ်ဥသစ်ဖုများ၊ မည်သည့်အပင်မျိုးစိတ်မျိုးစေ့များကိုမဆိုစုဆောင်းနိုင်ပြီး ထိုသို့စုဆောင်းရရှိလာသည့် မျိုးများကို မျိုးစေ့ဘဏ်တွင် မျိုးပွား၍သော်လည်းကောင်း၊ အစေ့ကို သိုလှောင်၍သော်လည်းကောင်း ထားရှိကာ အနာဂတ်စားနပ်ရိက္ခာဖူလုံရေးအတွက် မျိုးသစ်များ မျိုးစပ်သုတေသနပြုလုပ်ခြင်း၊ အထွက်ကောင်းပြီး ရောဂါဒဏ်ခံနိုင်သောမျိုးများ ထုတ်လုပ်ခြင်း၊ အာဟာရဓာတ် ထူးကဲပြည့်ဝသောမျိုးများ ထုတ်လုပ်ခြင်းနှင့် ပြောင်းလဲလာသော ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသည့်မျိုးများ ထုတ်လုပ်ခြင်းတို့တွင် မိဘမျိုးရင်းများအဖြစ်ထားရှိကာ လိုအပ်သောမျိုးရိုးဗီဇ ထုတ်ယူနိုင်ရေး စသည်တို့အတွက် အသုံးချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ကရင်ပြည်နယ်ရှိ ကရင်မိဘမျိုးရင်းမျိုးစေ့များ စုဆောင်းခြင်းလုပ်ငန်းတို့တွင် ပါဝင်ကူညီပေးကြပါရန်နှင့် မျိုးစေ့များကို ကူညီစုဆောင်းပေးပို့လိုပါက Facebook pmrsufESmf (Greater Mekong Subregion Agricultural and Education Development Center) ၏ messager မှတစ်ဆင့် အကြောင်းကြားနိုင်ကြောင်းနှင့် ဌာနမှတစ်ဆင့် နေပြည်တော် မျိုးစေ့ဘဏ်သို့ ထပ်ဆင့်ပေးပို့သွားမည်ဖြစ်ကြောင်း Post Project Coordinator ဒေါ်ရီဆွေအေးထံမှ သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

*စာမျက်နှာ ၂၀ မှ*

ဆိုရလျှင် တစ်ကမ္ဘာလုံး ဆက်စပ်ပြောင်းလဲနေသောခေတ်ကြီးတွင် ယဉ်ကျေးမှုပေါင်းစုံသည် မြန်ဆန်စွာ ထိုးဖောက်ဝင်ရောက်လျက်ရှိသည်။ ထိုအချိန်တွင် မြန်မာလူငယ်များသည် တိုင်းတစ်ပါးယဉ်ကျေးမှုကို အထင်ကြီးပြီး မိမိယဉ်ကျေးမှုအစဉ်အလာများကို မေ့လျော့လာတတ်ကြသည်။ လူငယ်များသည် အတုခိုးမှုမြန်ဆန်ပါသည်။ အားလုံးဝိုင်းဝန်းထိန်းသိမ်းမှုသာမရှိလျှင် အနာဂတ်တွင် မြန်မာ့ယဉ်ကျေးမှုသည် အရိုးပေါ်အရွက်ဖုံးကာ တဖြည်းဖြည်း မှေးမှိန်လာနိုင်ပါသည်။ ဆိုရလျှင် မကြာမီ ခရစ္စမတ်နေ့ရောက်တော့မည်ဖြစ်သည်။ ထိုနေ့တွင် သက်ဆိုင်ရာဘာသာ၏ အနှစ်သာရဖြစ်သော လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးပို့ခြင်း၊ ကလေးငယ်များအား လက်ဆောင်ပစ္စည်းများ ပေးခြင်း၊ အလှူအတန်းပြုခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်းတို့ကို ပြုလုပ်သွားသင့်ပါသည်။ ထိုနေ့ကို အကြောင်းပြု၍ ပါတီပွဲများ၊ ပျော်ပွဲရှင်ပွဲများ ကျင်းပကာ သောက်စားမူးယစ်ရမ်းကားနေမည်ဆိုလျှင် ခရစ္စမတ်နေ့၏ အနှစ်သာရ ပျက်ပြယ်သွားနိုင်သည့်အပြင် လူစုလူဝေးလုပ်သဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုနှုန်းပင် မြင့်တက်လာနိုင်ပေသည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ယဉ်ကျေးသိမ်မွေ့သော မြန်မာလူငယ်များပီပီ ကျန်းမာရေးဆိုင်ရာ စံနှုန်းများနှင့်အညီ အလှူအတန်းနှင့် ကောင်းမှုကုသိုလ်များ ပြုလုပ်ရင်း ခရစ္စမတ်ကာလကို ငြိမ်းချမ်းစွာ ဖြတ်သန်းသွားစေလိုပါသည်။ ။

## မြန်အောင်မြို့နယ် မမြရေလှောင်တမံမှ နွေစပါး ဧက ၅၅၀၀ စိုက်ပျိုးရန် ရေပေးဝေသွားမည်

**မြန်အောင် ဒီဇင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်နှင့် အင်္ဂပူမြို့နယ်အတွင်း နွေစပါး ဧက ၅၅၀၀ စိုက်ပျိုးရန်အတွက် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်ကြောင်း မမြရေလှောင်တမံ တာဝန်ခံထံမှ သိရသည်။



မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ။

ယခုနှစ် နွေစပါးစိုက်ပျိုးရန် မမြရေလှောင်တမံ၌ ရေလှောင် ပမာဏ ဧကပေ ၇၁၅၀၀ သိုလှောင်ထားပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ရေပေးဝေမည်ဖြစ်ကြောင်းနှင့် မမြရေလှောင်တမံ၏ အကျိုးပြုဧရိယာအတွင်း နွေစပါးအပြင် ဆောင်းသီးနှံအဖြစ် မတ်ပဲ၊ ပဲတီစိမ်းများကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။

မမြရေလှောင်တမံ ဆည်ရေဖြင့် နွေစပါးစိုက်ပျိုးမည့် အင်္ဂပူမြို့နယ်နှင့် မြန်အောင်မြို့နယ်အတွင်းရှိ ဆည်ရေသောက်ကျေးရွာများမှ တောင်သူလယ်သမားများအား ကြိုတင်အသိပေးထားပြီး မြန်အောင်မြို့နယ်အတွင်း ကျေးရွာအုပ်စု ရှစ်အုပ်စုတွင် နွေစပါး ဧက ၃၅၀၀၊ အင်္ဂပူမြို့နယ်အတွင်း ကျေးရွာအုပ်စုငါးအုပ်စုတွင် နွေစပါး ဧက ၂၀၀၀ စိုက်ပျိုးနိုင်ရန် မမြရေလှောင်တမံမှ ရေပေးဝေသွားမည်ဖြစ်ကြောင်းနှင့် လက်ဝဲလက်ယာမြောင်းမကြီးများ အပါအဝင် လက်တံမြောင်းများနှင့် တိုက်ရိုက်လက်တံခွဲမြောင်းများတွင် ရေစီးရေလာ ကောင်းမွန်ရေးအတွက်လည်း ဆောင်ရွက်ထားရှိကြောင်း မမြရေလှောင်တမံ တာဝန်ခံထံမှ သိရသည်။

**ဝင်းဗိုလ် (ပြန်/ဆက်)**

## အွန်လိုင်းစနစ်ဖြင့် ရောင်းဝယ်မှုကြောင့် ပြည်တွင်း၌ ထောပတ်သီးဈေးကွက် ပိုမိုတွင်ကျယ်လာ

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၃**

အွန်လိုင်းစနစ်ကိုအသုံးပြုကာ ထောပတ်သီး အရည်အသွေး အာမခံသည့်စနစ်ဖြင့် ရောင်းဝယ်မှုပုံစံသို့ ပြောင်းလဲလာမှုများကြောင့် စားသုံးသူများ၏ ယုံကြည်မှုကို ပိုမိုရရှိလာကာ ပြည်တွင်း၌ ထောပတ်သီးဈေးကွက် ပိုမိုတွင်ကျယ်လာကြောင်း မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောကြားသည်။



ယခုအချိန်ကာလသည် ထောပတ်သီးများ လှိုင်လှိုင်ပေါသည့် ရာသီချိန်ဖြစ်သည့်အတွက် ရပ်နီးရပ်ဝေးမှထွက်ရှိသည့် ထောပတ်သီးမျိုးများ ဈေးကွက်အတွင်းသို့ အပြိုင်အဆိုင် ဝင်ရောက်လျက်ရှိပြီး၊ လက်ရှိတွင် ပြည်ပကို တင်ပို့နိုင်ရန်အတွက် အခက်အခဲများရှိနေခြင်းကြောင့် ပြည်တွင်းဈေးကွက်၌ တွင်ကျယ်စွာရောင်းချနိုင်စေရန် ရောင်းဝယ်မှုပုံစံအမျိုးမျိုးဖြင့် ပြောင်းလဲဆောင်ရွက်လာကြကြောင်း သိရသည်။

"ယခုထောပတ်ရာသီမှာ အွန်လိုင်းစနစ်ကို အသုံးပြုပြီး ပြည်တွင်းဈေးကွက်က စားသုံးသူတွေကို အာမခံစနစ်နဲ့ ရောင်းချပေးနေပါတယ်။ အွန်လိုင်းကနေ ရောင်းချရာမှာလည်း ထောပတ်သီးထွက်ရှိတဲ့ အရပ်ဒေသအသီးသီးက ခြံရှင်တွေတိုင်ပင်ပြီး ရောင်းချသူတွေနဲ့ စားသုံးသူတွေ နှစ်ဦးနှစ်ဖက်အဆင်ပြေတဲ့ဈေးနှုန်းများနဲ့ ညှိနှိုင်းရောင်းချကြတာဖြစ်တဲ့အတွက် နောက်ပိုင်းမှာ ဈေးကွက်အတွင်း ပေါပေါများများ ဝင်ရောက်လာရင် ယခုလက်ရှိဈေးနှုန်းထက် လျော့ကျလာနိုင်တဲ့ အနေအထား ရှိလာနိုင်ပါတယ်" ၎င်းက ပြောသည်။

အဆိုပါ ထောပတ်သီးသည် တစ်နှစ်တစ်ကြိမ်သီးသည့် ရာသီသီးနှံဖြစ်ပြီး ရာသီဥတုအခြေအနေ၊ ပင်လယ်ရေမျက်နှာပြင် အနိမ့်အမြင့်ပေါ်မူတည်ပြီး အသီးပေါ်သည့်အချိန်အနည်းငယ်ကွာခြားကာ စက်တင်ဘာလမှ ဖေဖော်ဝါရီလအထိ ရရှိနိုင်သည်။ ထောပတ်သီးမျိုးကွဲများစွာရှိသည့်အနက် ပြည်တွင်းစားသုံးမှုမြင့်မားသည့် Export တန်းဝင် ဟက်(စ်) ထောပတ်မျိုးများကို ရွေးချယ်ဝယ်ယူစားသုံးမှု ပိုမိုများနေကြောင်းလည်း သိရသည်။

ထောပတ်သီးကို အသီးအရွယ်အစားအလိုက် ဝိတ်ချိန်ခွဲကာ ကီလိုစနစ်ဖြင့် ရောင်းချမှုများပြီး ဟက်(စ်)မျိုး ထောပတ်သီးဆိုပါက A-grade တစ်ကီလိုလျှင် ငွေကျပ် ၉၅၀၀ မှ ၁၀၀၀၀ ဝန်းကျင်၊ B-grade တစ်ကီလိုလျှင် ငွေကျပ် ၈၅၀၀ ဝန်းကျင်၊ C-grade နှင့် C-grade အောက် တစ်ကီလိုလျှင် ငွေကျပ် ၆၅၀၀ မှ ၇၀၀၀ ဝန်းကျင် ရောင်းချကြကြောင်း၊ အလုံးအရွယ်အစားကြီးပြီး အရည်အသွေးကောင်းသည့် ထောပတ်သီး တစ်လုံးလျှင် ပျမ်းမျှငွေကျပ် ၁၅၀၀ ဝန်းကျင် ပေါက်ဈေးရှိနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပေါင်မြို့နယ်၌ ရွေ့လျားစနစ်ဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး

**ပေါင် ဒီဇင်ဘာ ၂၃**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် အကြောင်းအမျိုးမျိုးကြောင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးရန် ကျန်ရှိသည့် အသက်၁၈ နှစ်နှင့်အထက် ပြည်သူများအား ရွေ့လျားစနစ်ဖြင့် ကာကွယ်ဆေးလိုက်လံထိုးနှံပေး



လျက်ရှိရာ ဒီဇင်ဘာ ၂၁ ရက်တွင် ကျေးရွာခုနစ်ရွာမှ ပြည်သူ ၇၀၀ အား ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးလာရောက်ထိုးနှံသူ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုကူညီရေးအဖွဲ့များက အပူချိန်တိုင်းပေးခြင်း၊ သွေးပေါင်ချိန်တိုင်းပေးခြင်းများ ပြုလုပ်ပြီးနောက် ကျန်းမာရေးအခြေအနေအပေါ်မူတည်၍ ကာကွယ်ဆေးများကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ထိုးနှံပေးခဲ့ခြင်းဖြစ်ကာ ပြည်သူများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိုက်ထွန်း၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများ၊ ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင်များက လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**မြို့နယ်(ပြန်/ဆက်)**

## လွတ်လပ်ရေးနေ့အကြိုအားကစားပြိုင်ပွဲနှင့် နံရံကပ်စာစောင်၊ စာအုပ်ပြပွဲများကျင်းပ

**တွံတေး**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို မြို့မဘောလုံးကွင်း၌ ဒီဇင်ဘာ ၂၂ ရက်က စတင်ကျင်းပရာ ရှမ်းစုအသင်းနှင့် ကွမ်းခြံအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲတွင် တွံတေးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ၊ ရပ်ကွက်/ကျေးရွာအသီးသီးမှ အသင်း ၁၀ သင်းက အုပ်စု(၂)အုပ်စုခွဲ၍ ပါဝင်ယှဉ်ပြိုင်ကာ တစ်ရက်လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဗိုလ်လုပွဲကို ဇန်နဝါရီ ၃ ရက် ညနေ ၃ နာရီတွင် မြို့မဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တွံတေးမြို့နယ်တွင် (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ရာ ဘောလုံးပြိုင်ပွဲအပြင် ကြက်တောင်ရိုက်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်၊ မာရသွန်အပြေးပြိုင်ပွဲများလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တွံတေးသား**



**ရန်ကုန်**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့်စာအုပ်ပြပွဲကို တာမွေမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဒီဇင်ဘာ ၂၂ ရက်က ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများ လာရောက်ကြည့်ရှုသည်။

လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံ အကြောင်းများကို ကျောင်းသားကျောင်းသူများ သိရှိနားလည်ပြီး အာဇာနည်ခေါင်းဆောင်ကြီးများ၏ အသက်သွေးချွေးများကို စတေးကာ ရယူပေးခဲ့သည့် လွတ်လပ်ရေးကို အမြတ်တနိုး တန်ဖိုးထားတတ်စေရန်၊ အသိဉာဏ်ပညာ ဗဟုသုတများ ပြည့်စုံကြွယ်ဝသည့် အနာဂတ်မျိုးဆက်သစ် လူတော်လူကောင်းများ ဖြစ်လာစေရန်နှင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

**ကျောင်းကုန်း**

ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို မူလတန်းအဆင့် ကာယဉာဏစွမ်းရည်ပြိုင်ပွဲများကို ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဒီဇင်ဘာ ၂၀ ရက်က ကျင်းပသည်။

ပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ရီရီလွင်က စွမ်းရည်ပြိုင်ပွဲများ ကျင်းပပေးရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဉာဏစွမ်းရည်ပြိုင်ပွဲအဖြစ် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စိတ်ကြိုက်ပန်းချီပြိုင်ပွဲ၊ ကာယစွမ်းရည်ပြိုင်ပွဲအဖြစ် ပူစီပေါင်းဖောက်ပြိုင်ပွဲနှင့် ထိုင်ခုံလုပွဲများ ကျင်းပပေးခဲ့ရာ မြို့သစ်အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသားကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၅/ပဒေသာ)၊ ဦးပိုင်အမှတ်(၂၂)၊ မြေဧရိယာ (၀.၀၅၅)ဧကကို မြေငှားဂရန်အမှုတွဲအမှတ်(၂၉၃/ ၂၀၁၉-၂၀၂၀)အရဦးသန်းဆွေမှ ပိုင်ဆိုင်ထားပြီး အဆိုပါပိုင်ဆိုင်သူမှ ဒေါ်မြမြအေး၉/မရမ(နိုင်)၀၀၇၈၇၇သို့ အမရပူရမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏(၁၉-၁၂-၂၀၁၉)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၇၄၀/၂၀၁၉ ဖြင့် ပြင်ဦးလွင်မှတ်ပုံတင်စာချုပ် စာတမ်းရုံးစာချုပ်စာတမ်းအမှတ်(၂၅၆/၂၀၂၁) အရ ဒေါ်ဖွေးဖွေးဖြူစင်သန့် ၉/ခအဇ(နိုင်)၀၃၇၈၈၆မှ ဝယ်ယူခဲ့ပြီး နောက်ယခုအခါဝယ်ယူပိုင်ထားသူမှ ဂရန်သစ်အမည်ပြောင်းလျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း(၁၅)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ပြင်ဦးလွင် ခရိုင်/မြို့နယ်/အထွေထွေအုပ်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့နယ်**

## သွေးသည်အသက်

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ လမ်း (၉၀)၊ အခန်း(၇ဘီ)၊ အမှတ်(၁၁)နေ ဒေါ်ဖြူဖြူအောင် ၇/ပမန(နိုင်)၀၃၁၅၂၈မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ အကွက်အမှတ်(၉၁/တောင်ပိုင်း)၊ ဦးပိုင်အမှတ်(၁၅ᵃ/၁)၊ ဧရိယာ(၀ဒသမ၃၀၃)ဧကရှိ ဘိုးဘပိုင်မြေ ကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ကျွန်မဒေါ်ဖြူဖြူအောင်မှ မော်လမြိုင်မြို့နယ်စာချုပ်စာတမ်းမှတ် ပုံတင်ရုံး၌ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာသည့် မှတ်ပုံတင်စာချုပ်အမှတ်-၁၁၈/၂၀၂၁ အရ ပိုင်ဆိုင်ထားပြီး မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတွင် ဘိုးဘပိုင်အမည်ပြောင်းအမှုတွဲအမှတ် ၀၁၆/ဘိုးဘ/၂၀၂၁-၂၀၂၂ အရ အမည်ပြောင်းအမှုတွဲ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ထားခြင်းနှင့် ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကျွန်မထံသို့ ခိုင်လုံသော အထောက်အထားများဖြင့်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက ကျွန်မမှ အမည်ပြောင်းအမှုတွဲအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ဖြူဖြူအောင်**
**အမှတ်(၁၁)၊ အခန်း၇(ဘီ)၊ လမ်း(၉၀)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**

# မိုးညှင်းမြို့နယ်၌ အခြေခံပညာကျောင်း ၂၀၀ အနက် ၁၈၀ အထိ ဖွင့်လှစ်၍ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိ

**မိုးညှင်း ဒီဇင်ဘာ ၂၃**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း၌ အခြေခံပညာစာသင်ကျောင်း ၂၀၀ ရှိသည့်အနက် ဒီဇင်ဘာ ၂၂ ရက်အထိ စာသင်ကျောင်း ၁၈၀ ကို ဖွင့်လှစ်ကာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

မိုးညှင်းမြို့နယ်ကို မိမိနေအိမ်တွင်နေထိုင်ရန် (Stay At Home) အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ဒီဇင်ဘာ ၁၁ ရက်က ပယ်ဖျက်လိုက်ပြီးနောက် အခြေခံပညာစာသင်ကျောင်းများကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းမှ စတင်ဖွင့်လှစ်ခဲ့ရာ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျန်းမာရေးဝန်ကြီး ဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်- ၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ပညာသင်ကြားလျက်ရှိသည်။

**ကျောင်းသား ကျောင်းသူ ၁၈၀၀၀ ကျော်ရှိ**

မိုးညှင်းမြို့နယ်အတွင်းမှ လက်ရှိဖွင့်လှစ်ထားသည့် အခြေခံပညာကျောင်းများမှာ အထက ၁၉ ကျောင်း၊ အထက(ခွဲ) ၁၀ ကျောင်း၊ အလကခုနစ်ကျောင်း၊ အလက(ခွဲ) ၁၉ ကျောင်း၊ အမက(လွန်) ၁၈ ကျောင်း၊ အမက ၁၀၄ ကျောင်းနှင့် အမက(ခွဲ)သုံးကျောင်း စုစုပေါင်း အခြေခံပညာကျောင်း ၁၈၀ ဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၁၈၇၈၈ ဦးရှိကြောင်း သိရသည်။

**ဇွဲသူရအောင်(ပြန်/ဆက်)**

# ဘိန်းအစားထိုး ဖွံ့ဖြိုးရေးခြံတွင် လက်ဖက်သီးနှံဆိုင်ရာ တောင်သူပညာပေးဆွေးနွေးပွဲနှင့် ကွင်းသရုပ်ပြပွဲပြုလုပ်

**လောက်ကိုင် ဒီဇင်ဘာ ၂၃**

ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသလောက်ကိုင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန နားလီဘိန်းအစားထိုးဖွံ့ဖြိုးရေးခြံ၌ လက်ဖက်သီးနှံဆိုင်ရာ တောင်သူပညာ ပေးဆွေးနွေးပွဲနှင့် လက်ဖက်အသေးစား ကိုင်းဖြတ်ခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် လောက်ကိုင်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းနိုင်ဝင်းနှင့် ခရိုင်အတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက လက်ဖက်၏ မူရင်းဒေသနှင့် နောက်ခံသမိုင်းအကျဉ်း၊ ရာသီဥတုအခြေအနေ၊ လက်ဖက်စိုက်ပျိုးမြေ၊ လက်ဖက်၏ ရုက္ခဗေဒအမည်နှင့် ရုပ်သွင်လက္ခဏာ၊ လက်ဖက်ပျိုးထောင် မျိုးပွားခြင်း၊ လက်ဖက်စိုက်ပျိုးရန် ကြိုတင်မြေပြုပြင်ခြင်း၊ လက်ဖက်စိုက်ပျိုးခြင်း၊ အရိပ်ပင်များ စိုက်ပျိုးခြင်း၊ လက်ဖက်ပင်ငယ်ကို ပြုစုထိန်းသိမ်းခြင်း၊ လက်ဖက်ရွက်ဆွတ်ခူးခြင်း၊ လက်ဖက်အကိုင်းဖြတ်ပြုပြင်ခြင်း၊ လက်ဖက်ပိုးမွှား ရောဂါကာကွယ်နှိမ်နင်းခြင်းနှင့် လက်ဖက်ထွက်ကုန်ပစ္စည်းများအကြောင်း စသည်တို့ကို တောင်သူများအား ရှင်းလင်းဆွေးနွေးပြီး နားလီဘိန်းအစားထိုး ဖွံ့ဖြိုးရေးခြံအတွင်း စိုက်ပျိုးထားသော ကိုးကန့်လက်ဖက်စိုက်ခင်း ၁ ဒသမ ၂၅ ဧကတွင် ခြံတာဝန်ခံ ဦးတိုးခိုင်က လက်ဖက်သီးနှံအသေးစား ကိုင်းဖြတ်ခြင်းကို လက်တွေ့သရုပ်ပြခဲ့သည်။

ခရိုင်အတွင်း လက်ဖက်သီးနှံ စိုက်ဧက ၆၉၈၃ ဧကရှိသည့်အနက် လောက်ကိုင်မြို့နယ်တွင် ၂၃၁၂ ဧကနှင့် ကုန်းကြမ်းမြို့နယ်တွင် ၄၆၇၁ ဧကရှိပြီး လက်ဖက်အစိုတစ်ဧကအထွက်နှုန်း ၁၇၆ ဒသမ ၆၈ ပိဿာခန့်နှုန်းဖြင့် နှစ်စဉ် လက်ဖက်အစိုပိဿာ ၁၂သိန်းကျော်စိုက်ပျိုးထွက်ရှိကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးမှူးထံမှ သိရသည်။

**သက်ဆွေဦး(စိုက်ပညာ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## လူမှုဝန်ထမ်းဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် လစ်လပ်လျက်ရှိသော လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀(အငယ်တန်းစာရေး၊ လူမှုဝန်ထမ်း(၄)၊ လက်ထောက်နည်းပြ) (၂၃၅)နေရာ၊ လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ လူမှုဝန်ထမ်း(၅) (၂၀)နေရာနှင့် ယာဉ်မောင်း(၅) (၁၅)နေရာခန့်ထားရန်အတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများသည် လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းရုံးများတွင် လျှောက်လွှာများရယူ၍ ၂၇-၁၂-၂၀၂၁ရက်မှ ၁၄-၁-၂၀၂၂ရက်အတွင်း လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ အသေးစိတ်အချက်များကို သိရှိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၏ Website-www.dsw.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

## ကရင်ပြည်နယ်အစိုးရအဖွဲ့
## လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
## ဘားအံမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ၂၀၂၁ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ခုနှစ် မတ်လအထိ (၆)လ ဘဏ္ဍာရေးနှစ်တွင် ပြည်တွင်းနိုင်ငံသားပိုင် ကုမ္ပဏီများအား အောက်ဖော်ပြပါလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

ကရင်ပြည်နယ် ဘားအံမြို့တော်၏ မြို့အင်္ဂါရပ်နှင့်အညီ လုံခြုံရေးစနစ်တည်ဆောက်ခြင်းလုပ်ငန်း (ပထမအဆင့်)။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းများကို (၂၅-၁၂-၂၀၂၁)ရက်မှစ၍ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် ရုံးချိန်အတွင်း သတ်မှတ်နှုန်းထားအတိုင်း ဝယ်ယူနိုင်ပါသည်-

| | |
|---|---|
| **လျှောက်လွှာစတင်ရောင်းချမည့်ရက်** | - ၂၅-၁၂-၂၀၂၁ရက် |
| **နောက်ဆုံးတင်သွင်းရမည့်ရက်နှင့်အချိန်** | - ၂၄-၁-၂၀၂၂ ရက် ညနေ ၃ နာရီ |
| **လျှောက်လွှာရောင်းချ/တင်သွင်းရမည့်နေရာ** | - ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး၊ ဘားအံမြို့ |
| **ဆက်သွယ်ရမည့်ဖုန်း** | - ၀၅၈-၂၁၀၃၀၊ ၀၉-၄၄၇၃၇၅၂၉၉ |

**တင်ဒါကော်မတီ**
**ကရင်ပြည်နယ်အစိုးရအဖွဲ့**

## ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့(အထက) ဒသမတန်း(သင်ရိုးသစ်)မှ မစုမြတ်ချို၏ ဖခင်အမည်မှန်မှာ ဦးအောင်သိန်းချေ ၁၁/ပတန(နိုင်)၀၆၅၉၃၁ ဖြစ်ပါကြောင်း။

**ဦးအောင်သိန်းချေ**

## အမည်မှန်

ဦးမောင်မောင်ကောင်း-ဒေါ်ခင်မျိုးနွယ်တို့၏သား မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အထက(၃) Grade-4မှ မောင်ကောင်းခန့်ဟိန်း၏ အမည်မှန်မှာမောင်ကောင်းသန့်လင်း ဖြစ်ပါကြောင်း။ **မောင်ကောင်းသန့်လင်း**

## ဖခင်အမည်မှန်

လဲချားမြို့နယ်၊ အလက(၁) လဲချား Grade-6မှ စိုင်းဟန်လှိုင်း၏ ဖခင်အမည်မှန်မှာ ဦးအိုက်တူး ၁၃/လရန (နိုင်) ၀၉၆၈၁၅ ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးကြည်စိန်၏သား၊ မတ္တရာမြို့နယ်၊ အထက(ခွဲ) တံငါတောင် Grade-11 မှ မောင်သန်းထိုက်အောင်၏ အမည်မှန်မှာ မောင်သိန်းထိုက်အောင် ဖြစ်ပါကြောင်း။ **မောင်သိန်းထိုက်အောင်**

## ဖခင်အမည်မှန်

ကျုံပျော်မြို့၊ အထက(၁) Grade-10(B)မှ မဆောင်းနှင်းဝေ(ကျောင်းဝင်အမှတ်-၁၂၇၆၅)၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်းအောင် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ အထက(မြင်းကကွင်း)၊ ဒသမတန်း(ဂ)မှ မောင်သီဟဇော်၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်းလင်း ၁၄/မမန(နိုင်)၁၉၇၀၂၅ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေပုလ္လ(၄)လမ်း၊ (ဃ)ရပ်ကွက်၊ အမှတ် ၁၄၁ နေ ဦးညဏ်ဝင်းထွန်း (၁၀/မလမ(နိုင်) ၁၈၇၂၅၇) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သီတာနွယ်လမ်း၊ အမှတ်(၂၇၈)ရှိ(၃ ထပ်ခွဲ)တိုက်၏ ဒါဘာ(ခြေရင်း -B)တိုက်ခန်းအား ဦးဘချို (၁၂/ပဘတ(နိုင်)၀၁၉၉၉၈) ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးညဏ်ဝင်းထွန်းသည် (၂-၁-၂၀၂၀) ရက်တွင် တိုက်ခန်းအရောင်းအဝယ်စာချုပ်ချုပ်ဆို၍ အပြီးအပိုင်လွှဲပြောင်းဝယ်ယူပြီး ပိုင်ဆိုင်ထားသောတိုက်ခန်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးညဏ်ဝင်းထွန်း၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ အဆိုပါတိုက်ခန်းအား ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းတစ်စုံတစ်ရာ စီမံခန့်ခွဲခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်စုထွေး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၃၀)**
**အမှတ်-၈၄/(က)၊ ကာယသုခ(၃)လမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်၊ ဖုန်း-၀၉-၅၁၈၇၂၈၀**

## စာအုပ် စာပေ လူ့မိတ်ဆွေ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## လူမှုဝန်ထမ်းဦးစီးဌာန၊ နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနရှိ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် လစ်လပ်လျက်ရှိသော (လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) အဆင့် ဒုတိယဦးစီးမှူးရာထူး(၃၀)နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်း ပြည့်မီသူများသည် လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် လူမှုဝန်ထမ်းရုံးများတွင် (၁၄-၁-၂၀၂၂)ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) (၃၁-၁-၂၀၂၂)ရက်တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်ရ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်ရမည်။
(ဃ) တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
(င) လုပ်ငန်းလိုအပ်ချက်အရဒေသခံများကို ဦးစားပေးရွေးချယ်ခန့်ထားမည်။
(စ) ဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ရေးဖြေစာမေးပွဲကို လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးချုပ်၌ (၂၂-၁-၂၀၂၂)ရက်နှင့် (၂၃-၁-၂၀၂၂)ရက်များတွင် ကျင်းပမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများကို လူတွေ့စစ်ဆေးရွေးချယ်ခန့်ထားမည် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို လူမှုဝန်ထမ်းဦးစီးဌာန၏ website-www.dsw.gov.mm တွင်လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးချုပ်(နေပြည်တော်)နှင့် တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းရုံးများတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

## ဖခင်အမည်မှန်

မူဆယ်မြို့၊ ဟိုနားရပ်ကွက်၊ အောင်ကိုယ်ပိုင်ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ စိုင်းဟန်နွံခေး၏ ဖခင်အမည်မှန်မှာ ဦးစိုင်းအိုက်ခမ်းစိုင်း ဖြစ်ပါကြောင်း။ **ဦးစိုင်းအိုက်ခမ်းစိုင်း ၁၃/မဆတ(နိုင်)၀၃၂၁၈၃**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၁၈)
## ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌
## ၂၀၂၁ ခုနှစ် တရားမအထွေထွေမှုအမှတ်-၃၂

**ကွယ်လွန်သူ ဦးရာကွတ်အလီ၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

**ဒေါ်ကြည်ကြည်ဆွေ** **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင် (၁၇)၊ ကံ့ကော်လမ်း၊ အမှတ် (၁၄)တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးရာကွတ်အလီ၏ ကျန်ရှိရစ်သော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကွင်းအမှတ် (၅၃၅/ဘီ)၊ အုပ္ပိုရိုးမြောက်ကွင်း၊ ဦးပိုင်အမှတ် (၁၇၉)ရှိ ဧရိယာ ၂ဒသမ၀၁၃ဧကအပေါ်၌ အမွေဆက်ခံခွင့်လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ၎င်း၏သမီးဖြစ်သော ဒေါ်ကြည်ကြည်ဆွေက အမွေဆက်ခံခြင်းအက်ဥပဒေလျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၆ရက် (၁၃၈၃ခုနှစ်၊ ပြာသိုလဆန်း ၅ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးရာကွတ်အလီ၏ ကျန်ရှိရစ်သော ပစ္စည်းတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်ဟုအဆိုရှိသူ ခပ်သိမ်းသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားသူ ဆိုင်ဆိုရန်သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၂၂ခုနှစ်၊ ဇန်နဝါရီ ၆ ရက် (၁၃၈၃ခုနှစ်၊ ပြာသိုလဆန်း ၅ရက်)တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေဆက်ခံခွင့်လက်မှတ်စာမထုတ်ပေးမီ သက်ဆိုင်ရာအမှုတွဲအား ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၁၈နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဒေါ်ကြည်ကြည်ဆွေ၏ လျှောက်လွှာအပေါ်တွင် စစ်ဆေးဆောင်ရွက်ပြီးလျှင် အမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ချစ်ကိုကို)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/တောင်)ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ် (၅၂၃)နေ ဦးဆဲဆူး(ခ)ဦးမိုးဇတ် ၁၀/ပမန(နိုင်)၀၉၁၉၈၉နှင့် ဒေါ်စူပြားမေရီ (BTHG-၀၁၁၂၀၆)တို့၏ သမီးဖြစ်သူ မသွယ်သွယ်ခိုင် (TKA-၀၉၁၉၇၇)သည် မိဘတို့၏ဆိုဆုံးမမှုကို နာခံမှုမရှိခြင်း၊ မိဘတို့၏ဂုဏ်သိက္ခာညှိုးနွမ်းစေသောလုပ်ရပ်များကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ခြင်းတို့ကြောင့် မိဘနှစ်ပါးမှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲခြင်းကြီးစွာ ခံစားခဲ့ရပြီး၊ ကိုယ်စိတ်နှလုံးသုံးပါးစလုံး ထိခိုက်ခဲ့ရပါသည်။ ထို့ကြောင့် မသွယ်သွယ်ခိုင်ကို ယနေ့မှစ၍ ကျွန်ုပ်တို့၏ မိတ်ဆွေများက သမီးအဖြစ်မှ အမွေပြတ်သမီးအဖြစ် စွန့်လွှတ်သတ်မှတ်ပါကြောင်း၊၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့ကို ကျွန်ုပ်တို့၏မိတ်ဆွေများက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ယင်းကဲ့သို့အမွေပြတ်သမီးအဖြစ် စွန့်လွှတ်ကြောင်းနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဆဲဆူး(ခ)ဦးမိုးဇတ်နှင့် ဒေါ်စူပြားမေရီတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | | | |
|---|---|---|---|
| **ဦးမိုးမင်းဆွေ** | **ဒေါ်ခင်မာနွယ်** | **ဦးအောင်မျိုးသူ** | **ဒေါ်နန်းစုမြတ်နိုးထွဋ်** |
| **(LL.B, D.B.L)** | **(LL.B, D.B.L)** | **(LL.B)** | **(LL.B)** |
| **(စဉ်-၁၄၄၀၄)** | **(စဉ်-၁၄၂၆၂)** | **(စဉ်-၁၇၄၆၂)** | **(စဉ်-၁၇၅၉၀)** |

**တရားလွှတ်တော်ရှေ့နေများ**
**Legal Chance Office: အမှတ် (၄၈)၊ နတ်မောက်လမ်းသွယ် (၁)လမ်း၊ ဗိုလ်ချို (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၅၇၅၆၈၂၁၊ ၀၉-၄၃၁၆၇၂၉၆၊ ၀၉-၄၂၀၂၂၁၁၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေရီယာ ၀ ဒသမ ၁၁၀ကေရှိ မြေကွက်အမှတ်(ပ-၂၃၃၂၄)၏ မြေချပါမစ်(စလစ်)မူရင်းပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးအေးမြင့် ၅/ပလန(နိုင်)၀၀၁၁၆၂ (ဘ)ဦးတင်မောင်မှ မြေချပါမစ်(စလစ်)မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင် ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက် မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ရက် ၃၀အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄/ကင်ပွန်းတန်း၊ ဦးပိုင်အမှတ်(၃၊ ၁၄)၊ ဧရိယာ ၃ ဒသမ ၀၁၁ ဧကရှိ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ ဦးအောင်ဇော်နိုင်မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဥရောပအာရှ အဖျော်ယမကာ ကုမ္ပဏီလီမိတက်နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်နေ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးမောင်ပု-ဒေါ်ငွေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးမောင်ပု-ဒေါ်ငွေးတို့၏သမီးကြီးဖြစ်သူ ဒေါ်လှလှ ၉/တကန(နိုင်) ၁၅၄၂၇၇ သည် မိဘများ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် မိဘနှစ်ပါးကို စိတ်ဆင်းရဲအောင်ကြိမ်ဖန်များစွာပြုလုပ်ခြင်း၊ ဒဏ်ရာများရရှိသည်အထိ ကိုယ်ထိလက်ရောက်ပြုလုပ်ခြင်းများကြောင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးမောင်ပု-ဒေါ်ငွေး** | **ဦးဇော်မင်းထွန်း (LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **အမှတ် ၃/၁၅၊ ဇဝနသိဒ္ဓိရပ်ကွက်၊** |
| | **ဥတ္တရသီရိမြို့၊ ဖုန်း-၀၉-၄၂၀၇၃၁၈၈၅** |

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေရီယာ ၀ ဒသမ ၁၁၅ ဧကရှိ ဦးအောင်စိုးသိန်း ၁၀/သထန(နိုင်)၁၀၃၃၉၆ (ဘ)ဦးခင်မောင်လတ် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၀၂၂၂)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၀၄၂/၂၀၂၁ (၁၆-၁၁-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးကျော်ထင်အောင် ၉/မထလ(နိုင်)၀၆၈၉၁၂(ဘ)ဦးမြင့်အောင်ကျော်မှ ဒေါ်သက်သက်ထွန်း ၉/မခန(နိုင်)၀၀၀၉၈၉နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေရီယာ ၀ ဒသမ ၁၁၀ ဧကရှိ ဒေါ်ခင်ငွေး ၁၀/မလမ(နိုင်)၀၄၇၅၈၁ (ဘ)ဦးချင်ချိန် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၁၃၉၁)ကို ရန်ကုန်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၈၆၅၂/၂၀၂၁ (၅-၁၁-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးကုမ္ဘေကျော်(ဘ)ဦးညွန့်ဦး ၈/မဘန(နိုင်)၁၁၆၃၇၆မှ ဒေါ်ဆွေဆွေမြင့် ၉/မထလ (နိုင်)၂၀၆၁၀၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## လမ်းတံတားဌာန
## လမ်းလုပ်ငန်းများအား
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(ဒုတိယအကြိမ်)

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ၂၀၂၁-၂၀၂၂ (အောက်တိုဘာလမှ မတ်လ) ဘဏ္ဍာရေးနှစ်အတွင်း အခြေခံလွှာနှင့် နိုင်လွန်ကတ္တရာလမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လမ်းလုပ်ငန်း(၆)ခုအား တင်ဒါစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါ၍ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အောက်ပါအတိုင်း တင်ဒါလျှောက်လွှာဝယ်ယူတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - | ၂၃-၁၂-၂၀၂၁ရက် |
| (ခ) | **တင်ဒါလျှောက်လွှာရောင်းချခြင်း ပိတ်သိမ်းမည့်ရက်နှင့် အချိန်** | - | ၅-၁-၂၀၂၂ရက် မွန်းလွဲ(၁)နာရီ |
| (ဂ) | **တင်ဒါလျှောက်လွှာတင်သွင်းရမည့် ရက်နှင့် အချိန်** | - | ၆-၁-၂၀၂၂ရက် နံနက် ၉:၃၀နာရီမှ မွန်းလွဲ ၂နာရီ |
| (ဃ) | **တင်ဒါ Lot(၁)စောင်ရောင်းဈေးနှုန်း** | - | ၁၀၀၀၀/-ကျပ် |

၂။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း လမ်းတံတားဌာန၊ ဖုန်း-၀၂-၄၀၃၆၁၇၁ လိုင်းခွဲ ၁၅၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လမ်းတံတားဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးကိုဒဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့် ၅)
### ပြင်ဦးလွင်မြို့နယ်တရားရုံးတော်
### ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၄၅

၁။ ဦးကိုကိုဇော် နှင့် ဦးအင်ခွန်တန်ဆန်
၂။ ဦးညီညီဇော်
**တရားလိုများ** **တရားပြိုင်**

ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၂)၊ ညံတောရပ်၊ အမှတ်(၉၅)နေ ဦးအင်ခွန်တန်ဆန် သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကိုကိုဇော်နှင့် ဦးညီညီဇော်တို့က ပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ခုနှစ် ဒီဇင်ဘာ ၃၀ရက်(၁၃၈၃ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဒီဇင်ဘာ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မီမီဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေရီယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးနေမျိုးထွန်း ၉/တကန (နိုင်)၀၉၈၀၅၇ (ဘ)ဦးသော် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၃၀၇၁၇)ကို မြေကွက်အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်တင်တင်ဝေ ၉/တကန(နိုင်)၂၁၉၄၅၅ (ဘ)ဦးတင်မြမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဧယ/၉၈၃၈၈ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ Saung Yati Aye Co,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

## ပတ်စ်ပို့ပျောက်

ကျွန်မ မပပခိုင် ၈/မသန (နိုင်) ၁၃၄၂၅၀ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 9C/6874 Toyota Estima Emina Cxr10 Mini VAN (4 x 2) R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးဝင်း ၁၂/ကမရ(နိုင်)၀၃၃၆၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၁၉)လမ်း၊ အမှတ် ၇၅၇ နေ ဒေါ်ကေသီဝင်း ၁၂/ဥကမ(နိုင်)၀၀၂၂၀၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မော်တော်ယာဉ်နံပါတ် 5K/4375, TOYOTA ALPHARD ANH10 (Micro Bus)၊ အဖြူရောင်အမျိုးအစားယာဉ်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကေသီဝင်း တစ်ဦးတည်းကသာ ယာဉ်နှင့်ပတ်သက်သော Owner Book၊ ဝယ်ယူပိုင်ဆိုင်ထားသည့်စာချုပ်စာတမ်း၊ ယာဉ်နှင့်ပတ်သက်သည့်အခွန်ပြေစာများ စသည့်စာရွက်စာတမ်းမူရင်းများနှင့်တကွ တရားဝင်ပိုင်ဆိုင်ပါသည်။ ထို့ကြောင့် တခြားမည်သူမျှ အဆိုပါမော်တော်ယာဉ်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရောင်းပိုင်ခွင့်မရှိသူထံမှ ဝယ်ယူခြင်း၊ တစ်နည်းနည်းနှင့် လွှဲပြောင်းခြင်းစသည်တို့ကို လုံးဝမပြုလုပ်ရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်၍ ဥပဒေ နှင့်မညီသည့် မည်သည့်လုပ်ရပ်ကိုမဆို ပြုလုပ်ပါက ဥပဒေကြောင်းအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာမမ(LL.B,D.M.L,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၂၆)**
**အမှတ်(၄၄)၊ ပထမထပ်၊ အခန်း(၁၀)၊ ၃၆ လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၄၃၃၀၀၇၄၊ ၀၉-၇၈၇၁၇၇၈၆၃**

## Imidacloprid အဆိပ်ရှိပစ္စည်းအား ကန့်သတ်သုံးစွဲမည့်ပိုးသတ်ဆေးအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း အသိပေးကြေညာချက်

မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သည် (၂၂-၁၀-၂၀၂၁)ရက်နေ့တွင်ကျင်းပခဲ့သော (၃၄)ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်အရ Imidacloprid အဆိပ်ရှိပစ္စည်းအား (၁-၅-၂၀၂၂) ရက်နေ့မှစတင်၍ မြန်မာနိုင်ငံတွင် မျိုးစေ့လူးနယ်ဆေးအဖြစ်သာ သုံးစွဲရန် ကန့်သတ်ထားသည့်ပိုးသတ်ဆေး (Restricted Pesticide ) အဖြစ် သတ်မှတ်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပိုးသတ်ဆေးလုပ်ငန်းရှင်များသည် Imidacloprid ဆေးအား အပင်ပေါ်ပက်ဖျန်းခြင်း (Foliar Spray) အနေနှင့် အသုံးပြုနိုင်သည့်ထုတ်လုပ်မှုပုံစံ (Formulation Type) ဖြင့်ဈေးကွက်တွင် ဖြန့်ဖြူး ရောင်းချခွင့်ပြုထားသောလက်ကျန်ပစ္စည်းများကို (၁-၅-၂၀၂၂)ရက်နေ့မတိုင်မီ အပြီးရုတ်သိမ်းရန်နှင့် ယင်း Imidacloprid ကို ဆက်လက် အသုံးပြုမည်ဆိုပါက အောက်ပါထုတ်လုပ်မှုပုံစံ (Formulation Type) များသို့ Amend Registration အား ပြန်လည်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာပါသည်-

1. DS – Powder for dry seed treatment ( အခြောက်မျိုးစေ့လူးနယ်ဆေးမှုန့်)
2. LS - Solution for seed treatment (မျိုးစေ့လူးနယ်ရန်ပျော်ရည်)
3. SS - Water soluble powder for seed treatment (မျိုးစေ့ရေဖျော်ဆေးရည်)
4. WS-Water-dispersible powders for slurry seed treatment (မျိုးစေ့လူးနယ်နိုင်သော ရေတွင်ပျံ့နှံ့မှုရှိသော ဆေးမှုန့်)
5. FS-Flowable concentrate for seed treatment (မျိုးစေ့လူးနယ်နိုင်သော ရေဖျော်ဆေးပြင်း)

ထို့အပြင် (၁.၅.၂၀၂၂) ရက်နေ့မှစ၍ Imidacloprid ဆေးအား အပင်ပေါ် ပက်ဖျန်းခြင်း (Foliar Spray) အနေနှင့် အသုံးပြုနိုင်သည့် ထုတ်လုပ်မှုပုံစံ (Formulation Type) ဖြင့် မှတ်ပုံတင်ခွင့်၊ တင်သွင်းခွင့်၊ ရောင်းချခွင့်၊ ဖော်စပ်ခွင့်၊ ပြန်လည်ထုပ်ပိုးခွင့် မပြုကြောင်းနှင့် ဈေးကွက်အတွင်း ဆက်လက်ဖြန့်ဖြူးရောင်းချသုံးစွဲခွင့်ပြုမည် မဟုတ်ကြောင်း၊ စစ်ဆေးတွေ့ရှိပါက ပိုးသတ်ဆေးဥပဒေအရ ထိရောက်စွာအရေးယူရမည်ဖြစ်ပါကြောင်း အသိပေး ကြေညာပါသည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## လမ်းတံတားဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ခုနှစ် မတ်လ ဘဏ္ဍာနှစ် မန္တလေး(၆)မြို့နယ်အတွင်း လမ်းလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သော ကတ္တရာအရည်ပြည့်(၆၀/၇၀)Drum Type ဝယ်ယူခြင်းအား (Open Tender)အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၂၇-၁၂-၂၀၂၁ရက် |
| (ခ) | **တင်ဒါပိတ်မည့်ရက်နှင့် အချိန်** | - | ၁၁-၁-၂၀၂၂ရက်၊ မွန်းတည့် ၁၂:၀၀နာရီ |
| (ဂ) | **တင်ဒါတစ်စောင်ဈေးနှုန်း** | - | ၁၀၀၀၀/- |

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းမည့်ပုံစံများရောင်းချခြင်းနှင့် တင်သွင်းရမည့်နေရာမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနသို့ ဝယ်ယူတင်သွင်းရန်နှင့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လမ်းတံတားဌာန၊ ဖုန်း-၀၂-၄၀၃၆၁၇၁၊ လိုင်းခွဲ-၁၅၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လမ်းတံတားဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပုဂ္ဂလိက ကော်ဖီစိုက်ပျိုးထုတ်လုပ်သူလုပ်ငန်းရှင်များအား အသိပေးအကြောင်းကြားခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ သစ်တောနယ်မြေ(ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော)များအတွင်းရှိ ပုဂ္ဂလိကကော်ဖီစိုက်ပျိုးထုတ်လုပ်သူလုပ်ငန်းရှင်များအနက် သစ်တောဦးစီးဌာနနှင့် စာချုပ်ချုပ်ဆိုရန်ကျန်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် ဆက်သွယ်ဆောင်ရွက်ကြရန်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ကော်ဖီစိုက်ပျိုးလုပ်ကိုင်ခွင့်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ် ဧပြီ ၃၀ ရက်တွင် မြန်မာ့အလင်းနှင့် ကြေးမုံနေ့စဉ်ထုတ်သတင်းစာများတွင် ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၆ ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံနေ့စဉ်ထုတ်သတင်းစာများတွင် ဒုတိယအကြိမ်အဖြစ် လည်းကောင်း၊ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၂၀ ရက်ထုတ် မြန်မာ့အလင်း၊ ကြေးမုံနှင့် မြဝတီသတင်းစာများတွင် တတိယအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်ထုတ် မြန်မာ့အလင်းနှင့်ကြေးမုံနေ့စဉ်ထုတ် သတင်းစာများတွင် နောက်ဆုံးအကြိမ် အဖြစ်လည်းကောင်း ထည့်သွင်း၍ အသိပေးကြော်ငြာခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စာချုပ်ချုပ်ဆို၍ကျန်ရှိသော ကော်ဖီစိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းရှင်များအနေဖြင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နောက်ဆုံးထားပြီး ဆက်သွယ်ဆောင်ရွက်ရန် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။ ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ပုဂ္ဂလိကကော်ဖီစိုက်ပျိုးလုပ်ကိုင်ခွင့်အား ပယ်ဖျက်ပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်းနှင့် အောက်ဖော်ပြပါရုံးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် အသိပေးအကြောင်းကြားအပ်ပါသည်-

**ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၂-၄၀၅၈၁၁၇၊ ၀၉-၄၀၀၃၀၀၇၄၀**
**လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၈၅-၂၀၂၁၅၃၀၊ ၀၉-၅၁၈၈၁၄၆**
**ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၈၅-၂၀၂၂၄၅၃၊ ၀၉-၈၉၉၂၅၉၄၉၀**
**လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၄၄၄၀၂၂၆၁၂၊ ၀၉-၇၉၆၂၅၄၉၂၇**

**စိုက်ပျိုးရေးဦးစီးဌာန**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/5204 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1P/9347 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1P/9417 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမထုနော်
### ကောင်းခါး(ကြီးကြပ်ရေး)ပြည်သူ့စစ်(ဌာနေ) အဖွဲ့ခေါင်းဆောင်
### အသက်(၇၈)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့နယ်၊ ကောင်းခါးကျေးရွာနေ ဒေါ်ဂျာမိုင်၏ခင်ပွန်း ဦးမထုနော်သည် ကောင်းခါးရှိနေအိမ်တွင် ၂၃-၁၂-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီ ၃၀ မိနစ်ခန့်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ**

## ဒေါ်လှလှ
### အသက်(၇၆)နှစ်

တောင်ငူမြို့နေ (ဦးရွှေရင်-ဒေါ်ကြင်လှိုင်)တို့၏သမီးကြီး၊ ဦးသာဇံ-ဒေါ်မြမြ၊ (ဦးလှိုင်ဝင်း)-ဒေါ်ကြည်ဝင်း၊ ဒေါ်ရီရီဝင်း၊ ဦးမျိုးလွင်-ဒေါ်လတ်လတ်၊ ဒေါ်စန်းစန်းလွင်တို့၏အစ်မကြီး၊ ဦးသိန်းထွန်း၏ချစ်လှစွာသောဇနီး၊ ဦးမျိုးထွန်း-ဒေါ်မြသီတာထွန်း၊ ဦးဇော်နိုင်ဦး-ဒေါ်ဇင်မာထွန်း၊ ဦးကျော်ရဲထွန်း-ဒေါ်ခိုင်ခိုင်ဝါ၊ ဦးဝင်းဇော်-ဒေါ်စုကလျာထွန်းတို့၏ ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၂-၁၂-၂၀၂၂ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူ၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၂၂-၁၂-၂၀၂၂ရက် ညနေ ၃နာရီတွင် နေပြည်တော်ကျွေးကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှလှ
### အသက် (၇၆)နှစ်

ပြည်တွင်းအခွန်များဦးစီးဌာန၊ ကချင်ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးကျော်ရဲထွန်း၏မိခင် ဒေါ်လှလှ အသက်(၇၆)နှစ်သည် ၂၂-၁၂-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁ နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ခရေအိမ်ရာ၊ တိုက်အမှတ် (၁၄၃)၊ အခန်း (၁၂)ရှိ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ပြည်တွင်းအခွန်များဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှလှ
### အသက် (၇၆)နှစ်

ပြည်တွင်းအခွန်များဦးစီးဌာန၊ ကချင်ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးကျော်ရဲထွန်း၏မိခင် ဒေါ်လှလှ အသက်(၇၆)နှစ်သည် ၂၂-၁၂-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁ နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ခရေအိမ်ရာ၊ တိုက်အမှတ် (၁၄၃)၊ အခန်း (၁၂)ရှိ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ**
**ရန်ကုန်တိုင်းဒေသကြီး**

## ဝမ်းနည်းကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ ရွှေယင်းမာလမ်း၊ အမှတ်(၅၄၄)နေ ဘိုးဘိုး ဦးသန်းအောင် အသက်(၈၇)နှစ်သည် ၂၁-၁၂-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းပါကြောင်း။

**မြေးဖြစ်သူ**
**KeLvin Kyaw Min**
**Singapore.**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဗိုလ်နီ
### လက်ထောက်ညွှန်ကြားရေးမှူး(လျှပ်စစ်)(ငြိမ်း)
### အသက် (၇၄)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက်၊ နယ်မြေ (၃)နေ ဒေါ်စောကြည်၏ခင်ပွန်း၊ ဦးဗိုလ်နီ၊ လက် ထောက်ညွှန်ကြားရေးမှူး(လျှပ်စစ်)(ငြိမ်း) အသက်(၇၄)နှစ်သည် ၂၂-၁၂-၂၀၂၂ရက် နံနက် ၆:၃၀ နာရီတွင် မိတ္ထီလာမြို့နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး(လျှပ်စစ်)နှင့်**
**အရာထမ်း၊ အမှုထမ်းများ၊ ရေအားလျှပ်စစ်ဌာနခွဲ(၁)၊ မင်းဘူးမြို့၊**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခဒေါက်တာ မြဦး
### ဒုတိယဝန်ကြီး(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာန
### အသက် (၈၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ် (၁၀)ရပ်ကွက်၊ ဦးကွန်းဇော်ရိပ်သာလမ်း၊ အမှတ် ၉(B)နေ ဒေါ်တင်တင်မြ၏ ခင်ပွန်း ဖြစ်သူ ပါမောက္ခဒေါက်တာမြဦး၊ ဒုတိယဝန်ကြီး(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာနသည် ၂၂-၁၂-၂၀၂၂ရက် ညနေ ၅:၂၅ နာရီတွင် အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် -၁၀၀၀)၊ မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**ကျန်းမာရေးဝန်ကြီးဌာန**

## ပါမောက္ခ ဒေါက်တာမြဦး(ပေါင်းတည်)
### ဒုတိယဝန်ကြီး(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာန
### ဒုတိယဗိုလ်မှူးကြီး (ငြိမ်း)၊ ကျောက်ကပ်ရောဂါကုတပ်
### အသက်(၈၂)နှစ်

ပေါင်းတည်မြို့၊ ရွှေတောင်လမ်းနေ (ဦးဘစိန်-ဒေါ်အုံးရင်)တို့၏ သားကြီး၊ သထုံမြို့နေ (ဗိုလ်မှူးလှတင်-ဒေါ်စိန်မြ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဦးကွန်းဇော်ရိပ်သာ၊ ကန်လမ်း၊ အမှတ်(၉-ခ)နေ ဒေါ်တင်တင်မြ၏ ချစ်လှစွာသောခင်ပွန်း၊ ပါ မောက္ခ ဒေါက်တာထွန်းထွန်းဦး-ပါမောက္ခ ဒေါက်တာ ခင်လေးစု၊ ဒေါက်တာမြသူဇာ၊ ဒေါက်တာ မျိုးမြင့်ဦး-ဒေါက်တာမြသီတာ၊ ဒေါက်တာ ကျော်မြင့်လေး-ဒေါ်မြနန္ဒာတို့၏မွေးသဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၂-၁၂-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅:၂၅ နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၂၂ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် တပ်မတော် စစ်သင်္ချိုင်း ခရေပင်လမ်းခွဲ မင်္ဂလာဒုံတွင် မီးသင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

## ပါမောက္ခ ဒေါက်တာမြဦး(ပေါင်းတည်)
### ဒုတိယဝန်ကြီး(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာန
### ဒုတိယဗိုလ်မှူးကြီး (ငြိမ်း)၊ ကျောက်ကပ်ရောဂါကုတပ်
### အသက်(၈၂)နှစ်

ပေါင်းတည်မြို့၊ ရွှေတောင်လမ်းနေ (ဦးဘစိန်-ဒေါ်အုံးရင်)တို့၏သားကြီး၊ သထုံမြို့နေ (ဗိုလ်မှူးလှတင်-ဒေါ်စိန်မြ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဦးကွန်းဇော်ရိပ်သာ၊ ကန်လမ်း၊ အမှတ်(၉-ခ)နေ ဒေါ်တင်တင်မြ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမျိုးမြင့်-ဒေါ်ခင်ရီ)၊ (ဦးမြင့်ရွှေ)-ဒေါ်တင်တင်ထွန်း၊ (ဦးတင်ထွန်း)-ဒေါ်သန်းသန်းဝင်း၊ ဦးခင်မောင်ဝင်း-(ဒေါ်ကြင်အေး)၊ (ဒေါ်ခင်အေးမူ)၊ (ဦးတင်ထွေး)-ဒေါ်ခင်ဝင်းကြည်၊ ဦးဇော်ဝင်း-ဒေါ်တင်တင်ဝင်း၊ဦးသန်းဝေ-ဒေါ်မြင့်မြင့်ထွေးတို့၏အစ်ကိုကြီးသည် ၂၂-၁၂-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅:၂၅ နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၂၂ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် တပ်မတော်စစ်သင်္ချိုင်း ခရေပင်လမ်းခွဲ မင်္ဂလာဒုံတွင် မီးသင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမောင်နှမတစ်စု**

### သုဝဏ္ဏဘူမိသထုံအသင်း(ရန်ကုန်)
## ပါမောက္ခ ဒေါက်တာမြဦး
### ဒုတိယဝန်ကြီး(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာန
### အသက် (၈၂)နှစ်

ရန်ကုန်မြို့နေ အသင်းဝင်အမှတ် -၅၉၈ ဒေါ်တင်တင်မြ၏ ခင်ပွန်း၊ အသင်းနာယက ဖြစ်သော ဆရာကြီး ဒေါက်တာ မြဦးသည် ၂၂-၁၂-၂၀၂၂ရက် ညနေ ၅:၂၅ နာရီတွင် အမှတ် (၁) တပ်မတော်ဆေးရုံ၊ ခုတင် (၁၀၀၀) မင်္ဂလာဒုံတွင် ကွယ်လွန်သွားပါကြောင်းနှင့် ၂၄-၁၂-၂၀၂၂ရက် မွန်းလွဲ ၂ နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ကြောင်း အသင်းသူအသင်းသားများ လိုက်ပါပို့ဆောင်နိုင်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဆရာကြီး ပါမောက္ခဒေါက်တာ မြဦး
### ဒုတိယဝန်ကြီး(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာန
### အသက် (၈၂)နှစ်

ရန်ကုန်မြို့နေ ဒေါ်တင်တင်မြ၏ခင်ပွန်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်ပါမောက္ခချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီးပါမောက္ခ ဒေါက်တာမြဦး (ဒုတိယဝန်ကြီး-ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာနသည် ၂၂-၁၂-၂၀၂၂ရက် ညနေ ၅:၂၅ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာ ထွန်းမြင့်မိသားစုနှင့် ဆရာကြီး၏တပည့်များ**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခဒေါက်တာ မြဦး
### ဒုတိယဝန်ကြီး(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာန
### ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) ကျောက်ကပ်ရောဂါကုတပ်
### အသက် (၈၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၉-ခ)၊ ဦးကွန်းဇော်ရိပ်သာ၊ ကန်လမ်းနေ ဒေါ်တင်တင်မြ၏ခင်ပွန်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး(ငြိမ်း) ဆရာကြီး ပါမောက္ခဒေါက်တာမြဦးသည် ၂၂-၁၂-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့**
**ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဆရာကြီးပါမောက္ခ ဒေါက်တာမြဦး
## ဒုတိယဝန်ကြီး(ငြိမ်း)၊ကျန်းမာရေးဝန်ကြီးဌာန
## အသက်(၈၂)နှစ်

ရန်ကုန်မြို့နေ ဒေါ်တင်တင်မြ၏ ခင်ပွန်း၊ လေးစားချစ်ခင်ရပါသော ကျေးဇူးရှင် ဆရာကြီး ပါမောက္ခဒေါက်တာမြဦး၊ ဒုတိယဝန်ကြီး(ငြိမ်း) (မြန်မာနိုင်ငံတွင်ကင်ဆာရောဂါဆေးပညာတိုးတက်ဖွံ့ဖြိုးရေးအတွက် အထူးတလည်စွမ်းစွမ်းတမံအားပေး ဆောင်ရွက်ခဲ့သူ)သည် ၂၂-၁၂-၂၀၂၂ရက် ညနေ ၅:၂၅နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

**မြန်မာနိုင်ငံကင်ဆာရောဂါဆေးပညာရှင်များအဖွဲ့**
**(Myanmar Oncology Society)**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဆရာကြီးပါမောက္ခ ဒေါက်တာမြဦး
## ဒုတိယဝန်ကြီး(ငြိမ်း)၊ကျန်းမာရေးဝန်ကြီးဌာန
## အသက်(၈၂)နှစ်

ရန်ကုန်မြို့နေ ဒေါ်တင်တင်မြ၏ ခင်ပွန်း၊ လေးစားချစ်ခင်ရပါသော ကျေးဇူးရှင် ဆရာကြီး ပါမောက္ခဒေါက်တာမြဦး၊ ဒုတိယဝန်ကြီး(ငြိမ်း)(မြန်မာနိုင်ငံတွင် ကင်ဆာရောဂါ ဆေးပညာတိုးတက်ဖွံ့ဖြိုးရေးအတွက် အထူးတလည်စွမ်းစွမ်းတမံအားပေး ဆောင်ရွက်ခဲ့သူ)သည် ၂၂-၁၂-၂၀၂၂ရက် ညနေ ၅:၂၅နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

ပါမောက္ခဒေါက်တာစိုးအောင်နှင့်မိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဒေါက်တာ မောင်မောင်စိုး(ခ) Oscar Tin (B.D.S)
### အသက် (၇၃)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်မောင်တင်-ဒေါ်ခင်မမတင်)တို့၏သား၊ ဒေါ်ယဉ်မွန်စိုး-ဒေါက်တာ ဥက္ကာမင်း၊ ဒေါ်မြတ်မွန်စိုး- ဦးဝင်းသူတို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်ဆွေဆွေတင်-(ဦးကျော်စိန်)၊ (ဦးမောင်မောင်ဂိုင်)-ဒေါ်သန်းသန်းဆင့်၊ (ဦးမောင်မောင်ဇော်)-ဒေါ်ယဉ်ယဉ်အေး၊ ဒေါ်ဝေဝေတင်-ဦးဇော်ဝင်းတို့၏ ချစ်လှစွာသော မောင်/အစ်ကိုဖြစ်သူ ဒေါက်တာ မောင်မောင်စိုး(ခ)Oscar Tin သည် ၂၃-၁၂-၂၀၂၂ရက် နံနက် ၁၀နာရီတွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**
(၂၃-၁၂-၂၀၂၂)

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ကျော့(ရေစကြို)
### အသက်(၆၅)နှစ်

ရန်ကုန်မြို့နေ (ဦးတင်မောင်ညွှန့်-ဒေါ်သန်းမြင့်)တို့၏သမီး၊ ရေစကြိုမြို့နေ (ဦးကျော်သန်း-ဒေါ်ခင်ကြည်)တို့၏သမီး ချွေးမ၊ ဦးမောင်ဝင်း(ခ)ဦးဝင်း-ရွှေကြာအိုးကုမ္ပဏီ၏ဇနီး၊ စိုးမြင့်ဝင်း-နန်းဆိုင်မွမ်းခမ်း၊ ကျော်စိုးဝင်း-ဌေးဌေးလွင်၊ နေထက်ဝင်း-ခိုင်ဆုဆုလင်း၊ စိုးသူဝင်း-အေးယုအောင်တို့၏မိခင်၊ သက်မှူးကျော့မြင့်ဝင်း၊ ဥက္ကါကျော်စိုးဝင်း၊ အောင်ကောင်းမြတ်၊ နှင်းအိရွှေရည်ဝင်း၊ စုအိမ့် ရွှေရည်ဝင်းတို့၏ ဘွားဘွားကြီး ဒေါ်တင်တင်ကျော့သည် ၂၃-၁၂-၂၀၂၂ရက်(ကြာသပတေးနေ့) နံနက် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၂၂ရက် (စနေနေ့)နံနက် ၁၀နာရီတွင် ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ စံရိပ်ငြိမ် (၄)လမ်း၊ အမှတ်(၃၄) နေအိမ်မှကားများ ထွက်ခွာပို့ဆောင်၍ မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

**သွေးသည် အသက် သင့်သွေးဖြင့် အသက်ကယ်ပါ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## တရားမဝင်ကုန်သွယ်မှုကဏ္ဍ အင်အားကြီးနေသမျှ တရားဝင်လုပ်ကိုင်သောလုပ်ငန်းများကို အဟန့်အတားဖြစ်စေ

## တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ အောက်တိုဘာလအထိ ကိုးလတာကာလအတွင်း အမှုတွဲ ၁၅၁၆ မှု၊ တန်ဖိုး ငွေကျပ်သန်းပေါင်း ၆၀၆၇ သန်း ဖမ်းဆီးရမိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ (၁/၂၀၂၁) အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၃**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏(၁/၂၀၂၁) အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဦးဝင်းရှိန်၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဒုတိယဝန်ကြီးများ၊ *စာမျက်နှာ ၇ ကော်လံ ၁* ❖


**ယနေ့ သတင်း အညွှန်း**

**ဒီဇင်ဘာ ၂၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇၆ ဦး တွေ့ရှိ**

Omicron (အိုမီခရွန်) ရောဂါပိုး ပျံ့နှံ့သည့်နိုင်ငံပေါင်း ၁၀၆ နိုင်ငံရှိ

စာ - ၁၅

**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် နတ်ချောင်းကျေးရွာအတွင်း လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား အကြမ်းဖက်သမားများက လာရောက်ပစ်ခတ်တိုက်ခိုက်**

ပြည်တွင်းသတင်း | စာ - ၁၈



**ခရစ္စမတ်ကာလကို ငြိမ်းချမ်းစွာ ဖြတ်သန်းသွားစေလို**

ဆောင်းပါး | စာ - ၂၀


## အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး COVAXIN တစ်သန်း လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၂၃**

အိန္ဒိယအစိုးရမှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး COVAXIN တစ်သန်း လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၄ နာရီခွဲတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် အရေးကြီးပုဂ္ဂိုလ်ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် ရှရီ ဟာ့ရှ် ဗာ့ဒ်ဟန် ရှရင်ဂလာ က မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ကိုယ်စားလှယ် ဦးမြင့်ထွန်းဟန်ထံသို့ *စာမျက်နှာ ၁၁ ကော်လံ ၄* ❉

